Land Core Group

မြေယာမဏ္ဍိုင်အဖွဲ့
Land Core Group

# အခွင့်အလမ်း၊ အန္တရာယ်နှင့်ကြီးမားကျယ်ပြန့်လာသော မညီမျှမှုများ

## စီပီ ပြောင်းခင်းများအဖြစ်ပြောင်းလဲသွားသော ယခင်စပါးစိုက်ပျိုးသည့် ရှမ်းပြည်မြောက်ပိုင်းရှိ မီးရှို့တောင်ယာများ



Lead researcher and author: Kevin Woods

December 2015

LIFT
Livelihoods and Food Security Trust Fund

UKaid from the British people
European Union
Australian Aid
Swiss Agency for Development and Cooperation SDC
DANIDA
USAID FROM THE AMERICAN PEOPLE
Government of the Netherlands
SWEDEN
afd AGENCE FRANÇAISE DE DÉVELOPPEMENT
GRAND DUCHY OF LUXEMBOURG
DEVELOPMENT COOPERATION
NEW ZEALAND Aid Programme
Irish Aid Rialtas na hÉireann Government of Ireland

Land Core Group

# အခွင့်အလမ်း၊ အန္တရာယ်နှင့်ကြီးမားကျယ်ပြန့်လာသော မညီမျှမှုများ

*စီပီ ပြောင်းခင်းများအဖြစ်ပြောင်းလဲသွားသော ယခင်စပါးစိုက်ပျိုးသည့် ရှမ်းပြည်မြောက်ပိုင်းရှိ မီးရှို့တောင်ယာများ*

## အသိပေးချက်

ဤသုတေသနစာတမ်းကို သက်မွေးမှုနှင့် စားနပ်ရိက္ခာလုံခြုံရေးရံပုံငွေ (The Livelihoods and Food Security Trust Fund – LIFT)မှ ငွေကြေးအကူအညီဖြင့်ရေးသားခဲ့ပြီး ၎င်းရံပုံငွေ တွင်ထည့်ဝင်လှူဒါန်းထားသည့်နိုင်ငံများနှင့် အဖွဲ့အစည်းတို့မှာ ဩစတေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊  အီတလီ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒန်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှီ ကော်ပိုရေးရှင်းတို့ဖြစ်ကြသည်။ ဤစာတမ်းတွင် ဖော်ပြထားသော သဘောတရားများသည် မည်သည့် LIFT အလှူရှင်တစ်ဖွဲ့တစ်စု၏ တရားဝင်အမြင်အယူအဆကို ကိုယ်စားထင်ဟပ်ပေါ်လွင်ခြင်းမရှိပါ။

## မြေယာမဏ္ဍိုင်

မြေယာမဏ္ဍိုင်အဖွဲ့ (Land Core Group-LCG Myanmar) သည် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းတစ်ခုဖြစ်ပြီးသက်ဆိုင်သူတသီးပုဂ္ဂလများ၊အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ INGOs၊ ဒေသန္တရ အဖွဲ့အစည်းများ LNGOs ပါဝင်သည့် ခြားနားစုံလင်သော ကွန်ယက်များဖြင့် ပူးပေါင်း၍ မြေယာအသုံးချခွင့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေသည့် အဖွဲ့အစည်းဖြစ်သည်။

**မျက်နှာဖုံး ဓါတ်ပုံ-** *စီပီ ပြောင်းခင်းများအဖြစ်ပြောင်းလဲသွားသော ယခင်စပါးစိုက်ပျိုးသည့် ရှမ်းပြည်မြောက်ပိုင်းရှိ မီးရှို့တောင်ယာများ*

**ကိုးကားရန်- ဝုဒ်စ်၊ ကေ ။ ၂၀၁၅ အခွင့်အလမ်း၊ အန္တရာယ် နှင့် ကြီးမားကျယ်ပြန့်လာသော မညီမျှမှုများ**
မြန်မာနိုင်ငံ၊ရှမ်းပြည်နယ်တွင်ရှိ ပြောင်းစိုက်တောင်သူများနှင့်(စီပီ) ချာရိုအင်ပေါက်ဖန် အုပ်စု
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ။ မြန်မာနိုင်ငံ ရန်ကုန်မြို့။
**Land Core Group 2015 ၏ မူပိုင်ဖြစ်သည်။**

# ကျေးဇူးတင်လွှာ

ယခု သုတေသနစီမံကိန်းသည် သက်မွေးမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေးရံပုံငွေ (The Livelihoods and Food Security Trust Fund – LIFT)မှ ငွေကြေးအကူအညီသာ မရရှိခဲ့ပါကဖြစ်နိုင်မည် မဟုတ်ပါ။

မူဝါဒပြောင်းလဲရေးအတွက် လိုအပ်သော လက်တွေ့ကွင်းဆင်း သတင်းအချက်အလက်များ ပိုမိုဆက်စပ်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ဦးရွှေသိန်း ဦးဆောင်သော မြေယာမဏ္ဍိုင်အဖွဲ့သည် ဤစီမံကိန်းအစမှပင် ရက်ရောစွာ လေးလေးနက်နက် တွေးခေါ်ထောက်ပံ့မှုများပြုလုပ်ခဲ့သည်။ အလွန်လိုအပ်လျှက်ရှိသော အဖွဲ့အစည်း ထောက်ပံ့မှု နှင့် လမ်းညွှန်ပေးမှုများအတွက် မြေယာမဏ္ဍိုင်အဖွဲ့အားအထူးကျေးဇူးတင်ရှိပါသည်။

ရှမ်းပြည်နယ်မှ အမည်ကိုမဖော်လိုသော သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကွင်းဆင်းသုတေသနအဖွဲ့များနှင့် လက်ထောက်သုတေသနမှူးနှစ်ဦးတို့ကလည်း သိသိသာသာစိန်ခေါ်မှုများ တောင်းဆိုမှုများရှိသည့်အခြေအနေတွင်ပညာရှင်ပီသ၍ စွမ်းဆောင်ရည်မြင့်မားသော လုပ်ဆောင်မှုများဖြင့် ၎င်းတို့၏အရည်အချင်းတို့ကိုပြသခဲ့သည်။

လယ်ယာလုပ်ငန်းခွင်အခြေအနေများ နှင့်နိုင်ငံတော် မူဝါဒများတိုးတက်စေရန် မျှော်လင့်ချက်ထားကာ ပုဂ္ဂလိက ဘဝများနှင့် သက်မွေးမှု ဘဝများ အကြောင်းတို့ကို ကျေးရွာသူ ကျေးရွာသားများက အချိန်ပေး၍ အားတက်သရော ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြ၍လည်း ကွင်းဆင်းလုပ်ငန်းခွင်ထက် သာလွန်သော ကျေးရွာလေ့လာရေးလုပ်ငန်းခွင်ဖြစ်ခဲ့ပါသည်။

Tobias Jackson (တိုဘီယ ဂျက်ဆင်)က ဤစီမံကိန်းတစ်ခုလုံးကို အစကနဦး မှစ၍ တွန်းတွန်းတိုက်တိုက်ကူညီခဲ့ရုံသာမက ပုံနှိပ်ထုတ်ဝေနိုင်ရန် အစီရင်ခံစာအချော ရေးသားရာတွင်လည်း လိုအပ်သောတည်းဖြတ်မှုများလုပ်ဆောင်ပေးခဲ့ပါသည်။ ထို့နောက် Tobias လုပ်ဆောင်ထားခဲ့သည့်နေရာမှ ပြီးစီးသည်အထိ ရှည်လျားသော သုတေသနလုပ်ငန်းများတွင် တွေ့ရလေ့ရှိသော အခက်အခဲများကို LCG မှ Glenn Hunt က လမ်းညွှန်ကိုင်တွယ်ပေးခဲ့သည်။

အသေးစိတ်စံချိန်စံညွှန်းအများအပြားရှိသော်လည်း မငြီးမညူ မြေပုံများရေးဆွဲပေးသော ဦးဇော်မင်းသိန်းကိုလည်း မှတ်တမ်းတင်အပ်ပါသည်။ အကျဉ်းအားဖြင့် ယခုစီမံကိန်းသည် စုပေါင်းလုပ်ဆောင်ရသော အသင်းအဖွဲ့ အားထုတ်မှုဖြစ်ကာ ကျွန်ုပ် အနေဖြင့်လည်း အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ရသည်ကို လွန်စွာ ဂုဏ်ယူမိပါသည်။

ယခုအစီရင်ခံစာသည် ကွယ်လွန်သူ ကိုဇော်ဝင်းကို ရည်စူးပါသည်။ ဤစီမံကိန်းကိုကျွန်ုပ်နှင့်အတူ စိတ်အားထက်သန်စွာ စတင်ခဲ့သူဖြစ်သော်လည်း အောင်မြင်ပြီးဆုံးသည်ကို မြင်တွေ့ မသွားခဲ့ပေ။ ဆင်းရဲသား လယ်သမားများ၏ လူနေမှုဘဝများအား ဆန်းစစ်လေ့လာနည်းကို သင်ယူရန် သူ၏ငယ်ရွယ်နုပျိုသော စိတ်အားထက်သန်မှုသည် နောင်မျိုးဆက်များအပေါ် လွတ်လပ်ရှင်သန်သော စိတ်ဓါတ်သစ်နှင့် အတူ ဆက်လက်တည်တန့်ပါစေ။

# မာတိကာ


**ကျေးဇူးတင်လွှာ** --- ၂
မာတိကာ ဇယားများ --- ၃
မြေပုံနှင့်စာရင်းဇယား --- ၄
အတိုကောက်ဝေါဟာရများ --- ၅
၁. လေ့လာချက် အကျဉ်းချုပ် --- ၆
၂. အဓိက တွေ့ရှိချက်များ --- ၈
၃. နောက်ခံသမိုင်း --- ၁၀
**၄. သုတေသန မူဘောင်** --- ၁၂
၄.၁ လေ့လာမည့်အကြောင်းအရာ ဖြစ်စဉ်များကို ရွေးချယ်ခြင်း --- ၁၂
၄.၂ သုတေသနမေးခွန်းများနှင့် သုတေသနပြုလုပ်ရန်နည်းလမ်း --- ၁၃
၄.၃ အနာဂတ်သုတေသန --- ၁၅

**၅. မြန်မာ့စိုက်ပျိုးရေး နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု** --- ၁၆
၅.၁ မြန်မာ့စိုက်ပျိုး မူဝါဒ --- ၁၆
၅.လယ်ယာထုတ်လုပ်ရေး၊ မြေပိုင်ဆိုင်မှု နှင့် အခွင့်အရေးများ --- ၁၆
၅.၃ မြေယာအသုံးပြုမှုလက်မှတ်များ --- ၁၆
**၆. လုပ်ကွက်ငယ် ပြောင်းစိုက်သမားများနှင့် ကျေးလက်ကြွေးမြီ** --- **၁၈**
၆.၁ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ် (MADB)-ကုန်သည်များနှင့် ပွဲစားများသို့ချေးငွေများ --- ၁၉
၆.၂ ပုဂ္ဂလိကဘဏ်များ - လယ်သမားများသို့ချေးငွေများ --- ၂၀
၆.၃ တရားမဝင်ငွေချေးငှားသူများ --- ၂၀
**၇. ဒေသတွင်းကျွဲနွားတိရိစ္ဆာန်အစာ ပြောင်းဖူး၏ နိုင်ငံရေးဘောဂဗေဒ** --- **၂၁**
၇.၁ ကမ္ဘာတစ်ဝှမ်း အရှေ့တောင်အာရှရှိ ပြောင်းထုတ်လုပ်ရေးနှင့်ဝယ်လိုအား --- ၂၁
၇.၂ မြန်မာနိုင်ငံ နှင့် ရှမ်းပြည်နယ်ရှိ ပြောင်းဖူးထုတ်လုပ်ရေး --- ၂၁
၇.၃ အရှေ့တောင်အာရှနှင့် မြန်မာတွင် ကန်ထရိုက်လယ်ယာစိုက်ပျိုးခြင်း --- ၂၃
၇.၄ အရှေ့တောင်အာရှနှင့် မြန်မာရှိ စီပီ အုပ်စု --- ၂၃
**၈. အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း** --- ၂၈
၈.၁ ရှမ်းပြည်နယ်မှ အိမ်အမျိုးအစားများ နှင့် ပြောင်းဖူးဝယ်ရောင်းစနစ် --- ၂၈
၈.၂ ချေးငွေသတ်မှတ်ချက်များ --- ၃၀
၈.၃ ကျေးရွာအတွင်း ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခြင်း --- ၃၂
၈.၄ ပထဝီဝင်အနေအထား၊ စိုက်ပျိုးနိုင်မှုအခြေအနေ (စိုက်ပျိုးမှုဂေဟစနစ်) နှင့် နိုင်ငံနောက်ခံသမိုင်း --- ၃၇
၈.၅ ဝင်ငွေစီးဆင်းမှုအတွက် အခြားနည်းလမ်းများ --- ၃၈
၈.၆ ဘိန်း နှင့် ပြောင်းစိုက်ပျိုးမှု နှိုင်းယှဉ်ကြည့်ခြင်း --- ၃၉
၈.၇ စားနပ်ရိက္ခာဖူလုံမှု --- ၄၀
၈.၈ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု --- ၄၁
**နိဂုံး** --- ၄၂
အကြံပြုချက် --- ၄၄
နောက်ဆက်တွဲများ --- ၄၈

# မြေပုံနှင့်စာရင်းဇယားများ


ပုံ (၁) သုတေသနကွင်းဆင်းပြုလုပ်ရာ မြို့နယ်ပြ ရှမ်းပြည်နယ်မြေပုံ------------------------------------------ ၁၃

ပုံ (၂) ရှမ်းပြည်တောင်ပိုင်းရှိ မြို့နယ်အလိုက် စက်မှုပြောင်း စိုက်ပျိုးသည့်ဧကပြမြေပုံ၊ ၂၀၁၃ /၂၀၁၄ ------------ ၂၅

ပုံ (၃) ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ်အလိုက် စက်မှုပြောင်း စိုက်ပျိုးသည့်ဧကပြမြေပုံ၊၂၀၁၃ /၂၀၁၄-------------၂၇

ပုံ (၄) ရှမ်းပြည်နယ်မှ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြပုံ -------------------------------------- ၂၉

ပုံ (၅) မြန်မာနိုင်ငံရှိ လုပ်ငန်းစက်ဝန်းတွင် ပါဝင်ကြသူများ၏ အသေးစိတ်တာဝန်များပြပုံ---------------------- ၃၂

ပုံ(၆) မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မှ စီပီ စိုက်ပျိုးသော ရွာများ၏ ဆင်းရဲချမ်းသာကွာဟလာမှုကို
အချိန်ကာလဖြင့်ယေဘုယျဖော်ပြခြင်း-----------------------------------------------------------------၃၃

ပုံ(၇) ရှမ်းပြည်နယ်မှ ရွာ ၄ ရွာရှိ လူချမ်းသာအိမ်နှင့် ချို့တဲ့သောအိမ် နှိုင်းယှဉ်၍ ၂၀၁၃ ခုနှစ်
စီပီပြောင်းစိုက်ပျိုးမှု ပျမ်းမျှ ကုန်ကျစရိတ်ကို ခွဲခြမ်းစိတ်ဖြာခြင်း-------------------------------------------၃၆

ပုံ(၈) ရှမ်းပြည်နယ်မှ ရွာ ၄ ရွာရှိ လူချမ်းသာအိမ်နှင့် ချို့တဲ့သောအိမ် နှိုင်းယှဉ်၍ ၂၀၁၃ ခုနှစ်
စီပီပြောင်းစိုက်ပျိုးမှု တစ်ဧကချင်း ပျမ်းမျှ အမြတ်ငွေကို ခွဲခြမ်းစိတ်ဖြာခြင်း--------------------------------------၃၆

ဇယားအမှတ် (၁) ရှမ်းပြည်တောင်ပိုင်း စက်မှုပြောင်းစိုက်ပျိုးမှု(ဧက) ၂၀၁၃/ ၂၀၁၄------------------------------ ၂၄

ဇယားအမှတ် (၂) ရှမ်းပြည်မြောက်ပိုင်း စက်မှုပြောင်းစိုက်ခင်းမှု(ဧက) ၂၀၁၃/ ၂၀၁၄-------------------------------၂၆

ဇယားအမှတ် (၃) ရွာ (၈) ရွာ မှကောက်ယူရရှိသော အချက်အလက်များကိုအခြေခံ၍ အိမ်များကိုအမျိုးအစား
ခွဲခြားခြင်း------------------------------------------------------------------------------------ ၂၈

ဇယားအမှတ် (၄) စီပီ ပြောင်းစိုက်ပျိုးမှုကြောင့် လူမှုစီးပွားရေးအနေအထားကွာဟချက်များအလိုက်
အကျိုးအမြတ်ရရှိမှု ကို ရှမ်းပြည်မြောက်ပိုင်းမှ ရွာ ၄ ရွာကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာခြင်း-------- ၃၅

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| **ACMECS** | Ayeyawaddy-Chao Phraya-Mekong Economic Co-operation Strategy<br>(ဧရာဝတီ ကျောက်ဖရားမဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ) |
| **ASEAN** | Association of Southeast Asian Nations (အာဆီယံ) |
| **CP** | Charoen Pokphand Group (ချာရိုအင်ပေါက်ဖန် အုပ်စု) |
| **FGD** | Focus Group Discussion (ဦးတည်အုပ်စုဆွေးနွေးမှု) |
| **IFI** | International Finance Institutions (နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ) |
| **KNU** | Karen National Union (ကရင်အမျိုးသားအစည်းအရုံး) |
| **LUC** | Land Use Certificate (မြေယာလုပ်ပိုင်ခွင့် လက်မှတ်) |
| **LSLA** | Large-Scale Land Acquisition (မြေယာအမြောက်အများရယူထားခြင်း) |
| **MADB** | Myanmar Agricultural Development Bank<br>(မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ်) |
| **MMK** | Myanmar Kyat ( မြန်မာကျပ်) |
| **MoAI** | Ministry of Agriculture and Irrigation<br>(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) |
| **MOU** | Memorandum of Understanding (အပြန်အလှန်နားလည်မှုစာချွန်လွှာ) |
| **NPK** | Nitrogen-Phosphorus-Potassium (နိုက်ထရိုဂျင် ဖော့စဖိုရပ်စ် ပိုတက်ဆီရမ်) |
| **NSAG** | Non-State Armed Group (အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ) |
| **NTFP** | Non-timber forest product (သစ်မဟုတ်သော သစ်တောထွက် ကုန်ပစ္စည်းများ) |
| **SAC** | Special agricultural development company<br>(အထူးလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ) |
| **SSI** | Semi-structured household interview<br>(ဖွဲ့စည်းပုံ တစ်ဝက်တစ်ပျက် အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းချက်) |

# ၁။ လေ့လာမှု အကျဉ်းချုပ်

ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်လုပ်ငန်းကြီးများအား အထူးအလေးထား၍ မြန်မာနိုင်ငံ စိုက်ပျိုးရေးထုတ်ကုန်သစ်များ၏ ရှုပ်ထွေးသော စီးဆင်းလှုပ်ရှားမှုများကို လေ့လာဆန်းစစ်ရန် LCG မြေယာမဏ္ဍိုင်အဖွဲ့က ဤလေ့လာမှုအား ပြုလုပ်စေခဲ့ပါသည်။

ယခုအချိန်ကာလအတွင်းရရှိနိုင်သော သတင်းအချက်အလက်အနည်းငယ်ဖြင့် ဤသုတေသနကိုလုပ်ဆောင်ထားသောလည်း အထူးသဖြင့် ပုဂ္ဂလိက၊ အစိုးရပိုင်း နှင့် ပြည်သူ့အဖွဲ့ အစည်းများတိုးတက်ရေး ကဏ္ဍများအတွက် ပြောင်းသီးနှံကန်ထရိုက်စိုက်ပျိုးရေး နှင့် တစ်ပိုင်တစ်နိုင် ပိုက်ဆံဖြစ်သီးနှံ စိုက်ပျိုးရေးတို့၏ ယေဘုယျ အလားအလာတို့ကို ဤသုတေသန ကိုဖတ်ရှုခြင်းဖြင့် ပိုမိုနက်ရှိုင်းစွာ နားလည်စေမည်ဟု LCG မြေယာမဏ္ဍိုင်က မျှော်လင့်ပါသည်။

တရုတ်နိုင်ငံ စီးပွားရေးသည် ကမ္ဘာ့အဆင့်သို့တိုးတက်လာသည်ဆိုသော အခြေအနေ တစ်ရပ်ကြောင့်လည်းကောင်း၊ အကျိုးဆက်အားဖြင့် စားနပ်ရိက္ခာ၊ လောင်စာ၊ တိရိစ္ဆာန်စာဝယ်လိုအား တိုးတက်လာခြင်းတို့ကြောင့်လည်းကောင်း၊ အရှေ့တောင်အာရှဒေသတွင် စက်မှုစိုက်ပျိုးရေးစနစ်သည် ယခုအခါ ခိုင်မာစွာ အခြေကျပြီးသည့် စိုက်ပျိုးကုန်ထုတ်နည်းလမ်းဖြစ်လာသည်။

ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများက ထုထည်ကြီးမားသော စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလာကြခြင်းသည် စီးပွားရေးသမားများနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး မွေးမြူရေးသမားများကို အခွင့်အရေးသစ်များ ဖြစ်ပေါ်လာစေသကဲ့သို့ တောင်သူလယ်သမားများ၏ သက်မွေးမှုဘဝများအပါဝင် သဘာဝပတ်ဝန်းကျင်အပေါ် ခြိမ်းခြောက်ထိခိုက်မှုများလည်းရှိသည်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးကျဆင်းမှု ၊မြေ နှင့် စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာ ငွေကြေးကစား မှုများကျယ်ပြန့် လာသည့်အချိန်မှစ၍ ဤအလားအလာများသည် ခိုင်မာလာခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုများ စတင်ဖြစ်ပေါ်လာသည့် အချိန်တွင် မြေယာသိမ်းဆည်းသည့်ကိစ္စများသည် အစိုးရများရင်ဆိုင်နေရသည့် လူသိထင်ရှား ပြဿနာများ ဖြစ်သည်။ ကမ္ဘာ့အနှံ့ အသစ်တဖန် ပြန်လည် ဖြစ်ပွားလာသည့် မြေယာသိမ်းဆည်းမှုများအကြား ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့်နေရာရလာသော လူမှုအဖွဲ့စည်းများလည်း အလားတူ ပြဿနာများကို ရင်ဆိုင်နေရသည်။ အထူးသဖြင့် အတိတ် နှင့် ယခု ပစ္စုပ္ပန် ကာလများတွင်ဖြစ်ပွားသည့် မြေယာသိမ်းဆည်းခံရမှုများ သက်မွေးမှုဘဝ ဆုံးရှုံးမှုများ ကို နိုင်ငံတစ်ဝှမ်းလုံးတွင် ယခုအခါ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားလာကြသည်။ မြေယာပဋိပက္ခများကို ကြိုးစား ဖြေရှင်းရန် ကော်မတီအဖွဲ့အစည်းများအား အစိုးရကဖွဲ့စည်းထားသည်။ တောင်သူလယ်သမားများ၏ မြေယာသိမ်းဆည်းခံရမှု နစ်နာချက်များကို အစိုးရမှ စနစ်တကျကိုင်တွယ်ရန် လူမှုအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ အခြေခံလူတန်းစားကွန်ယက်များက တိုက်တွန်းနိုးဆော်ကြသည်။

မြေယာသိမ်းဆည်းမှုများတွင် အကျိုးအမြတ်ရရှိမှု ရှိ၍သော်လည်းကောင်း ၊ သို့မဟုတ် ရှိနေသည့်တိုင်အောင် ၊ ၎င်းအပြင် ပြည်သူလူထုအပေါ်သက်ရောက်မှု နှင့် မြေဇရိယာချဲ့ထွင်မှုတို့သည် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ပြင်းပြင်းထန်ထန်ဖြစ်နိုင်ချေများရှိနေသော်ငြားလည်း အခြားမြေယာပုံစံ နှင့် သက်မွေးမှုများ သိမ်းဆည်းခံရခြင်းများ၊ စွန့်လွှတ်ရခြင်းများသည် များသောအားဖြင့် မသိရှိလိုက်ရပေ သို့မဟုတ် လျှစ်လျူရှုခံလိုက်ရသည်။ လယ်သမားများအား အကာအကွယ်ပေးမည့် အင်စတီကျူးရှင်းများကို တည်ထောင်ထိန်းသိမ်းပေးသည့်အလုပ်ကို အစိုးရက လုပ်ဆောင်မပေးနိုင်သည့်အပြင် အခြေခံအဆောက်အအုံများ ချို့တဲ့ခြင်း၊ ဈေးကွက်သတင်းအချက်အလက်မရှိခြင်း၊ အတိုးနှုန်းနည်း ငွေချေးငှားမှု မလုပ်ဆောင်ခြင်း၊ ဝင်ငွေနည်းမိသားစုများရှိ ပြဿနာများက ကျေးလက်စီးပွားရေး တစ်ခုလုံးကို အထူးသဖြင့် လယ်သမားများ၏စီးပွားရေး အခွင့်အလမ်းများကို ဆိုးရွားစွာ ကန့်သတ်ထားသည်။ အထူးအားဖြင့် တောင်ပေါ်ဒေသများတွင် ဖြစ်သည်။

တစ်ပိုင်တစ်နိုင်လုပ်ကွက်ငယ်တောင်သူများကို တိုက်ရိုက်ဆက်သွယ်ခြင်းအားဖြင့် ဈေးကွက်၊ သွင်းအားစုနှင့် အရင်းနှီးမရှိခြင်းတို့ကို ဖြေရှင်းကူညီပေးရန် ကန်ထရိုက်လယ်ယာစနစ်က ကြိုးပမ်းသည်။ လာအို နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ကန်ထရိုက်လယ်ယာပုံစံများကို ထောက်ပံ့လုပ်ဆောင်ပေးနေချိန်တွင် တံခါးပိတ်စီးပွားရေးစနစ်ကြောင့်လည်းကောင်း၊

နှစ်ပေါင်းများစွာ ကန့်သတ်ချုပ်ချယ်ထားသည့် နိုင်ငံရေးအခြေအနေများကြောင့်လည်းကောင်း မြန်မာနိုင်ငံတွင် အလားတူအစီအစဉ်များနှင့် အတွေ့အကြုံမှာ အလွန်နည်းပါးလျှက်ရှိသေးသည်။ သို့သော် ဤအခြေအနေများသည် လျှင်မြန်စွာ ပြောင်းလဲသွားမည်ဟု မျှော်လင့်ပါသည်။

မြန်မာ့နိုင်ငံစီးပွားရေး သည် ကမ္ဘာ့ ဈေးကွက်အတွင်းသို့ ဆက်လက်ပွင့်လင်းလာသည် နှင့်အမျှ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီများ၏ တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အပံ့များရထားသော စိုက်ပျိုးရေးဆိုင်ရာ စားနပ်ရိက္ခာ စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့ကုန်စည် စီးဆင်းမှု ကွင်းဆက်ထဲသို့ စိုက်ပျိုးရေးလုပ်ငန်းငယ်များကို ထည့်သွင်းပေါင်းစည်းရန် ကြိုတင်ပြင်ဆင်လျှက်ရှိသည်။ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး လုပ်ပိုင်ခွင့်များအတွက် မြေယာသိမ်းဆည်းမှုပြဿနာများအား ဖော်ပြပါ ကုန်ထုတ်လုပ်ငန်း အခြေအနေများကတိမ်းရှောင်ကျော်လွှားသွားသည်။ ထိုစဉ် အထူးအားဖြင့် မြန်မာနိုင်ငံ၏ ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု နှင့် စိုက်ပျိုးရေးအခြေခံနိုင်ငံရေး ဘောဂဗေဒအခြေအနေတွင် စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာသည်။

ဤ အစီရင်ခံစာတမ်းသည် စိုက်ပျိုးရေးစနစ်ပြောင်းလဲလာပုံကို နှိုင်းယှဉ်လေ့လာထားသည့် သုံးသပ်ချက်တစ်ရပ်ကို အခြေခံထားသော လူမှုစီးပွားရေးကဏ္ဍ ခွဲခြမ်းစိတ်ဖြာ ထားမှုတစ်ရပ် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ မြောက်ပိုင်း ရှမ်းပြည်နယ်တောင်ပေါ်ဒေသများတွင် ချရိုအင်ပေါက်ပန်း အုပ်စု (နောင်တွင် စီပီ အုပ်စုဟု ခေါ်ဝေါ်သုံးစွဲပါမည်။)၏ ကန်ထရိုက်ပြောင်းစိုက်ပျိုးရေး လုပ်ငန်းများကိုလည်း ကွင်းဆင်းသုတေသန ပြုလုပ်ထားသည့် အစီရင်ခံစာလည်းဖြစ်ပါသည်။

ယေဘုယျအားဖြင့် ဤအစီရင်ခံစာသည် ကြီးမားကျယ်ပြန့်လှသည့် ကန်ထရိုက်လယ်ယာလုပ်ငန်းများမှဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို သတိပေးမှတ်ချက်ပေးရန်ဖြစ်ပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းတွင် နောက်ဆုံး၌ အသင့်တော်ဆုံး စည်းကမ်းဥပဒေများ ပေါ်ပေါက်လာစေရန် ဆက်လက်လုပ်ဆောင်မည့် ဆွေးနွေးမှုများ နှင့် လေ့လာဆန်းစစ်မှုများအတွက် ကနဦးစတင်မှုလည်းဖြစ်သည်။ အခြားဒေသများနှင့် မြန်မာနိုင်ငံရှိ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းပုံစံများကို ပိုမိုသုတေသနလုပ်ခြင်းသည် မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသောအခြေအနေများအလိုက် မျှတ၍ အကောင်းဆုံးအလေ့အကျင့် များဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော စိုက်ပျိုးရေးလုပ်ငန်းငယ်များ၏ ကန်ထရိုက်လယ်ယာစနစ်တွင် အပြောင်းအလဲဖြစ်ရန်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးလုပ်သားတို့၏ ရပိုင်ခွင့်များကို မြှင့်တင်ရန် လည်းကောင်း၊ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများကို လျှော့ချရန်လည်းကောင်း၊ ရေရှည်တည်တံ့၍ ပိုမိုမျှတသော ရလာဒ်များရရှိရန်လည်းကောင်း၊ ဆင်းရဲချို့တဲ့သော လုပ်ကွက်ငယ်တောင်သူ စိုက်ပျိုးရေးသမားများအနေဖြင့် မိမိတို့၏ စီးပွားရေးဘဝ အခြေအနေများကို မိမိဘာသာ မိမိပြဋ္ဌာန်းနိုင်သည့် အနေအထားရောက်အောင် အားပေးမြှင့်တင်ရန် လည်းကောင်း ရေရှည်တည်တံ့၍ ပိုမို တရားမျှတသော ရလာဒ်များရရှိလာအောင်လည်းကောင်း ဤအထောက်အထားများကို အသုံးပြုပါမည်။

# ၂။ အဓိကတွေ့ရှိချက်များ

ရှမ်းပြည်နယ်တွင် ထုတ်လုပ်မှုထုထည်အားဖြင့်လည်းကောင်း၊ စိုက်ပျိုးမြေဧကအားဖြင့်လည်းကောင်း၊ စိုက်ပျိုးမြေဧကအကျယ်အဝန်းအားဖြင့်လည်းကောင်း၊ စပါးပြီးလျှင် ဒုတိယအကြီးဆုံးထုတ် လုပ်စိုက်ပျိုးသောအသီးအနှံမှာ ယခုအခါတွင်စက်မှုပြောင်းစိုက်ပျိုးထုတ်လုပ်မှုဖြစ်သည်။

ပြောင်းစေ့ ထုတ်လုပ်ရောင်းချမှုအပေါ်မူတည်၍ CP အုပ်စုခန့်မှန်းချက်မှာ ၇၅၀၀၀၀ ဧကနီးပါးရှိသော်လည်း (၂၀၁၃) ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရကိန်းဂဏန်းများအရပြောင်းစိုက်ခင်းမှာ ဧကတစ်သန်းဝက်မျှရှိသည်။ ၂၀၁၂-၂၀၁၃ခုနှစ်ပြောင်းဆန်ရိတ်သိမ်းချိန်၌ ထွက်သည့် ပြောင်းဆန်ထုသည် တန်ချိန်(၁.၅) သန်းထိရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးထုတ်လုပ် သောစက်မှုပြောင်းသီးနှံအားလုံးသည် နိုင်ငံခြားသို့တင်ပို့ရောင်းချရန် ရည်ရွယ်ပြီး ၄င်း၏ (၇၅%)ထိတရုတ်ပြည်သို့တင်သွင်းသည်။ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်များမှတဆင့် တရားမဝင်တင်ပို့ခြင်းမှရရှိသောကိန်းဂဏန်းများမပါဘဲ ၂၀၁၁/၂၀၁၂ တွင် ပြောင်းသီးနှံ နိုင်ငံခြားတင်ပို့မှုမှာအမေရိကန်ဒေါ်လာသိန်း ၂၀၀ကျော်ရရှိခဲ့သည်ဟု တရားဝင်သိရသည်။

လုပ်ကွက်ငယ်တောင်သူ စိုက်ပျိုးရေးသမားများနှင့် ကုမ္ပဏီများအကြားတရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီချုပ်ဆိုသောစာချုပ်စာတမ်းများမရှိခြင်းသည် လတ်တလောစိုးရိမ်စရာကိစ္စဖြစ်ပြီး ဆုံးရှုံးနိုင်ချေအန္တရယ်မှာ ကုမ္ပဏီများဘက်မှ လယ်သမားဘက်သို့ရွှေ့ပြောင်းလျှက်ရှိသည်။ ထိုကဲ့သို့ တရားမဝင်စာချုပ်စာတမ်း ကင်းမဲ့ခြင်းနှင့်ခြံထွက်တိုက်ရိုက်ရောင်းဈေးတို့အပေါ် ပိုမိုသင့်တင့်မျှတစေအောင် ညှိနှိုင်းစွမ်းအားလျော့ကျစေသည်။ အရပ်ဘက်ပွဲစားများမှ တဆင့်ပွင့်လင်းမှုမရှိသည့် သဘောတူညီချက်များဖြင့် လုပ်ထုံးလုပ်နည်းမကျသောညှိနှိုင်းဆောင်ရွက်မှုများကကုမ္ပဏီ၏တာဝန်ယူမှုကိုကင်းမဲ့စေသည်။ ဆင်းရဲသော၊ သီးနှံထွက်နှုန်းမကောင်းသော လယ်သမားမိသားစုများအပေါ် အချိုးအစားမမျှတစွာဆုံးရှုံးနိုင်ချေမှာ ကျရောက်လျှက်ရှိသည်။

အရင်းအနှီးအနည်းငယ်နှင့်အလယ်အလတ်တန်းရှိသော မိသားစုများအတွက် ပိုက်ဆံဖြစ် သီးနှံCPပြောင်းစိုက်ပျိုးခြင်းသည် စားနပ်ရိက္ခာဝမ်းစာလုံခြုံရေးကိုလျော့ကျစေသည်။ ဝမ်းစာစားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ခြင်းမှ CP ပြောင်းစိုက်၍ အစားအသောက်ဝယ်ယူခြင်းသို့ ပြောင်းလဲသွားခြင်းသည်ဝမ်းစာမလုံခြုံ ဖြစ်ပွားရခြင်းအတွက် အဓိကအကြောင်းရင်းဖြစ်သည်။

မိသားစုပိုင် လယ်မြေအရွယ်အစားနှင့် မတူညီသောမိသားစုအင်အား ရလာဒ်အပေါ်မူတည်၍ပေးသောအမတော်ကြေးရနိုင်ချေအလားအလာများသည် CPပြောင်းစိုက်ပျိုးသည့်ဆင်းရဲသားမိသားစုဝင်များအတွက်ပိုမိုဆိုးရွားလာသည်။ ဝယ်ယူရန်ဈေးငွေမယူဘဲတက်နိုင်သည့် ချမ်းသာသော မိသားစုများအတွက် ဆပွားသက်ရောက်မှုများစွာရှိပြီး ၄င်းတို့အတွက်စီးပွားရေးအရလည်းပိုမို ရွေးချယ်နိုင်စွမ်းဖြစ်စေသည်။ ဆင်းရဲသောမိသားစုများအတွက် မူဆန့်ကျင်ဘက်ဖြစ်စေကာမိသားစုအများစုကပြောင်းစိုက်သောကျေးရွာများတွင် မညီမျှမှုကြီးမားစွာဖြစ်စေသည်။

စိုက်ပျိုးရေးသမားများနှင့် ပွဲစားများအကြားဆက်ဆံရေးသည် ရှမ်းပြည်နယ်တလျှောက်မတူညီသောဒေသ အလိုက်အတိအကျလူမှုဆက်ဆံရေးပုံစံက ကြီးမားစွာလွှမ်းမိုးမှုရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပွဲစားများသည် တရုတ်တိုင်းရင်းသားများဖြစ်ကြပြီး မြို့ပေါ်တွင် အခြေချနေထိုင်ကြသည်။ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် နီးသောတန်ဖိုးပိုမိုကြီးမား သောမြေဧရိယာများအား ဈေးငွေပိုမိုချေးငှားလိုကြကာသင့်လျော်မှုမရှိသောငွေကြေးနှုန်းထားများကိုသတ်မှတ်ကမ်းလှမ်းကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပွဲစားများသည် များသောအားဖြင့် မျိုးနွယ်တူတိုင်းရင်းသားများဖြစ်ကာ ၄င်းတို့၏ဖောက်သည်များနှင့် ရင်းနှီးသောဆက်ဆံရေးရှိသဖြင့် ဈေးငွေပြန်ဆပ်ရန် ကိစ္စများတွင် ပိုမို ပျော့ပြောင်းကြသည်။ အကျိုးဆက်အားဖြင့် တောင်ပိုင်းနှင့် နှိုင်းယှဉ်ကြည့်ပါကမြောက်ပိုင်း၌ အကြွေးထူပြောမှုနှုန်းပိုများသည်။

အကြွေးနစ်နေသော CP ပြောင်းစိုက်ယာသမားများငှင်းတို့၏ CP ပြောင်းစိုက်မှုကိုမရပ်နားနိုင်ရခြင်း အဓိကအကြောင်းအရင်းများထဲမှ အဓိကတစ်ခုမှာမြေဆီလွှာပျက်သုန်းသွားရခြင်းကြောင့် ဖြစ်သည်။ CP ပြောင်း စိုက်ပျိုးပြီးသားထိုမြေသည်လျှင် ဝမ်းစာတွင် သွင်းအားစု အနည်းငယ်သာ အသုံးပြုစိုက်ပျိုးရသော စပါးစိုက် နိုင်လောက်အောင်မြေခံမကောင်းတော့ပေ။ ထို့ကြောင့် သွင်းအားစုများစွာသုံး၍ စိုက်ပျိုးရသောပြောင်း စိုက်ပျိုးရေးအတွက် ၄င်းမြေတို့ကို ကန့်သတ်ထားရသည်။ သို့သော်ထိုမြေများသည် ကုန်ကျစရိတ်များစွာကျသော်လည်းသီးနှံအထွက်နှုန်းမှာကျဆင်းလျှက်ရှိသည်။

CPပြောင်းစိုက်ပျိုးရာမှတင်ရှိလာသော အကြွေးတင်ရှိမှုကိုဖြေရှင်းရေးသည် ယေဘုယျသဘောမဟုတ်ဘဲကျေးရွာတစ်ရွာချင်း၏ ဂေဟနွယ်စိုက်ပျိုးရေး စနစ်၊ပထဝီအနေအထားနှင့် တိုင်းရင်းသားဖြစ်တည်မှုတို့ အပေါ်တွင် မှီတည်သည်။ ပိုက်ဆံဖြစ်သီးနှံအမျိုးအစားကွဲပြားခြားနားမှုအပြင် ကိုင်တွယ်ဖြေရှင်းရမည့် လုပ်ထုံးလုပ်နည်းများမှာဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းစိုက်ပျိုးခင်းတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ခြင်း၊ လုပ်ခရ စိုက်ပျိုးရေးခြံအလုပ်၊ စိုက်ပျိုးရေးမဟုတ်သည့် လုပ်ခရသောအလုပ်၊ မိသားစုပိုင်ပစ္စည်းများကိုရောင်းချရခြင်း၊ သစ်မဟုတ်သောသစ်တောထွက် ပစ္စည်းများကိုစုဆောင်းကောက်ယူရခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ကျေးရွာတွင်းမှ အလုပ်သမားဂိုဏ်းများကို ငှားရမ်းအသုံးပြုခြင်းတို့ဖြစ်ကြသည်။ အချို့မိသားစုများသည် စားနပ်ရိက္ခာဖူလုံရေးအတွက် ပုံမှန်အကြွေးချေးငှားနေရသည်။

# ၃။ လေ့လာမှု နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် ကမ္ဘာ့သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာ ရှေ့တန်းရောက်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံသစ်တစ်နိုင်ငံလည်းဖြစ်လာပါသည်။ ဆိုရှယ်လစ်ခေတ်မှ အစ၁၉၉ဂနှစ်များဈေးကွက်စမ်းသပ်ခြင်းပုံစံများအလယ် ယခုပြုပြင်ပြောင်းလဲရေးကာလအဆုံး မြန်မာနိုင်ငံကျေးလက်လယ်ယာစိုက်ပျိုးရေးလူ့အဖွဲ့အစည်းများ၏ နိုင်ငံရေးစီးပွားရေးအခြေအနေသည် ရပ်တန့်နေခဲ့သည်။ ပြည်တွင်းစီးပွားရေး ဖြေလျော့ ခြင်းလုပ်ဆောင်မှုများနှင့် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ ( Internatioal Finance Institutions – IF Is )တို့၏ အကူအညီဖြင့် စီးပွားရေးစနစ်ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်းတို့က မြန်မာနိုင်ငံအားဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများထဲသို့ တရားဝင်ပြန်လည်ပေါင်းစည်းရန် လုပ်ဆောင်နေပါသည်။ မြေယာအသုံးပြုခွင့်လက်မှတ် (Lands Use Certificates- LUCs) ထုတ်ပေးခြင်းဖြင့် လယ်ယာမြေများကို အရင်းအနှီးအဖြစ်သို့ မကြာသေးသောကာလတွင် ပြဋ္ဌာန်းခဲ့သည့် မြေယာဥပဒေက ပြောင်းလဲပေးသည်။ ၎င်းမြေယာ အသုံးပြုခွင့်လက်မှတ်ကိုဈေးကွက်အတွင်းတရားဝင် ဝယ်ယူရောင်းချလွှဲပြောင်းနိုင်သည်။

ဤအခြေအနေသစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် စိုက်ပျိုးရေးကဏ္ဍ ထဲသို့ဝင်ရောက်လာကြသည်။ ထုထည်ကြီးမားသော မြေယာအသုံးပြုခွင့်များသည် များသောအားဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် သတ်မှတ်ပေးထားချိန်တွင် နာမည်ရှိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းအချို့က စက်မှုစိုက်ပျိုးရေး ကုန်စည်ထုတ်လုပ်ရေးကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။ ၎င်းစက်မှုစိုက်ပျိုးရေး ကုန်စည်များမှာ  အခြေခံအားဖြင့် စပါး၊ ရာဘာ၊ ဆီအုန်း၊ ပိလောပီနံ၊ ကြံတို့ဖြစ်ကြပြီးအဓိကအားဖြင့် ဒေသအတွင်းနှင့် နိုင်ငံ  တကာစားနပ်ရိက္ခာနှင့် တိရိစ္ဆာန်စာဈေးကွက်များအတွက်ဖြစ်သည်။

သို့သော် နည်းပညာနှင့် နိုင်ငံရေးပြဿနာများကြောင့် စက်မှုစိုက်ပျိုးရေးကုန်ထုတ် လုပ်ငန်းများသည် အများအားဖြင့် မအောင်မြင်ခဲ့ပေ။ ယင်းကြောင့် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်လုပ်ကိုင်ဆောင်ရွက်ရန် အချို့ကမ္ဘာ  စီးပွားရေးလုပ်ငန်းများက အစိုးရနှင့် နှစ်ဦးနှစ်ဘက် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်ဆက်တွဲအနေဖြင့် ကန်ထရိုက်စိုက်ပျိုးရေးစနစ်တွင် မြန်မာ့စိုက်ပျိုးရေးကုမ္ပဏီများကလည်း အကျိုးအမြတ် ရှာဖွေလာကြသည်။ အထူးသဖြင့် စပါးစိုက်ပျိုးရေးကဏ္ဍတွင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ လယ်သမားများအတွက် ကျေးလက်စီးပွားရေး တိုးတက်ရန်နှင့် အခွင့်အရေးများအား ကန့်သတ်ထားသောအချက်များမှာ မိသားစုအရင်းအနှီးနည်းပါးမှ အတိုးနှုန်းနည်းချေးငွေ မလုံလောက်မှု၊သင့်တော်သောလက်ရှိ ဈေးကွက်သတင်းအချက်အလက်များမရရှိမှုနှင့် အခြေခံအဆောက်အအုံ ချို့တဲ့မှုတို့ဖြစ်ကြသည်။ အထက်ပါကန့်သတ်မှု အခြေအနေများက မြန်မာနိုင်ငံတွင်ကန်ထရိုက် လယ်ယာမြေစနစ် လုပ်ကိုင်ရန် တွန်းပို့သောအချက်အလက်များပင်ဖြစ်သည်။ အရင်းအနှီးဈေးကွက်များသည် ရည်ရွယ်ထားသည့် အတိုင်းသင့်တင့် ကောင်းမွန်စွာအလုပ်မလုပ်သည့် အခြေ  အနေများ၌လည်းကောင်း၊ ခေတ်မီနည်းပညာများကကြီးမားသော ကုန်ထုတ်လုပ်မှု အကျိုးအမြတ်ကို ဖြစ်စေသည့်နေရာ၌လည်းကောင်း၊ (ပြုပြင်ထုတ်လုပ်ထားသည့် မျိုးစေ့များနှင့် မြေဩဇာများက သီးနှံထွက်နှုန်းကို တိုးတက်စေသည်။) ထိုအချိန်မျိုးတွင်ကန်ထရိုက် လယ်ယာစိုက်ပျိုးရေးစနစ်သည်ဒေသတွင်း အခြားလုပ်စရာနည်းလမ်းများထက် ပိုမို၍သိသာသည့် အကျိုးအမြတ်များကို ဖြစ်ထွန်းစေနိုင်သည်။၎င်းအပြင် ရိုးရာဓလေ့ထုံးတမ်း (သို့မဟုတ်) ပြဋ္ဌာန်းဥပဒေပါ မြေယာလုပ်ပိုင်ခွင့် သဘောတရားများအရ တောင်သူများနှင့် ဝယ်ယူသူများအကြား ကြိုတင်သဘောတူ ကုန်သွင်းစာချုပ် ကဲ့သို့ကန်ထရိုက်လယ်ယာ စိုက်ပျိုးရေးစနစ်အစိတ်အပိုင်းများသည် နှစ်ဦးနှစ်ဖက်စလုံး၏ ဆုံးရှုံးနစ်နာမှုများအား လျော့ချနိုင်ချေရှိသည့်အပြင် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရင်းအမြစ်  အသစ်များကိုလည်း ဖန်တီးပေးနိုင်သည်။

မည့်သို့ပင်ဆိုစေဈေးကွက်ကိုကောင်းမွန်စွာလက်လှမ်းမှီစေရန်၊ ပြည်စုံသောသတင်း အချက်အလက်များရရှိရန်၊ရနိုင်ချေရှိသည့်အမတော်ကြေးများရရှိရန်၊ နည်းပညာနှင့်သွင်းအားစုများရရှိရန်၊ ဈေးကွက်ဆုံးရှုံးမှုနည်းပါးစေရန်၊  မိသားစုအရင်းအနှီး ပိုင်ဆိုင်မှုမြင့်မားစေရန်တို့အတွက် ကန်ထရိုက်စိုက်ပျိုးရေးစနစ်မှ ကြိမ်းသေဖော်ဆောင်ပေးနိုင်ရန် လုပ်နိုင်

စွမ်းရှိသော ပတ်ဝန်းကျင်အနေအထားတခု မဖြစ်မနေရှိရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်နှင့် ဝယ်ယူသူများ အကြားတွင်လည်းကောင်း စိုက်ပျိုးရေးသမားများပါဝင်သည့် အဖွဲ့အစည်းများနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများကြား၌လည်းကောင်း အများလက်ခံသည့် သဘောတူညီချက်တို့မှာ မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်။ အကယ်၍ အခြေအနေများမရှိပါက ကန်ထရိုက် စိုက်ပျိုးရေးစနစ်သည့် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ ထိုဆိုးကျိုးများ သည်အထူးသဖြင့်ဈေးကွက် လက်ဝါးကြီးအုပ်ခြင်းနှင့် မမျှတသောဈေးညှိနှိုင်းသည့် အနေအထားများဖြစ်နိုင်သည်။ သတင်းအချက်အလက်မရှိခြင်းကလည်း အင်အားကြီး စီးပွားရေးလုပ်ငန်းများနှင့် ပွဲစားများအား အသာစီးရစေပြီးဆုံးရုံးနစ်နာနိုင်ခြေများအား လုပ်ကွက်ငယ် တပိုင်တနိုင် စိုက်ပျိုးရေးသမားများအပေါ် သက်ရောက်စေသည်။ ၎င်းအခြေ အနေများကခြံထွက်သီးနှံဈေးကို နှိမ့်ချစေသည့်အပြင်အကြွေးကိစ္စတွင်လည်းကောင်း (သို့မဟုတ်) မြေယာရပိုင်ခွင့်ဆုံးရှုံးမှုတွင်လည်းကောင်း၊ မိသားစုကိုထောက်ပံ့ရန်လုပ်အားခအပေါ်မှီခိုရသည့်အခြေအနေကိုပြောင်းလဲရန်လည်းကောင်း၊ ဆင်းရဲသောမိသားစုများထံ ဥစ္စာခနေပြန်လည်မျှဝေမှုတွင်လည်းကောင်း၊မိသားစုအဆင့်နှင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏လူမှုစီးပွား အခြေအနေများအပေါ်အနှုတ်လက္ခဏာ ဆိုးကျိုး သက်ရောက်မှုများဖြစ်စေပါသည်။ ဤလေ့လာမှုတွင် အသေးစိတ်နမူနာဖြစ်စဉ်တစ်ခု ဖော်ပြကာ မြန်မာနိုင်ငံတွင် ကျင့်သုံးသည့် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး ဖြစ်စဉ်များနှင့် ပုံစံများကိုလည်းဖော်ပြထားသည်။ ၎င်းတို့အား စီမံခန့်ခွဲမှုပုံနည်းစနစ်များကိုလည်းကောင်း၊ ဆုံးရှုံးနစ်နာပုံများကိုလည်းကောင်း၊အကျိုးအမြတ်ရရှိသူများနှင့် ဆုံးရှုံးနစ်နာသူများကိုပါ ရှာဖွေဖော်ပြထားပါသည်။

# ၄။ သုတေသနမူဘောင်

လေ့လာတွေ့ရှိချက်များသည် အဓိကသတင်းအချက်အလက် ပေးသူများအား အချိန်တစ်နှစ်ကျော် အကြာတွေ့ဆုံမေး မြန်းမှုများကိုအခြေခံထားကာ စီပီစိုက်ပျိုးသောကျေးရွာ(၈)ရွာတွင် ကွင်းဆင်းသုတေသန ပြု၍ဖြည့်စွက် ဖော်ပြထားပါ သည်။

အဆင့်(၁) စီပီပြောင်းစိုက်ပျိုး ထုတ်လုပ်ခြင်းအပေါ်သက်ရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက် အလက်များအပြင် ယဉ်ကျေးမှု စီးပွားရေးလူမှုရေးလူပ်ရှားမှုများကို ပိုမိုနားလည်စေရန် ရှမ်းပြည် မြောက်ပိုင်းလာရှိုး၊ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးနှင့် ရန်ကုန်မြို့တွင် အဓိကသတင်းအချက်အလက်ပေးသူများကို သုတေသနခေါင်း ဆောင်ကိုယ်တိုင် တွေ့ဆုံမေးမြန်းထားမှုများလည်း ပါဝင်ပါသည်။ ငွေကြေးချေးငှားပုံများ၊ စိုက်ပျိုးရေးနှင့် ဂေဟဗေဒ စနစ်ဆက်သွယ်ပုံများ နယ်စပ်နိုင်ငံများ၊ ရွှေ့ပြောင်းအခြေချသူများ၊ တိုင်းရင်းသားများ၊ နိုင်ငံရေးသမိုင်းကြောင်းတို့သည် ဆန့်ကျင်ကွဲပြားကြသောကြောင့်ရှမ်းပြည်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် သုတေသနနယ်မြေများကို ရွေးချယ်ခဲ့ပါ သည်။

အဆင့်(၂) အဆင့်(၁) မှရရှိလာသော သိမြင်မှုများကို အခြေခံထားသည့် သုတေသနရည်ရွယ်ချက်များသည် ဆင်းရဲမွဲတေမှု လျှော့ချရေးအမြင်မှ ရှမ်းပြည်တွင်စီပီပြောင်း စိုက်ပျိုးရေးအတွက် လက်ရှိလုပ်ကိုင် နေသောကန်ထရိုက် လယ်ယာစနစ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ခွဲခြားစိတ်ဖြာရန် ဖြစ်သည်။ ဒုတိယအဆင့် သုတေ သနရည်ရွယ်ချက်များသည် ပထမအဆင့်ရရှိလာသော အသိအမြင်များကို အခြေခံသည်။ ၎င်းတို့သည် ရှမ်းပြည်နယ်ရှိ စီပီပြောင်းစိုက်ပျိုးရေးအတွက် လက်ရှိလုပ်ကိုင်နေသော ကန်ထရိုက်လယ်ယာမြေစနစ်ကို ကျယ်ပြန့်နက်ရှိုင်းစွာ ဆင်းရဲမွဲ တေမှုလျှော့ချရေးရှုထောင့် မှခွဲခြားစိတ်ဖြာရန် ဖြစ်သည်။

ထို့နောက်ရှမ်းပြည်နယ်တွင် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် စီပီပြောင်းကန်ထရိုက် စိုက်ပျိုးရေးစနစ်တွင် အကန့်အ သတ်ရှိနေမှုများအပြင် လုပ်ကိုင်နိုင်စွမ်းတို့ကိုလည်း အသေးစိတ်ဆက်လက်ဖော်ပြရန်ဖြစ်သည်။ သတင်းအချက်အလက် များကို ကျေးရွာများတွင် ကွင်းဆင်းသုတေသီများက ကောက်ယူသည်။

တွေ့ဆုံမေးမြန်းမှုပြုလုပ်သောမြို့နယ်များအကြောင်းနှင့်စီပီပြောင်းစိုက်ပျိုးထုတ်လုပ်ရေးအကြောင်းကိုလည်း ၎င်းတို့က ကောင်းမွန်စွာသိရှိကြသူများလည်းဖြစ်သည်။

## (၄.၁) လေ့လာမည့်အကြောင်းအရာ ဖြစ်စဉ်များကို ရွေးချယ်ခြင်း


အစိုးရကိန်းဂဏန်းများအရ စီပီပြောင်းစိုက်ပျိုးထုတ်လုပ်မှုပမာဏကြီးမားသော ရှမ်းပြည်မြောက် ပိုင်းမှကျေးရွာ(၄)ရွာ နှင့် ရှမ်းပြည်တောင်ပိုင်း ကျေးရွာ(၄)ရွာ စုစုပေါင်းရွာ(၈)ရွာတို့ကို ရွေးချယ်ခဲ့သည်။ အောက်ဖော်ပြပါ ရွေးချယ်ရေးစံနှုန်း များအရ ကွဲပြားခြားနားမှု များပြားစုံလင်ဆုံးအနေအထားကို လေ့လာမှတ်တမ်းတင်နိုင်မည့် ကျေးရွာများကိုသာ ရည် ရွယ်ရွေးချယ်ခဲ့သည်။ ရွေးချယ်ရေးခံနှုန်းများမှာ

- စိုက်ပျိုးရေးနှင့် ဂေဟဗေဒ ဆက်သွယ်မှု (မြေနိမ့်၊ ကုန်းမြင့်နှင့် မြင့်မားသောနေရာများ)
    - အခြေခံအဆောက်အအုံ များမှအကွာဝေး(လမ်းနှင့်မြို့များ)
    - တိုင်းရင်းသားမျိုးနွယ်များ
    - ပထဝီဝင်ဆိုင်ရာ အနေအထား
    - အုပ်ချုပ်ရေး (မြန်မာအစိုးရ(သို့မဟုတ်) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ)
    - ဘိန်းစိုက်ပျိုးရေးရှိ မရှိ

ကွင်းဆင်းလေ့လာရေး ပြုလုပ်ခဲ့သည့် ကျေးရွာအမည်များကို လျှို့ဝှက်ထားမည်ဖြစ်ကာ ဤအစီရင်ခံစာတွင်၎င်းတို့တည် ရှိရာမြို့နယ်များကိုသာဖော်ပြပါမည်။ ရှမ်းပြည်တောင်ပိုင်းမှ ကျေးရွာ(၄)ရွာသည် ဆီဆိုင်မြို့နယ်တွင် ကျေးရွာ(၁)ရွာ၊ ဟိုပုန်းမြို့နယ်တွင် ကျေးရွာ(၁)ရွာ၊ ဖယ်ခုံမြို့နယ်တွင် ကျေးရွာ(၂)ရွာ အသီးသီးတည်ရှိပါသည်။ ရှမ်းပြည်မြောက်ပိုင်း

ကျေးရွာ(၄)ရွာမှာကွတ်ခိုင်မြို့နယ်တွင် ကျေးရွာ(၁)ရွာ၊ကျောက်မဲမြို့နယ်တွင် ကျေးရွာ(၁)ရွာ၊ လားရှိုးမြို့နယ်တွင် ကျေးရွာ(၂)ရွာ အသီးသီးတည်ရှိကြသည်။ သုတေသနကွင်းဆင်း ပြုလုပ်ရာမြို့နယ်များ၏ တည်နေရာများကိုလည်းကောင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်တလျှောက်ထိစပ်သောဒေသများ၏ နီးကပ်မှုများကို မြေပုံနံပါတ်(၁)တွင်ကြည့်ရှုနိုင်ပါသည်။

ပုံ(၁) သုတေသနကွင်းဆင်းပြုလုပ်ရာ မြို့နယ်ပြ ရှမ်းပြည်နယ်မြေပုံ




## (၄.၂) သုတေသနမေးခွန်းများနှင့် သုတေသနပြုလုပ်ရန်နည်းလမ်း

- ဤသုတေသနကိုလုပ်ဆောင်ရန်ပါဝင်သောသုတေသနမေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
- ဤဖြစ်စဉ်တွင် မည်သူများပါဝင်ပြီး သူတို့အချင်းချင်းအထက်အောက်ဆက်ဆံရေးမှာ မည်သို့ရှိသနည်း။
- ဤဖြစ်စဉ်တွင်ကြားမှဆက်သွယ်ပေးသူများ၊ ဥပမာပွဲစားများ၊ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမှာ မည်သို့ရှိသနည်း။ ၎င်းတို့သည် မည်သူနည်း။ ဤအခန်းကဏ္ဍတို့သည် ရှမ်းပြည်နယ်၏ မတူညီသော အရပ်ဒေသခံများ အရမည်သို့ကွဲပြားကြသနည်း။
- ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၏ လူမှုစီးပွားအကျိုးသက်ရောက်မှုများမှာ မည်သို့ရှိသနည်း။ ၎င်းတို့မည်သို့ကွဲပြားကြသနည်း။ ဤကွဲပြားမှုများကို ဖြစ်စေသော အဓိကအချက်များမှာ အဘယ်နည်း။
- အထူးသဖြင့် မြေယာနှင့်အရင်းအမြစ်များ၊ ကုန်ကျစရိတ်ဖြန့်ဝေမှု၊ အကျိုးအမြတ်များနှင့် အန္တရာယ်များ၊ ကျေးရွာတစ်ရွာအတွင်းချမ်းသာကြွယ်ဝမှုကို ပြန်လည်ဖြန့်ဝေပေးမှု၊ အစားအစာ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်

တို့အပေါ် ထိန်းချုပ်မှုနှင့်သုံးစွဲနိုင်သည့် အခွင့်အလမ်းတို့နှင့် ပက်သက်၍ CP ပြောင်းဖူးထုတ်လုပ်ရေးတွင် ပါဝင်သော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ အပါအဝင် အမြတ်နည်း အိမ်ထောင်စုများအပေါ် မည်သည်ကကောင်းသောသက်ရောက်မှုများဖြစ်ပြီးမည်သည်ကဆိုးသောသက်ရောက်မှုများ ဖြစ်သနည်း။
- မည်သည့်အချက်များက အငှားလယ်ယာစိုက်ပျိုးခြင်း၏ ဆင်းရဲမွဲတေမှုပပျောက်ရေး အကျိုးသက်ရောက်မှုကို တိုးတက်စေ သို့မဟုတ် ဆုတ်ယုတ်စေပုံပေါ်သနည်း။

သက်ဆိုင်ရာနယ်ပယ် အကန့်အသတ်များကို ကျော်လွှားရန်နှင့် အပြုသဘောဆောင်သောပြောင်းလဲမှုကို ဖော်ဆောင်ရန် လူအားလုံးပါဝင်ဆောင်ရွက်ရသော လှုပ်ရှားမှုအခြေခံ သင်ယူရေးသုတေသနနည်းလမ်းကို အစိတ်အပိုင်းတစ်ခုအဖြစ် အသုံးပြုထားသည်။ အသိအမြင်တစ်ချို့ကိုမူ CP ပြောင်းဖူးထုတ်လုပ်ရေးကြောင့် အဆိုးဝါးဆုံးထိခိုက်ခံခဲ့ရသောသူများနှင့် ပူးပေါင်း၍ ထုတ်ယူခဲ့ကြသည်။ ဤနည်းလမ်းသည် တစ်စုတစ်ပေါင်း တည်း အသိအမြင်ထုတ်ယူခြင်း၊ သင်ယူခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် လယ်ယာထုတ်လုပ်ရေးစီမံချက်များမှ အမျိုးမျိုးသော လူမှုစီးပွားအကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းသော အပြုအမူများကို အထောက်အကူပြုစေနိုင်သည်။ သုတေသန၊ လူထုထောက်ခံမှုနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းခြင်းကို သဘောတရားအရရော လက်တွေ့အရပါ ချဉ်းကပ်ထားသော ဤနည်းသည် 'သုတေသန' သို့မဟုတ် 'သုတေသီ' နှင့် သုတေသနပြုခံရသူတို့ကြားရှိ အထက်အောက်ဆက်ဆံရေးကို ရည်ရွယ်ချက်ရှိရှိစိန်ခေါ်ထားသည်။ အပြုသဘောဆောင်အပြောင်းအလဲကို နှိုးဆော်ရန် ရည်ရွယ်ချက်ဖြင့် သုတေသနအပြုလုပ်ခံ အနေအထားရှိသူများအတွက် ရည်ရွယ်၍ သူတို့နှင့်အတူတကွ သုတေသနပြုခဲ့ခြင်းဖြင့် 'အလေ့လာခံရသူ' တို့၏ ဒေသခံအမြင်ကိုပို၍ အရန်သင့်ဖမ်းဆုပ်နိုင်ပြီး မူဝါဒချမှတ်သူများထံ ဆက်သွယ်တင်ပြနိုင်သည်။ ထို့အပြင် ကျေးလက်နေပြည်သူတို့သည် ပို၍ သိမြင်နားလည်ပြီး သုတေသနတွင် ပါဝင်လာကာ သုတေသနကို အမည်ခံနိုင် သည်အထိဖြစ်လာပြီး သူတို့ကိုယ်တိုင် အပြောင်းအလဲ၏ ကိုယ်စားလှယ်အဖြစ် အာဏာလွှဲပြောင်းယူရန်လည်းဖြစ်သည်။ အချက်အလက်များကို ကောက်ခံရာတွင် လေ့လာပြုစုခဲ့သော ကျေးလက်နေပြည်သူများနှင့် ဒေသတူ၊ လူမျိုးတူဖြစ်သော ဒေသခံကွင်းဆင်းသုတေသီများက ကောက်ခံခဲ့သည်။ ကောက်ယူရန်ခက်ခဲသော ထိရှလွယ်သည့် အချက်အလက်များကို ထပ်မံကောက်ယူနိုင်သေးသည်။ပုံနှိပ်စေပြီး အဖွဲ့အစည်းအခြေခံသုတေသနများနှင့် သင့်လျော်သော ဆက်သွယ်မှုများမှတစ်ဆင့် ဒေသခံတို့၏အသံများသည် ဆုံးဖြတ်ချက်ချမှတ်သူတို့ထံ ရောက်ရှိပြီး မူအပြောင်းလဲဖော်ရာတွင် ပိုလွယ်ကူစေသည်။

တောင်ပိုင်းနှင့်မြောက်ပိုင်းအတွက် တစ်ဦးစီဖြစ်သော သုတေသနအကူနှစ်ဦးသည် ကွင်းဆင်း သုတေသီများကို အောက်ဖော်ပြပါ ရွေးချယ်ရန်စည်းမျဉ်းများအတိုင်း နှစ်ဦးတစ်တွဲစီခွဲကာ ရွေးချယ်စီမံခဲ့ သည်။ (၁) ရွေးချယ်ထားသော ကျေးရွာဒေသများအနီးတွင်မွေးဖွားသူ၊ (၂) ကျေးရွာ၏အဓိကလူမျိုးစု ဘာသာစကားပြောတတ်သူ (၃) CP ပြောင်းဖူးစိုက်ပျိုးသော ရွာနှင့်အိမ်ထောင်စုမှဖြစ်သူ၊ (၄) သင်ယူနိုင်၍ ဦးဆောင်လိုစိတ်ထက်သန်သူ ဟူ၍ဖြစ်သည်။ ၂၀၁၄ခုနှစ် အစောပိုင်းတွင် ကျေးရွာအဆင့်လက်တွေ့ အချက်အလက်ကောက်ခံပြီးနောက် သုတေသီခေါင်းဆောင်သည် ကွင်းဆင်းသုတေသနအဖွဲ့များနှင့် သုတေသနနည်းလမ်းလေ့ကျင့်ရေးကို ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ ကျေးရွာတစ်ခုစီတွင် လူမှုစီးပွားနှင့် ဆိုင်သည့် အကြောင်းအရာများကို ကိုယ်စားပြုသည့်အချက်များပါနိုင်သမျှ အစုံအလင်ပါသော (FGDs) ပစ်မှတ်ဗဟိုပြုအဖွဲ့ ဆွေးနွေးပွဲများဆောင်ရွက်သည်။ ထို့နောက်ကွင်းဆင်းသုတေသီများ၏ စုံစမ်းမှုတွင် ကူညီရန် အသေးစိတ်ထဲထဲဝင်ဝင်မေးထားသော မေးခွန်းများကိုအခြေခံ၍ တစ်ဝတ်တစ်ပျက်သာ စီစဉ်ထားသော အိမ်တွင်းမေးမြန်းဖြေဆိုမှုများ (SSIs) ပြုလုပ်ရန် ကျပန်းနမူနာရွေးချယ်မှုကို ပြုလုပ်သည်။ မေးမြန်းဖြေဆိုမှုကို ကျေးရွာတစ်ရွာမှလွဲ၍ ကျန်ကျေးရွာများအားလုံးတွင် ဒေသခံလူမျိုးစု ဘာသာဖြင့်ပြုလုပ်သည်။

FGDs ကိုတက်ရောက်သော ရွာသူရွာသားများမှာ ရွာသူကြီးအပါအဝင် ကိုယ်စားပြုရွာ၏ အိမ်ထောင်စု လေးပုံတစ်ပုံခန့်ရှိသည်။ SSIsကမူ ရွာရှိအိမ်ထောင်စုပေါင်း ဆယ်ရာခိုင်နှုန်းခန့်ကို ကာမိသည်။ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်းကို သုတေသနခေါင်းဆောင်က ဦးဆောင်ပြီး ကွင်းဆင်းသုတေသနအဖွဲ့များ၊ သုတေသနအကူများနှင့်အတူ ကွင်းဆင်းမှတ်စုများကို မြန်မာဘာသာမဟုတ်သော ဘာသာများမှ မြန်မာဘာသာသို့ပြန်ဆိုခဲ့သည်။

ဤသုတေသနပြုလုပ်သော နည်းလမ်းပုံစံသည် ရှမ်းပြည်နယ်တစ်ဝှမ်းရှိ CP ပြောင်းဖူး အငှားလယ်ယာစိုက်ပျိုးသော ကျေးရွာပေါင်းစုံနှင့် အိမ်ထောင်စုများ၏ အခြေအနေကို ရှင်းပြရန် စာရင်းဇယားအရ ခိုင်မာသော အချက်အလက်များ

ပေးရန်မဟုတ်ပေ။ လူ၊ ငွေကြေးနှင့် အချိန်ကန့်သတ်ချက်များအရ ဤသုတေသန၏ ရည်ရွယ်ချက်မှာစိုက်ပျိုးသောစီးပွားရေးထဲတွင်ပါဝင်သော ကျေးလက်တောင်တန်းဒေသစိုက်ပျိုးရေး အသိုင်းအဝိုင်းထဲမှအကြွေးနှင့် အိမ်ယာမဲ့ဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ငုပ်လျှိုးပြီးမှေးမှိန်ပျောက်ကွယ်နေသော အမှန်တရားများကို ဖော်ထုတ်ရန်သာဖြစ်သည်။

အသေးစိတ်ထဲထဲဝင်ဝင်လေ့လာခဲ့သော ရွာရှစ်ရွာသည် ကျေးရွာအဆင့် CP ပြောင်း လယ်ယာအငှားစိုက်ပျိုးခြင်းမှ လူမှုစီးပွားကွဲပြားခြားနားမှုတွင် လက်ရှိဖြစ်ပေါ်နေသော အကြောင်းအရာများ အပေါ်၌ ခွဲခြမ်းစိတ်ဖြာမှု ကောင်းကောင်းပြုလုပ်ရန် အဆက်အစပ်ရှိသော ကွင်းဆင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ ဤလေ့လာထားသော အကြောင်းအရာများကို အခြေခံ၍ မူဝါဒများချမှတ်နိုင်သည်။ ရည်ရွယ်ချက်မှာ အဆင့်မြင့်သုတေသီများသာမက ကျေးလက်နေပြည်သူများနှင့်ပူးပေါင်း၍ လူအားလုံး ပါဝင်ဆောင်ရွက်ရသောလှုပ်ရှားမှု အခြေခံသင်ယူရေးသုတေသနအဖြစ် နောင်လာမည့် သုတေသနသည် ဤရလဒ်များကျိုးကြောင်းခိုင်လုံမှုရှိမရှိ စစ်ဆေးရန်ဖြစ်သည်။

## (၄.၃) အနာဂတ်သုတေသန

စီမံကိန်း၏ တတိယအဆင့်မှာ သုတေသနသည် ကျိုးကြောင်းခိုင်လုံမှုရှိမရှိရှာဖွေရန်နှင့် သုတေသန ရလဒ်များကို ရွာသားများ၏ တစ်ဦးချင်းတောင်းဆိုမှုနှင့် ဤစီမံကိန်း၏ပုံစံကို ကျေးရွာကွင်းဆင်းနေရာများသို့ ပြန်လည်ယူဆောင်၍ အရေးယူဆောင်ရွက်ရန်ဖြစ်သည်။ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်းကို သင့်လျော်သောပုံစံဖြင့် ရွာသူရွာသားများနှင့် ဆွေးနွေးခြင်းလည်းပါဝင်မည်။CP ပြောင်းထုတ်လုပ်ရေးမှ မညီမျှသော အမြတ်ခွဲဝေခြင်းအားတိုင်ကြားမည့်နောက်လိုက် လှုပ်ရှားမှုများဆောင်ရွက်ရန် ကျေးရွာအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း တို့ကိုထပ်မံဆောင်ရွက်မည်။ ရေးသားထားသော သုတေသနသည်ဖွံ့ ဖြိုးရေးအဖွဲ့အစည်း၊ မူဝါဒဖော်ဆောင်သူများ၊ မြန်မာအစိုးရနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပါဝင်သော ပုဂ္ဂလိကပိုင်လုပ်ငန်းထံသို့ ပျံ့နှံ့သွားကာ ပို၍ အသိမြင်ကြွယ်ဝပြီး မျှတသောမူပုံဖော်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းတို့ကို မြှင့်တင့်ပေးနိုင်သည်။ ဤစီမံကိန်းမှာ အကျိုးသက်ရောက်မှု ရှိခဲ့သော လယ်သမားများသည် ကျေးလက်ဒေသမှ အမြတ်နည်း လယ်ယာစိုက်ပျိုးသည့် အိမ်ထောင်စုများကို အကျိုးပြုသော စိုက်ပျိုးရေးမူကို ထောက်ခံရာတွင် လွယ်ကူချောမွေ့အောင် ကူညီပေးရန်ရည်ရွယ်သည်။

# ၅။ မြန်မာ့စိုက်ပျိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု

## (၅.၁) မြန်မာ့စိုက်ပျိုးရေးမူဝါဒ

၁၉၉၀ ခုနှစ်များအလယ်က မြန်မာစစ်အစိုးရသည် စက်မှုလုပ်ငန်းများနှင့် လွတ်လပ်သော ဈေးကွက်ပြုပြင်ရေးကို စတင်ခဲ့သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ တည်ဆောက်ခြင်းသည် ချမှတ်ထားသော မူငါးသွယ်ထဲမှ ပထမဆုံး အကောင်အထည်ဖော်ရမည့် အရာဖြစ်သည်။ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများကိုလည်း တည်ထောင်ခဲ့သည်။ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုပေါ်တွင် နိုင်ငံတော်၏ ထိန်းချုပ်မှုသည် လွန်ခဲ့သောနှစ်နှစ်ဆယ်အတွင်း လျော့ကျခဲ့သည်။ ယင်းကို လူအမြောက်အများပါဝင်ပြီး အားစိုက်ရသော စက်မှုစိုက်ပျိုးရေးပေါ်တွင်တိုးပွားလာသော ရင်းနှီးမြှုပ်နှံမှုနှင့်အတူ အစိုးရမျက်နှာသာပေး ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများက အစားထိုးရယူခဲ့ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အစိုးရက တစ်စိတ်တစ်ပိုင်းလွတ်လပ်ခွင့်ပေးလိုက်ခြင်းသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လိုက်ခြင်းဖြစ်သည်။

အစိုးရ၏ လက်ရှိအမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် အထူးသဖြင့် ဆန်စပါးလုပ်ငန်းနှင့် ရော်ဘာ၊ စားသုံးဆီနှင့် ကြံ၊ ပီလောပီနံစသော ဇီဝလောင်စာသီးနှံများကို ပစ်မှတ်ထား ထုတ်လုပ်သော စက်မှုလယ်ယာထုတ်လုပ်ခြင်းကို ပိုမိုပြင်းထန်လာစေရန် ရည်ရွယ်သည်။ ထိုနည်းအတူ ၂၀၁၂-၂၀၁၅ ဦးစားပေးစီးပွားရေးနှင့် လူမှုရေးပြန်လည်ထူထောင်ရေးဖွဲ့စည်းမှု မူဝါဒသည် တိုးချဲ့ခြင်းဝန်ဆောင်မှုနှင့် အစိုးရကြွေးမြီများကို တိုးမြှင့်ခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း ကွင်းဆက်မှ တစ်ဆင့် အရံအတားများကို ဖယ်ရှားခြင်း၊ ဝယ်လိုအား အခြေခံသော ဈေးကွက်ထောက်ပံ့ရေးလုပ်ထုံးလုပ်စဉ်များကို မြှင့်တင်ခြင်းဖြင့် လယ်ယာထုတ်ကုန်တိုးမြှင့်မှုကို မြှင့်တင်ရန် အဆိုပြုထားသည်။ ဤပြန်လည်ထူထောင်ရေးမူများသည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမူများကို မှန်ကန်စွာ အကောင်အထည်ဖော်ခဲ့လျှင် အသေးစားလယ်သမားများအတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရရှိနိုင်သည်။

## (၅.၂) လယ်ယာထုတ်လုပ်ရေး၊ မြေပိုင်ဆိုင်မှုနှင့် အခွင့်အရေးများ

သုတေသနအချက်အလက်ကောက်ခံရန် လွယ်ကူခြင်းက ယခုဖြစ်ပေါ်နေသော လုပ်ကွက်ငယ်တောင်သူများကို ဘေးဖယ်ထားခြင်းကို သက်သေပြနေသည်။ သုတေသနတစ်ခုကဆိုလျှင် ကျေးလက်နေအိမ်ထောင်စု၏တစ်ဝက်မှာ စိုက်ပျိုးဖြစ်ထွန်းသောမြေတွင် တရားဝင်စိုက်ပျိုးခွင့် မရကြောင်း ပြသည်။ အခြား လေ့လာချက်များအရ မြန်မာနိုင်ငံရှိ အစိုးရထိန်းချုပ်ထားသော နယ်မြေဒေသများရှိ အနည်းဆုံးလေးပုံတစ်ပုံသော လယ်သမားများသည် မြေယာမဲ့များဖြစ်သည်ဟု ခန့်မှန်းသည်။ တရားဝင် မြေယာအသုံးပြုမှုနှင့် သုံးစွဲခွင့်မရှိသော အိမ်ထောင်စုများကို ဆိုလိုသည်။ အချို့လေ့လာချက်များကမူ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း စသည်ဖြင့် နယ်မြေဒေသတစ်ချို့တွင် ၅၀ရာခိုင်နှုန်းနှင့် အထက်လယ်ယာမဲ့များဖြစ်သည်ဟု ဆိုသည်။ ထို့အပြင်ဆင်းရဲသောကျေးလက်အိမ်ထောင်စုများသည် ပုံမှန်အားဖြင့် ကွဲပြားတိရစ္ဆာန် အနည်းငယ်သာ ပိုင်ဆိုင်ကြပြီး ငါးမျှားခွင့်အနည်းငယ်နှင့် ငွေကြေးပမာဏအနည်းငယ်သာရရှိကြသည်။ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းစစ်၊ ချို့တဲ့သော မြေအုပ်ချုပ်မှု၊ လယ်သမားများ၏ ကြွေးမြီမြင့်တက်လာမှု၊ မြေယာသိမ်းပိုက်မှုတို့ကြောင့် အထူးသဖြင့် တောင်တန်းတိုင်းရင်းသားလူမျိုးစုနေထိုင်ရာ နယ်မြေဒေသများရှိ ကျေးလက်လယ်သမားတို့၏ စီးပွားရေးအခွင့်လမ်းများ တဖြည်းဖြည်းကျပ်တည်းလာခဲ့သည်။

## (၅.၃) မြေယာအသုံးပြုမှုလက်မှတ်များ

အစိုးရ၏ အခြားလုပ်ထုံးလုပ်နည်းတစ်ခုမှာ ‘မြေယာကို ငွေရင်းသို့ပြောင်းလဲရေး’ အခြေခံဥပဒေနှင့်ဖွဲ့စည်းပုံထောက်ပံ့ခြင်းတစ်ခု ဖန်တီးခြင်းဖြင့် လယ်သမားများကို သူတို့၏ ပိုင်ဆိုင်မှုကို ရင်းနှီးမြှုပ်နှံရန် ကူညီခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် မြေယာဥပဒေအသစ်နှစ်ခုသည် မြေယာအသုံးပြုသူ လက်မှတ်များ (LUCs) ထုတ်ပေးခြင်းဖြင့် အစိုးရတစ်ဝက်တစ်ပျက်

ထိန်းချုပ်ထားသော ပုဂ္ဂလိကပိုင်ယောင် (quasi-private) မြေဈေးကွက်ကို ဖန်တီးရန် ဥပဒေအခြေခံတစ်ခုကို ပြဋ္ဌာန်းပေးထားသည်။ ယင်း LUC ကိုင်ဆောင်သူများသည် မြေနှင့် အရင်းအမြစ် အားလုံးကို နိုင်ငံတော်က 'ပိုင်ဆိုင်' သေးသော်လည်း နိုင်ငံတော်အသိမှတ်ပြု မြေယာသုံးစွဲပိုင်ခွင့်ကို ပိုင်ဆိုင်လေသည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoAI) သည် ငွေကြေးနှင့်နည်းပညာ ကန့်သတ်ချက်အတွင်း တတ်နိုင်သမျှ LUC များကို ထုတ်ပေးရန်ကြိုးစားနေသော်လည်း အကျင့်ပျက် ခြစားမှု စွပ်စွဲချက်များ များပြားခြင်း၊ လာဘ်ပေးလာဘ်ယူမှုရှိခြင်း၊ LUC ခွဲဝေချထားရာတွင် ညီတူညီမျှ မရှိခြင်းတို့က ဤဖြစ်စဉ်ကို ထိခိုက်စေရာ အထူးသဖြင့် တောင်တန်းဒေသရှိ လယ်သမားမြောက်များစွာသို့ မရောက်နိုင်သေးပေ။ အများအားဖြင့် မြေနိမ့်ဒေသရှိ မြေယာပိုင်ဆိုင်မှုမှုရှိပြီး အခြေခံစနစ် တည်ဆောက်ပုံနှင့် ကုန်သွယ်မှုလမ်းကြောင်းသင့်သော ပိုဝင်ငွေကောင်းသည့် လယ်သမားများသာ LUCs ၏ အဓိကလက်ခံရရှိသူများ ဖြစ်ကြသည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoAI) ကပြောကြားသည်မှာ လယ်သမားများသည် ၄င်းတို့အမည်ခံမြေ၏ တန်ဖိုး ၃၀ ရာခိုင်နှုန်းနှင့်ညီမျှသော ရေရှည်ချေးငွေကို ရနိုင်သည်ဟူ၍ဖြစ်သည်။ မည်သို့ဆိုစေ လက်ရှိစိုက်ပျိုးရေးဝန်ကြီးကမူ MADB သို့မဟုတ် SACs (အခန်းဖြကိုကြည့်ရန်) ကို အကြွေးတင်နေသော လယ်သမားများကို ထိုချေးငွေများ ချေးငှားမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။တောင်တန်းဒေသ အလှည့်ကျနှင့် မထွန်ယက်သော လယ်စိုက်ပျိုးသော လယ်သမားများသည် LUC လက်မှတ်မရကြပေ။ အကြောင်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ခြင်းသည် တရားဝင်အသိမှတ် မပြုသောကြောင့် နိုင်ငံတော်၏ တရားဝင်စိုက်ပျိုးရေးနှင့် မြေယာသက်တမ်းမြေပုံမှ တောင်တန်းဒေသ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးကြသော ကျေးလက်တိုင်းရင်းသားလူမျိုးစုဦးရေကို ထိန်ချန်ထားသည်။

မြေယာသုံးစွဲခွင့်မရှိခြင်းသည် စားနပ်ရိက္ခာမဖူလုံမှုကို ဖြစ်စေသော အဓိကအားနည်းချက်ဖြစ်သလို မြေယာလက်မဲ့မှု၊ ဆင်းရဲမွဲတေမှု၊ အိမ်ထောင်စုလိုက် ကြွေးမြီရှိမှုတို့နှင့်လည်း ဆက်စပ်နေသည်။ ယေဘုယျအမြတ်နည်း အိမ်ထောင်စုများသည် ဆင်းရဲချို့တဲ့မှုမရှိသော အိမ်ထောင်စုများနှင့် နှိုင်းယှဉ်လျှင် ပမာဏများစွာသေးငယ်သော မြေပိုင်ဆိုင်မှုနှင့်သမရိုးကျ လယ်ယာမဲ့မှုအချိုးပို၍များသည်။ မြေယာအသုံးပြုလက်မှတ်များကို ထုတ်ပေးခြင်းဖြင့် မြေယာလက်မဲ့လယ်သမားများသည် မြေယာပိုင်ဆိုင်သောလယ်သမားများထက် အလွန်နည်းပါးသော ငွေအရင်းအနှီးသာရှိတော့သည်။ လေ့လာချက်တစ်ခုအရ မြေယာမဲ့အချိုး၏ ၇ ရာခိုင်နှုန်းကိုသာ အမြတ်မြင့် အိမ်ထောင်စုများတွင်တွေ့ရစဉ် အဆင်းရဲဆုံး အိမ်ထောင်စုများ၏ ၄၀ရာခိုင်နှုန်းနီးပါးမှာ မြေယာမဲ့များဖြစ်သည်ဟု သိရှိရသည်။ အစိုးရအချက်အလက်များအရ သမားရိုးကျမြေယာပိုင်ဆိုင်ခွင့်ရှိသော အိမ်ထောင်စုများမှာမူ နိုင်ငံ၏ သုံးပုံတစ်ပုံသော လယ်ယာအိမ်ထောင်စုများဖြစ်ပြီး မြန်မာနိုင်ငံတွင် ထောက်ခံချက်ရအနည်းဆုံးတစ်နိုင်တစ်ပိုင်စိုက်သော မြေဒေသထက် အလွန်နည်းသော သုံးဇကအောက်မြေများပေါ်တွင် အလုပ်လုပ်ကြသည်။

# ၆။ လုပ်ကွက်ငယ်ပြောင်းစိုက်သမားများနှင့် ကျေးလက်ကြွေးမြီ

ခေတ်နှင့်အညီပြောင်းလဲရန်ဖြစ်သော ကျေးလက်မျှော်မှန်းချက်သည် အထွက်တိုးပြီး အားစိုက်ထားသော စက်မှုဆိုင်ရာ စီးပွားဖြစ်သီးနှံများစိုက်ပျိုးရေးသို့ ကူးပြောင်းခြင်းကို ပေါင်းကူးပေးသည်။ ထို့ကြောင့် ငွေအရင်းအနှီးမှာ ပိုလိုလာသည်။ လယ်ယာအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေးအတွက် လိုအပ်သည့် အရာများကို ဝယ်ယူရန် ချေးငွေငှားရမ်းစရာမလိုပေ။ သို့သော် တစ်ချို့အိမ်ထောင်စုများသည် ဘိန်းစိုက်ပျိုးရေး မှ ချေးငွေငှားရမ်းဖူးကြသည်။ အကြွေးဆပ်ရန် မလွယ်ကူသော ငွေချေးသူများအတွက် လက်ခံနိုင်လောက်သော စိုက်ပျိုးရေးချေးငှားငွေမရှိခြင်းသည် စီးပွားဖြစ်သီးနှံစိုက်ပျိုးခြင်းသို့ အောင်မြင်စွာ ကူးပြောင်းရာတွင် အဓိက အတားအဆီးတစ်ခုဖြစ်နေသည်။ ရှမ်းပြည်နယ်တွင် CP ပြောင်းကို အစုလိုက်အပြုံလိုက်စိုက်ပျိုးခြင်းသည် ထုတ်လုပ်မှုစက်ဝိုင်းထဲရှိအားနည်းချက်ကို အလေးပြုထောက်ပြလိုက်ခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ်များတွင် စတင်ပြီး ၂၀၀၀ ခုနှစ်များတွင် အောင်မြင်လာသော ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းအစီအစဉ်ဟူသော အမေရိကန်ဒုတိယကမ္ဘာစစ်ပြန် အမှတ် ၁၀၁ အဖွဲ့၏အမွေကြောင့် CP ပြောင်းသည် ရှမ်းပြည်နယ်တွင် ခြေကုတ်ရလာခြင်းဖြစ်သည်။ အမေရိကန်ဒုတိယကမ္ဘာစစ်ပြန် အမှတ်၁၀၁ အဖွဲ့၏ အစားထိုးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို ကွတ်ခိုင်မြို့နယ်နှင့် ယခင်က ဘိန်းစိုက်သော ကချင်ရွာများတွင် အဓိကအာရုံစိုက်လုပ်ဆောင်ခဲ့သည်။ ထိုအဖွဲ့အစည်းသည် စတင်တည်ထောင်စဉ်က ငွေကြေးအခမဲ့ထောက်ပံ့ပေးပြီးနောက်ပိုင်းတွင် အခမဲ့မဟုတ်သော်လည်း ငွေအမြောက်အများထောက်ပံ့ခြင်းဖြင့် CP ပြောင်းစိုက်ပျိုးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။ အိမ်ထောင်စုများသည် ထိုအရာများကို ဝယ်ယူရန် ပွဲစားများထံမှ ငွေချေးရန် မလိုတော့ပေ။ အမေရိကန် ၁၀၁ သည် လွန်ခဲ့သော ၂ နှစ်ကြာက သူတို့၏ ဝန်ဆောင်မှုကို ရပ်တန့်ခဲ့သည်။ ထိုအခါ ကွတ်ခိုင်မြို့ မှ ကချင်လယ်သမားများသည် ငွေအရင်းအနှီးကွာဟမှုကို ဖြည့်ဆည်းရန် ဒေသခံပွဲစားများထံ ငွေချေးခဲ့ကြသည်။

CP အုပ်စုသည် ရင်းနှီးမြှုပ်နှံလျှင် ပြန်ရရန်ပို၍ အလားအလာရှိသည်ဟု ယူဆရပြီး 'ဇိမ်ခံ' ပစ္စည်းများ ပိုမိုသုံးစွဲနိုင်ရန် မျှော်မှန်းသော လူလတ်တန်းစားများရှိသော ကျေးရွာများကို ပစ်မှတ်ထားသည်။ CP အုပ်စု၏ ဈေးကွက်လှုပ်ရှားမှုမှ ကျေးလက်လယ်သမားများကို ခေတ်မီနေထိုင်မှုပုံစံ ပုံရိပ်ဖမ်းရန် ကြွယ်ဝချမ်းသာပုံပေါက်သော မြို့နေလူငယ်အဖွဲ့များကို ကျေးရွာများသို့ ခရီးထွက်စေ၍ CP ပြောင်း၏ အကျိုးကျေးဇူးများကို ကြော်ငြာရန်ဖြစ်သည်။ CP အုပ်စုသည် လယ်သမားများကို ဆွဲဆောင်ရန် ရွာသူကြီးများကို အဖွဲ့ဝင်အဖြစ်သွင်းသည်။ ရွာသူကြီးတစ်ဦးကဆိုလျှင် CP ပြောင်းစိုက်လယ်သမားများအတွက် ထီမှတ်စ်ဆင့် လယ်ထွန်စက်အသစ်တစ်ခု မဲဖောက်ပေးရန် ကတိပေးခဲ့သည်။ (ထိုဖြစ်ရပ်မှာ အဆုံးသတ်တွင် မဖြစ်ပေါ်ခဲ့ပေ။) ရွာလူကြီးများသည် လယ်သမားများ လိုအပ်သည်များကို ငွေကြေးအနည်းငယ်ဖြင့် ဖြန့်ဖြူးပေးလေ့ရှိသည်။ ဒေသခံအာဏာပိုင် များက ချမှတ်လိုက်သော ဤတရားဝင်မှုသည် လယ်သမားများကို ပါဝင်ပတ်သက်ရန် လွှမ်းမိုးခဲ့ဟန် တူသည်။

စီးပွားဖြစ်သီးနှံစိုက်ပျိုးခြင်းကို ရွာသူရွာသားများ အလျင်အမြန်ပင်စိတ်ဝင်စားလာကြသည်။ တစ်ချို့ ကျေးရွာဒေသများရှိ ရွာသူရွာသားများသည် ကြံကို စီးပွားဖြစ် သီးနှံအဖြစ် ယခင်က စိုက်ပျိုးခဲ့ရာ အခက်အခဲများ ရှိခဲ့သည်။ ရွာသူရွာသားအများစုမှာမူ မြေမြင့်ဆန်စပါးကို စားသုံးသီးနှံအဖြစ်သာ အများဆုံးစိုက်ကြသည်။ ထိုသို့စားသုံးသီးနှံ သို့မဟုတ် စီးပွားဖြစ်သီးနှံ စိုက်ပျိုးနေသော ရွာသူရွာသားများသည် အကျိုးအမြတ်လျင်မြန်စွာရသော CP ပြောင်းစိုက်ရန် အလွယ်တကူပင် ဖြားယောင်း ခံရသည်။ ကာလအတန်ကြာ၍ CP အုပ်စုက လိုအပ်သည့်အရာများအတွက် ငွေကြေးထောက်ပံ့ခြင်း ရပ်သွားသောအခါ ပိုချို့တဲ့သော ရွာသူရွာသာများသည် ထိုအရာများအား မိမိကိုယ်တိုင် ဝယ်ယူရန် မတတ်နိုင်ကြတော့ပါ။ ရှင်းလင်းပုံမပေါ်သော မျှော်လင့်ခြင်းများကြောင့် တစ်ချို့သောလယ်သမားများသည် CP အုပ်စု၏ လှည့်ဖြားခြင်းကို ခံခဲ့ရသလိုခံစားရသည်။ FGD တစ်ခုအတွင်း ပြောင်းစိုက်လယ်သမားတစ်ဦးသည် သူ့ပွဲစားက သူ့ကို CP ပြောင်းစိုက်ရန် မည်သို့ အယုံသွင်းသည်ကို ပြန်ပြောပြသည်။ 'ခင်ဗျားဆင်းရဲရင် CP ပြောင်းစိုက်ပြီးချမ်းသာအောင်လုပ်လိုရတယ်၊ ခင်ဗျားမချမ်းသာချင်ရင်တောင်မှ ချမ်းသာလာလိမ့်မယ်။' လိုအပ်သည့်ပစ္စည်းများကို ငွေကြေးထောက်ပံ့ပေးပြီး မြေဆီသြဇာကောင်းသောမြေကို အလွန်အကျွံမသုံးခင်က လူမှုစီးပွားအဆင့်အတန်းမြင့်သော လယ်သမားများအတွက် CP ပြောင်းစိုက်ခြင်းသည် အမြတ်ကောင်းကောင်းရစေသည်။ ဤသည်ကြောင့် CP ပြောင်းစိုက်ပျိုးသော ကျေးရွာများ များပြားလာ

ခဲ့သည်။ အသေးစားလယ်စိုက်ပျိုးသော လယ်သမားများအတွက် သင့်လျော်၍ တက်နိုင်သော ငွေကြေးမရှိခြင်းသည် အထူးသဖြင့် မြေမြင့်ဒေသရှိ ကျေးလက်လယ်ယာအဖွဲ့အစည်းများကို သမာရိုးကျ မဟုတ်သောပုဂ္ဂလိကငွေချေး လုပ်ငန်းများထံမှ ငွေသားနှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ချေးငှားရန် တွန်းအားပေးနေသည်။ ၂၀၁၂ ခုနှစ် မြန်မာ LIFT စစ်တမ်းကောက်ခံချက်အရ ဖြေဆိုသူများ တစ်ဝက်ခန့်ကဖြေဆိုသည်မှာ ကွဲပြားသော လယ်ယာဒေသနှင့် တိုင်းရင်းသားတို့နေထိုင်ရာ ပြည်နယ်များတွင် အဓိကတွေ့ရသော အရံအတားမှာ လယ်ယာအတွက် သွင်းကုန်ဝယ်ယူရန် ငွေကြေးမရှိခြင်းပင်ဖြစ်သည် ဟူ၍ပင်။ ဤလေ့လာချက်တွင်ပင် ဖြေဆိုသူတစ်ဝက်ခန့်က ဤငွေအရင်းအနှီးကို ဖြည့်ဆည်းရန် ဆိုင်ပိုင်ရှင် များအပါအဝင် ပွဲစားများထံမှ ငွေချေးကြသည်ဟူ၍ ပြောကြားသည်။ စစ်တမ်းတစ်ခုကတွေ့သည်မှာ ဤအိမ်ထောင်စုများ၏ သုံးပုံတစ်ပုံသည် သီးနှံမထွက်သော ကာလများတွင် အစားအသောက်အတွက်ပေးရန် ငွေချေးရသည် ဟူ၍ပင်။ ဤသည်မှာ စီးပွားဖြစ်သီးနှံများမှာ မျှော်မှန်းထားသည်ထက် မကြာခဏ အထွက်နှုန်းကျတတ်၍ဖြစ်သည်။ သာမန် အိမ်ထောင်စုများ၌ တစ်နှစ်တွင် ဆယ်လခန့်သာ လုံလောက်သော အစားအစာရှိရာ မြေမရှိသော အိမ်ထောင်စုများမှာ ပို၍ပင်နည်းသေးသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၏ သုံးပုံတစ်ပုံကို ရရှိစေပြီး အလုပ်သမားအင်အား၏ သုံးပုံနှစ်ပုံကို အလုပ်ပေးလေသည်။ နိုင်ငံရှိလူဦးရေ၏ သုံးပုံနှစ်ပုံမှာ အဓိကစားသုံးကုန်ထုတ်လုပ်သူများဖြစ်သည်။ နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်းသည် အရေးပါသော သမာရိုးကျ ဘဏ်ချေးငွေများ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ စိုက်ပျိုးရေးလုပ်ငန်း၌ ထောက်ကူပေးသည်။ အောက်ဖော်ပြပါအပိုင်းများသည် ကျေးလက်ငွေကြေးရင်းမြစ်များကိုပြသည်။

## (၆.၁) မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်(MADB)- ကုန်သည်များနှင့် ပွဲစားများသို့ချေးငွေများ

MOAI လက်အောက်ရှိ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည် အသေးစားလယ်သမားများအတွက် ငွေချေးယူနိုင်သည့် တစ်ခုတည်းသောအစိုးရ အရင်းအမြစ်ဖြစ်သည်။ MADB ချေးငွေများကို လက်ခံရယူသည့်ဖောက်သည် သုံးပုံနှစ်ပုံကျော်သည် အမှန်စင်စစ် လယ်သမားများမဟုတ်ဘဲ စိုက်ပျိုးရေး ကုန်သည်များဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့ဘာသာ လယ်သမားများကို သမားရိုးကျမဟုတ်ဘဲ ထောက်ပံ့ပေးကာ ပွဲစားများ၏ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြပါသည်။ မကြာသေးမီ နှစ်များအတွင်း ငွေးချေးယူမှု အတော်အတန်မြင့်မားလာသော်လည်း MADBသည် သီးနှံထုတ်လုပ်မှု ကုန်ကျစရိတ်၏ အကန့်အသတ် တစ်ခုကိုသာ ပေးရန်လုံလောက်သည့် ကာလတိုရာသီလိုက် ချေးငွေများကိုသာ ထောက်ပံ့ပေးသည်။ မြေနိမ့်စိုက်ပျိုးရေးစနစ်များအတွက် အစိုးရက သတ်မှတ်ထားသော ဦးစားပေးအစီအစဉ်များနှင့် ဘဏ္ဍာရေး နှင့် အခြေခံအဆောက်အအုံ အကန့်အသတ်များကြောင့် MADBသည် မြေနိမ့်ပိုင်းမှ စပါးစိုက်ပျိုးသော လယ်သမားများကိုသာ ဆက်လက်ငွေချေးပေးလျက်ရှိသည်။ လေးနှစ်ကျော်အကြာတွင် ပြန်လည်ပေးအပ်နိုင်သော တစ်ဧကလျှင် တစ်သောင်းကျပ် (အမေရိကန်ဒေါ်လာ ၁၀နီးပါး) တန်ဖိုးရှိ အစိုးရချေးငွေများ အတိုးနှုန်းကင်းလွတ်ခွင့်ကို CPပြောင်း စိုက်ပျိုးရန် အသေးစားစိုက်ပျိုးသူများအတွက် ရရှိနိုင်သည်ဟု ရှမ်းပြည်မြောက်ပိုင်းရှိ စိုက်ပျိုးရေးအာဏာပိုင်တစ်ဦးက အခိုင်အမာပြောကြားခဲ့သည်။ သို့သော်လည်း ဤ လေ့လာမှုတွင်ပါဝင်သည့် ကျေးရွာသုတေသနနေရာများရှိ မည်သည့် အိမ်ထောင်စုကမှ CP ပြောင်းဖူး ထွန်ယက်စိုက်ပျိုးခြင်းအတွက် အစိုးရချေးငွေများရရှိမှုကို အတည်ပြုခဲ့ခြင်း မရှိပါ။ အခြားဖိအားတစ်ခုမှာ လယ်သမားများအနေဖြင့် ချေးငွေများကို စီမံရန် MADB ဘဏ်ခွဲများသို့ ခရီးသွားစရိတ်နှင့်အတူ ရွှေပြောင်းဘဏ်လုပ်ငန်း (သို့) ကျေးရွာအခြေစိုက်ဘဏ်လုပ်ငန်းမရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် အသေးစားစိုက်ပျိုးထုတ်လုပ်သူအများစု၊ အထူးသဖြင့် စပါးမစိုက်ပျိုးသော လူစုအတွက် ငွေကြေးထောက်ပံ့မှုမှာ အလွန်နည်းပါးသည်။

၂၀၀၈ ခုနှစ်မေလအတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး စပါးစိုက်ပျိုးသော အိမ်ထောင်စုများနှင့် ၎င်းတို့၏ စိုက်ခင်းများ ပြုန်းတီးပျက်စီးခဲ့ပြီးနောက် မြန်မာအစိုးရသည် လယ်သမားများအတွက် မုတ်သုံရာသီအမီ စပါးစိုက်ပျိုးနိုင်စေရေး ကူညီပေးရန် အသေးစားစပါးစိုက်ပျိုး သူများအတွက် အစိုးရ၏ပုဂ္ဂလိကချေးငွေအဖွဲ့အဖြစ်ဆောင်ရွက်ရန် "အထူးစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီများ" (SACs) ကိုတည်ထောင်ခဲ့ပါသည်။ ပုဂ္ဂလိကစိုက်ပျိုးရေး စီမံချက်အရ ပိုမိုကြီးမားသော စပါးစိုက်ပျိုးမှုများအတွက် SACs မှ ပံ့ပိုးပေးသော မများသောအတိုး

နှုန်း၊ မများသောချေးငွေခွင့်ပြုသည့်ကာလအတွက် အလဲအလှယ်အနေဖြင့် အဆိုပါကူညီပေးသော ကုမ္ပဏီများသည် အစိုးရ၏ ရက်ရက်ရောရော ထောက်ပံ့သော ဆန်တင်ပို့ခွင့်ကို ရရှိမည်။ နှစ်အနည်းငယ်အတွင်း သီးနှံဆုံးရှုံးမှု၊ ရေကြီးမှုနှင့် စပါးဈေး နိမ့်ကျမှုတို့ကြောင့် ပြန်လည်ပေးချေမှုနှုန်းနိမ့်ကျမှုနှင့် ငွေကြေးထောက်ပံ့ဖြည့်သွင်းခြင်းတို့၏ကုန်ကျစရိတ်မြင့်မားမှုတို့ကြောင့် SACs(၆၀) နီးပါး ရှိရာမှ မည်သည့်ကုမ္ပဏီမှ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်စွမ်း မရှိခဲ့ပေ။

## (၆.၂) ပုဂ္ဂလိကဘဏ်များ-လယ်သမားများသို့ချေးငွေများ

အခြားအရေးပါသော ငွေကြေးပြုပြင်ပြောင်းလဲမှုမှာ ပုဂ္ဂလိကဘဏ်များက လယ်သမားများကို ငွေချေးခြင်းကို ခွင့်ပြုလိုက်ခြင်းပင်။ အတိုးနှုန်းမြင့်မားခြင်းနှင့် နိုင်ငံတော်၏ ထိန်းသိမ်းရန်အပ်နှင်းထားသော ကန့်သတ်ချက်များကြောင့် အန္တရာယ်ရှိရန် အလားအလာရှိသော အသေးစားလယ်သမားများကို ချေးငှားလျှင် အကျိုးအမြတ်မရနိုင်ပေ။ INGOs နှင့် ပုဂ္ဂလိကဘဏ်များမှ ကြီးမားသော အာရုံစိုက်ခြင်းကို ရရှိရန် မျှော်လင့်သော အသေးစားငွေကြေးဝန်ဆောင်မှု ဥပဒေပြဌာန်းပြီးနောက် ၎င်းသည် အလားအလာကောင်းပြီး အရေးပါသည့် အရင်း အနှီးချေးငှားသော လုပ်ထုံးလုပ်နည်းအဖြစ်ထွက်ပေါ်လာသည်။ ယခင်စစ်အစိုးရ၏ ပိတ်ဆို့ချုပ်ချယ်မှု ကြောင့် မြန်မာနိုင်ငံတွင် ကျေးလက်အိမ်ထောင်စု အရေအတွက်နှင့် နယ်မြေဒေသမည်မျှသို့ ရောက်ရှိမှု ဖြင့် တိုင်းတာသော အသေးစားငွေကြေး ဝန်ဆောင်မှု အဖွဲ့အစည်းများ၏ နယ်ပယ်နှင့် အတိုင်းအတာမှာ အလွန်နည်းသေးသည်။ အသေးစားလယ်ယာစိုက်ပျိုးသူများအတွက် အသေးစားငွေကြေး ဝန်ဆောင်မှုသည် အခွင့်အလမ်းများလည်းပေးပြီး အန္တရာယ်လည်းများစွာပေးလေသည်။

## (၆.၃) တရားမဝင်ငွေချေးသူများ

ငွေချေးသူများ သို့မဟုတ် ပွဲစားများသည် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများကို ငွေအရင်းအနှီး ထုတ်ပေးရေးတွင် အစဉ်အလာအရ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခဲ့လေသည်။ ဗြိတိသျှ ကိုလိုနီခေတ်တွင် ချစ်တီး ဟုခေါ်သော အိန္ဒိယငွေချေးသူများသည် မြစ်ဝကျွန်းပေါ်ဒေသ ဆန်စပါးဖြစ်ထွန်းမှုကောင်းမွန်ခြင်းတွင် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ခဲ့သည်။ ၁၉၃၀ အစောပိုင်းနှစ်များတွင် ဆန်စပါးဈေးထိုးကျသွားသောအခါ စပါး စိုက်ပျိုးသူများသည် အကြွေးပေးရန် မတတ်နိုင်သောကြောင့် ၎င်းတို့၏ လယ်မြေများကို ချစ်တီးများထံ ဆုံးရှုံးခဲ့ရသည်။ လယ်မည်မျှလွဲခဲ့ရသည်မှာ ယခုထိ အငြင်းပွားနေရတုန်းပင်ဖြစ်သည်။

ဒေသခံငွေချေးသူများသည် ပွဲတော်၊ မင်္ဂလာပွဲ၊ အသုဘ၊ ဆန်ရှားချိန်စသော ငွေကုန်ကြေးကျ များသောအခါသမယများ၌ အစဉ်အလာအရ မိသားစုများကို ငွေချေးရန် လွယ်ကူအောင်ပြုလုပ်ထား ကြသည်။ ရှမ်းပြည်နယ်ရှိ ဘိန်းစိုက်ဒေသများတွင် ဘိန်းစီးပွားရေးက ပွဲစားစနစ်ကို ထောက်ပံ့ပေးသည်။ ဘိန်းစိုက်ပျိုးသူများကို ပွဲစားများက အကြွေးထုတ်ပေးပြီး ၎င်းတို့ကပွဲစားများကို ဘိန်းဖြင့် ပြန်ဆပ်ရသည်။ ပွဲစားများသည် ရွာသူရွာသားများအတွက် ဘိန်းပွဲစားလည်းဖြစ်လေသည်။ ဘိန်းစီးပွားရေးသည် သီးနှံအထွက်ကောင်းသောကြောင့် စားနပ်ရိက္ခာဖူလုံခြင်းကို မြင့်တက်စေကာ တစ်နှစ်ပတ်လုံးဝင်ငွေ ထောက်ပံ့ပေးသဖြင့် အမြတ်ရရန်အတွက် မှီခိုအားထား၍ ကောင်းလေသည်။ ဘိန်းမစိုက်တော့သော အိမ်ထောင်စုများသည် သူတို့၏ အဓိကဝင်ငွေ  အရင်းအမြစ် ဆုံးရှုံးရသောကြောင့် စိုက်ပျိုးရေးပစ္စည်းများ ဝယ်ယူရန်နှင့် အိမ်သုံးငွေများ စီမံရန် ငွေချေးသူများထံ မှီခိုရ၍ စားနပ်ရိက္ခာမဖူလုံခြင်းနှင့် ကြွေးတင်ခြင်းတို့ အဖြစ်များလာသည်။ ကွင်းဆင်းသုတေသန  အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းအရ ငွေချေးသူများ၏ မိရိုးဖလာ အလေ့အကျင့်များပြောင်းလဲလာသည်။ ယခင်က ပျက်ကွက်သော အကြွေးများကို ချေလိုက်မည် သို့မဟုတ် သက်ညှာသောပွဲစားများဆိုလျှင် ပြန်လည်ညှိနှိုင်းပေးသည်။ ယခုမူ တစ်ချို့ဒေသရှိ ပွဲစားတို့၏ မြေဈေးကစားခြင်းကြောင့် ပြန်လည်ပေးချေရေးအခြေအနေမှာ ကြပ်တည်းလာသည်။ ကျေးလက်စီးပွားရေး၏ သဘာဝအရင်းအမြစ် အရင်းခံတို့သည် ပျက်စီးလာခြင်း၊ ဘိန်းစီးပွားရေးသည် အာဏာပိုင်တစ်ချို့ကြောင့် အလွန်အမင်းဖိအားနှင့် ရင်ဆိုင်ရခြင်း၊ အလွန်အမင်း အားစိုက်ရသော တရားဝင်သီးနှံနှင့် ဘိန်းစိုက်ပျိုးရေး သည် တွင်ကျယ်လာခြင်းတို့ကြောင့် 'မိရိုးဖလာ' ငွေချေးလုပ်ငန်းသည် မကြာသေးမီက တစ်ဖန်ခေတ်စားလာသည်။

# ၇။ ဒေသတွင်းကွဲပြားတိရစ္ဆာန်အစာ ပြောင်းဖူး၏ နိုင်ငံရေးဘောဂဗေဒ

## (၇.၁) ကမ္ဘာတစ်ဝှမ်းနှင့် အရှေ့တောင်အာရှရှိ ပြောင်းထုတ်လုပ်ရေးနှင့် ဝယ်လိုအား

ပြောင်းဖူးသည် ကမ္ဘာတစ်ဝှမ်းတွင် ဦးစားပေးစက်မှုလုပ်ငန်းသုံး စွယ်စုံရသီးနှံဖြစ်ပြီး ၎င်းကို လူသားတို့အတွက် အစာ၊ တိရစ္ဆာန်အစာနှင့် ဇီဝလောင်စာအဖြစ် အသုံးပြုကြသည်။ အမေရိကန်သည် ကမ္ဘာ့အကြီးမားဆုံးပြောင်းဖူးထုတ်လုပ်သူနှင့် တင်သွင်းသူအဖြစ် ရပ်တည်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် အရှေ့နှင့် အရှေ့တောင်အာရှတွင် လူလတ်တန်းစားတို့၏ စားသုံးမှုကြောင့် တစ်ဦးချင်းစီအသားစားနှုန်းမြင့်တက်လာ၍ ပြောင်းဖူးထုတ်လုပ်ရေးမှာ အာရှသို့တိုး၍ ရွှေ့လျားလာခဲ့သည်။ နှစ်စဉ်တိရစ္ဆာန်အစာအတွက် တစ်ကမ္ဘာလုံးပြောင်းဖူးဝယ်လိုအားမှာ ထောက်ပံ့မှုထက်များနေသည်။ ၂၀၀၉ ခုနှစ်ကဆိုလျှင် အာရှတွင် ပြောင်းဖူးဝယ်လိုအားတန်ပေါင်းသန်း ၁၀၀ ရှိခဲ့သည်။ ဤပြောင်းလဲမှုများသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ပြောင်းဖူးဈေးကို ၃၀ရာခိုင်နှုန်း မြင့်တက်စေခဲ့ပြီး ပို၍ ထုတ်လုပ်ရန် အားပေးခဲ့သည်။

ဥပမာအားဖြင့် ဧရာဝတီ-ကျောက်ပရာယာ-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)နှင့် အပေါင်း ၃ (တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား) တို့ကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စေ့စပ်ညှိနှိုင်းခြင်းသည် စက်မှုလယ်ယာထွက် လူသုံးကုန်များကို ထုတ်လုပ်ခြင်း အပါအဝင် ပို၍ လွတ်လပ်သော စီးပွားရေးလိုလားသော အခြေအနေများကို ဖန်တီးပေးသည်။ ဤသည်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့တွင် ပြောင်းဖူးလယ်ယာ အငှားစိုက်ပျိုးရန် ဈေးသက်သာသော သွင်းကုန်များရှာဖွေရေးကို ထိုင်းက တိုးမြှင့်ပေးသော ထောက်ပံ့ခြင်းများဖြစ်ပေါ်စေသည်။

## (၇.၂) မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်ရှိ ပြောင်းဖူးထုတ်လုပ်ရေး

ပြောင်းဖူးကို စက်မှုသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းပုံစံသည် မြန်မာနိုင်ငံရှိ အခြားသော လယ်ယာလူသုံးကုန်များကို အမြောက်အမြားထုတ်လုပ်ခြင်းနှင့် ကွဲပြားသည်။ ပထမဦးစွာ စက်မှုလုပ်ငန်း ထုတ်ပြောင်းဖူးသည် ရော်ဘာနှင့် စားအုန်းဆီတို့ကဲ့သို့ အစိုးရအားပေးသည့် စက်မှုသီးနှံမဟုတ်ပေ။ ဒုတိယမှာ CP ပြောင်းဖူးသည် လုပ်ကွက်ငယ်တောင်သူများကသာ စိုက်ပျိုးပြီး ကြီးကျယ်သည့်လုပ်ငန်းမဟုတ်ပေ။ တတိယအချက်မှာ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယင်းအတွက် လျာထားထုတ် လုပ်ချက်ကို တက်တက်ကြွကြွမြင့်တင်ပေးခြင်းနှင့် အမျိုးသားရေးဝေစုခွဲတမ်းချခြင်းတို့ မရှိပေ။ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ကုန်သွယ်မှုများကို ပြည်တွင်းနှင့်ဒေသဆိုင်ရာ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ကုန်သည် များကသာ သီးသန့်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် CPပြောင်းဖူးသည် မြန်မာအစိုးရ၏ နီးကြားသော စည်းမျဉ်းစည်းကမ်းမပါဘဲ မည်သည်တို့ကို ဆောင်ရွက်နိုင်သနည်းဟူ၍ သိနိုင်ရန် စမ်းသပ်ချက်တစ်ခုသာဖြစ်သည်ဟု ထင်မြင်နိုင်လေသည်။

### *မြန်မာ စီပီ ပြောင်းဖူးတစ်ခေတ်*

စီပီပြောင်းဖူးများ စိုက်ပျိုးရောင်းချပြီး ၁၅ နှစ်အကြာ ရှမ်းပြည်နယ်တွင် အထွက်နှုန်းမြင့်မား၍အကျိုးအမြတ်များသော ပြောင်းဖူးစိုက်ပျိုးမှု များပြားလာပြီး တရုတ်နယ်စပ်တစ်လျှောက် တင်ပို့မှုနှုန်းများလည်း တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်းရှိ အထွက်နှုန်းမြင့်မားသော ပြောင်းဖူးအမျိုးအစားများထဲတွင်မှ၈၀-၉၀ ရာခိုင်နှုန်းသည် စီပီ ပြောင်းဖူး အမျိုးအစား ဖြစ်သည်။ အမျိုးပေါင်း ၈၈ မျိုးရှိပြီး နေရာဒေသ တော်တော်များများတွင် လူသိများသော ပြောင်းဖူးအမျိုးအစားများဖြစ်သည်ဟုစီပီဒေသဆိုင်ရာ ရုံးများမှ ကိုယ်စားလှယ်များ၏ပြောကြားချက်အရ သိရသည်။ ရှမ်းပြည်နယ်တွင် စပါးပြီးလျှင် ပြောင်းဖူးမှာဧကအလိုက် စိုက်ပျိုးမအများဆုံးဖြစ်သည်။ မြန်မာအစိုးရစာရင်းများအရ ၂၀၁၃ ခုနှစ်အတွင်း ရှမ်းပြည်နယ်တွင် ပြောင်းဖူးစိုက်ပျိုးမှု ဧကပေါင်း ၅၀၀ ၀၀၀ ရှိသည်။ သို့သော် စီပီ အုပ်စု၏ ရောင်းရသောအိတ်ပေါ်မူတည်၍ တွက်ချက်မှုစာရင်းအရ ဧကပေါင်း ၇၅၀ ၀၀၀ နီးပါးရှိသည်။ (ပြောင်းဖူးစိုက်ပျိုးမှုနှင့်ဆိုင်သော အစိုးရ စာရင်းများအတွက် ဇယား ၁ ၊ ၂ နှင့် ပုံ ၂၊ ၃ ကိုကြည့်ပါ။ )

စီပီအုပ်စု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၁၉၇၀ နှင့် ၁၉၈၀ နှစ်များအတွင်း များပြားတိုးတက်လာသော တရုတ်-ထိုင်း စီးပွါးရေးဆက်ဆံမှုများအပေါ်တွင်အခြေခံသည်။ စီပီအုပ်စုသည်ဖွံ့ဖြိုးတိုးတက်လာသော ထိုင်းလူလတ်တန်းစားများ၏ အသားစားသုံးမှုမြင့်တက်လာမှုအပေါ် ဦးတည်ခဲ့သည်။တရုတ်နိုင်ငံတွင် ဈေးကွက်အသာရရှိမှုနှင့် ၄င်း၏အကျိုးကျေးဇူးများ ရရှိလာသည်နှင့် တစ်ပြိုင်နက် စီပီအုပ်စုသည် ၄င်းတို့အုပ်စုအမှုဆောင်အရာရှိ၏ တရုတ်မျိုးနွယ်အမွေအနှစ်ကို အပြည့်အဝအသုံးချကာ ထိပ်တန်းတရုတ်ပါတီဝင်များနှင့် စီးပွါးရေးသဘောတူညီချက်များကို အပြီးသတ်ညှိနှိုင်းနိုင်ခဲ့သည်။စီပီအုပ်စုသည် တရုတ်နိုင်ငံတွင် စီးပွါးရေးပြုလုပ်ခွင့်ရသော ပထမဆုံးနိုင်ငံခြား ကုမဏီဖြစ်ခဲ့သည်။ ထိုနည်းဖြင့် ၄င်းသည် ကမ္ဘာ့စုံတွင် လျှင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာပြီး ဒေသတွင်း အထက်အောက်ပေါင်းစည်းသော စိုက်ပျိုးမွေးမြူရေး ကုန်စည်စီးဆင်းမှုကို တည်ထောင်နိုင်ခဲ့သည်။

စီပီအုပ်စုသည် ယခု၄င်း၏ ပြောင်းဖူးစေ့များကို ကမ္ဘောဒီယားနှင့်လာအိုရှိ လက်ခွဲများအပြင် အခြားအသေးစားထုတ်လုပ်မှုများမှ ရရှိသည်။ ရှမ်းပြည်နယ်သည်သင့်တင့်မျှတသော စိုက်ပျိုးစီးပွါးရေးအခြေအနေ၊ လုပ်ကွက်ငယ်တောင်သူ လယ်သမားများပြားမှု ၊ စိုက်ပျိုးမြေနေရာ လုံလောက်စွာရှိမှု ၊ စစ်တပ်မှ ထိပ်ပိုင်းအရာရှိများနှင့်ညှိနှိုင်းဆောင်ရွက်မှုများ ၊ တရုတ်နိုင်ငံ၏ အနောက်ဘက်တံခါးမှ လွယ်ကူသောကုန်သွယ်မှုလမ်းကြောင်း စသည့်အချက်များဖြင့်စီပီအုပ်စု၏ မြောက်မြားလှစွာသော စီးပွါးရေးစံနှုန်းများကို ဖြည့်ဆည်းပေးနေသည်။ ထို့ကြောင့်ရှမ်းပြည်နယ်သည် စီပီအုပ်စု၏ ပွဲဦးထွက် နည်းဗျူဟာအတွက် ဦးတည်ရာဖြစ်ခဲ့သည်။ ပထမဆုံး တရုတ်-မြန်မာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု သီးသန့်အစီအစဉ်သည် စီပီအုပ်စုနှင့် မြန်မာစစ်ခေါင်းဆောင်များ ၁၉၉၆ တွင်သဘောတူခဲ့သော ဘိန်းအစားထိုး သီးနှံစိုက်ပျိုးမှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် တရုတ်ပြည်ကြက်စာဈေးကွက်အတွက် အထွက်နှုန်းမြင့်မားသော စီပီပြောင်းဖူးစေ့များကို ရှမ်းပြည်နယ်ရှိ လယ်သမားများအား စိုက်ပျိုးရောင်းချစေရန်ဖြစ်ခဲ့သည်။

တရုတ်ပြည်၏ စက်မှုစိုက်ပျိုးရေးနှင့် သဘာဝလောင်စာအသီးအနှံများဖြစ်သည့် ပိန်းဥ၊ ကြံနှင့် ပြောင်းဖူးများကို ဝယ်လိုအားတိုးတက်လာမှုနှင့်တကွ ရှမ်းပြည်နယ်ရှိ အသေးစားတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးစနစ်လည်းပြောင်းလဲလာခဲ့သည်။တောင်ပေါ်စိုက်ပျိုးမြေများတွင် ဒေသပြောင်းမျိုးများကို ကြက်စာ ၊ ဝက်စာအစရှိသဖြင့် အိမ်မွေးတိရစ္ဆာန်အစာအတွက်သာမက အဖိုးနည်းဈေးကွက်အတွက်လည်း ထွန်ယက်စိုက်ပျိုးလာကြသည်။ ယခုအခါတွင် ဒေသပြောင်းမျိုးများကို စိုက်ပျိုးမှုနည်းပါးလာပြီး အများအားဖြင့် အိမ်သုံးရန်အတွက်သာစိုက်ပျိုးလာကြတော့သည်။ ဈေးကွက်တွင်လည်း စီပီပြောင်းဖူး၏ ဈေးကွက်လွှမ်းမိုးမှုကြောင့် ဒေသပြောင်းဈေးမှာ အနည်းငယ်သာရှိသည်။ စီပီပြောင်းဖူးကိုစိုက်ပျိုးရခြင်းမှာ ဒေသပြောင်းကိုစိုက်ပျိုးရခြင်းနှင့် ယှဉ်လျှင် လုပ်အားအရရော စိုက်ပျိုးရေးအရပါ အကျိုးဖြစ်ထွန်းမှုများစွာရှိသည်။ စီပီပြောင်းဖူးသည် တစ်ဖူးချင်းစီတွင် ပြောင်းစေ့ပိုပါခြင်း၊ ပြောင်းဆန်အလေးပိုစီးခြင်း၊ ဈေးကွက်တွင်ဈေးပိုရခြင်း၊ ပေါင်းသင်ရန်နှင့် ထိန်းသိမ်းရန်သိပ်မလို၍ အလုပ်ပိုသက်သာခြင်း၊ အလုပ်သမားစရိတ်ကိုလျှော့ချပေးနိုင်ခြင်း၊ သန်မာသောပြောင်းဖူးများသည် ကြားခံအပင်စိုက်ရန်မလိုခြင်း ၊ ကြားခံအပင်မှရမည့် နိုက်ထရိုဂျင်ဓာတ်ကို ဓာတုပစ္စည်းများဖြင့် အစားထိုးနိုင်ခြင်းစသည့် အားသာချက်များရှိသည်။

မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ်လယ်ယာထုတ်လုပ်မှုစီမံကိန်းများ၏ လူမှုစီးပွားအကျိုးသက်ရောက်မှုကို ထဲထဲဝင်ဝင် လေ့လာရန် ရှမ်းပြည်နယ်ရှိ စက်မှုလုပ်ငန်းဆိုင်ရာ အထွက်တိုးသော CPပြောင်းဖူးထုတ်လုပ်မှုကို ရွေးချယ်ခဲ့သည်။ အကြောင်းမှာ

၁။ CPပြောင်းသည် ကမ္ဘာနှင့်ချီ အရေးကြီးသော စွယ်စုံရသီးနှံဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းကို အစားအစာအတွက် လည်းကောင်း၊ တိရစ္ဆာန်ကျွေးရန်လည်းကောင်း၊ လောင်စာဈေးကွက်၏ အတက်အကျအပေါ် မူတည်၍ လည်းကောင်း အသုံးပြုနိုင်သည်။

၂။ ဒေသအလိုက် အရေးကြီးသော တိရစ္ဆာန် အစာသီးနှံလည်းဖြစ်သည်။

၃။ မြန်မာနိုင်ငံ တောင်တန်းဒေသရှိ နိုင်ငံခြားကုမ္ပဏီက စီမံခန့်ခွဲသော တစ်ခုတည်းသော လုပ်ကွက်ငယ် လယ်ယာ ထုတ်လုပ်မှုစီမံကိန်းဖြစ်သည်။

## (၇.၃) အရှေ့တောင်အာရှနှင့် မြန်မာတွင် ကန်ထရိုက်လယ်ယာစိုက်ပျိုးခြင်း

မဲခေါင်ဒေသတွင် ပြုလုပ်သောစစ်တမ်းအရ နယ်စပ်ဖြတ်ကျော် စိုက်ပျိုးရေးစီးပွါးလုပ်ငန်း ကုမ္ပဏီများသည်ဒေသခံ လယ်သမားများနှင့် တိုက်ရိုက်ဖြစ်စေ၊ ပွဲစားများမှတစ်ဆင့်ဖြစ်စေ လယ်ယာအငှားစိုက်ပျိုးခြင်းကို ပြုလုပ်လျက် ကုန်များကိုရှာဖွေနေကြသည်။ အစိုးရများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည်လည်း အငှားလယ်ယာစိုက်ပျိုးခြင်းကို အားပေးမြှင့်တင်လျက်ရှိသည်။ ထို့အတွက် ၎င်းသည် လျင်မြန်စွာ ကျယ်ပြန့်လာသည်။ သို့သော် မြန်မာနိုင်ငံတွင် အနည်းငယ်မျှသောလုပ်ငန်းစုများကသာ ငွေချေးအငှားချ စိုက်ပျိုးနည်းစနစ်ကိုသုံးကြသည်။အများစုမှာမူ မြန်မာအစိုးရ၏ မူဝါဒနှင့်အညီ ဒိုင်ကြီးများမှသာ ရောင်းဝယ်သောစနစ်ကိုပိုမိုသဘောတွေ့သည်။ ကုမ္ပဏီ၏ ရည်ရွယ်ချက်၊ နေရာဒေသနှင့် အသီးနှံအထွက်နှုန်းပေါ်မူတည်၍ စီးပွါးရေးပုံစံမှာကွာခြားသည်။

ဒေသတွင်းနှင့် နိုင်ငံတကာအစားအသောက်လုပ်ငန်းများ၊ သဘာဝလောင်စာနှင့် တိရစ္ဆာန်အစာ ဈေးကွက်အတွက် အခြေခံအားဖြင့် စပါး၊ ရော်ဘာ ၊ ဆီအုန်း၊ ပိန်းဥနှင့် ကြံ စသည်တို့ကိုနိုင်ငံရပ်ခြားစီးပွါးရေးလုပ်ငန်းစုအနည်းငယ်ခန့်က စိုက်ပျိုးရောင်းချသော်လည်း အများအားဖြင့် ဒေသတွင်းလုပ်ငန်းစုများအတွက် ဒိုင်ကြီးများကသာ စုဆောင်းရောင်းချပေးသည်။ သို့သော် ၎င်းဒိုင်စနစ်သည် နည်းပညာအရရော နိုင်ငံရေးအရပါ ကြီးစွာသောဆုံးရှုံးမှုဖြစ်ပေသည်။

## (၇.၄) အရှေ့ တောင်အာရှနှင့်မြန်မာရှိ စီပီအုပ်စု

၁၉၉၀ ပြည့်နှစ်များတွင် စတင်တည်ထောင်ပြီး ကောင်းစွာပေါင်းစပ်ထားသော၊ အထွက်နှုန်းကောင်းသော စီပီအုပ်စု၏ ပြောင်းဖူးများမှာ တရုတ်၏ဒေသတွင်း ကြက်စာဈေးကွက်ကို ကောင်းစွာနေရာယူထားသည်။ ၎င်းသည် မြန်မာ၏ သက်တမ်းအရှည်ကြာဆုံးသော ၊ အဖွဲ့အစည်းဦးဆောင်သော ၊ ဈေးကွက်အခြေခိုင်သော အသေးစားထုတ်လုပ်မှုပုံစံဖြစ်သည်။ စီပီအုပ်စုသည် ထိုင်းနိုင်ငံ၏ ကဏ္ဍစုံတွင် ပါဝင်ပါတ်သက်နေသော အကြီးမားဆုံး စီးပွါးရေးလုပ်ငန်းစုဖြစ်ပြီး ကမ္ဘာတွင် လွတ်လပ်သောအကြီးဆုံး တိရစ္ဆာန်အစာထုတ်လုပ်သူဖြစ်သည်။ တရုတ်ပြည်၏ တိရစ္ဆာန်အစာနှင့်သားပေါက်ဈေးကွက်တွင် ပထမဆုံးနှင့် အကြီးဆုံး ရင်းနှီးမြုပ်နှံသူတစ်ဦးဖြစ်သည်နှင့်အညီ စီပီအုပ်စုသည် ဈေးကွက်တွင် ဆက်လက် တိုးချဲ့ယှဉ်ပြိုင်နေသည်။ စီပီပြောင်းဖူးထုတ်လုပ်ရေး ကုမ္ပဏီသည် သက်တမ်းအကြာဆုံး ပုဂ္ဂလိကလုပ်ငန်းအမျိုးအစားကို ဖော်ဆောင်နေသည်။ တစ်နည်းအားဖြင့် မြန်မာတွင်လယ်ယာ အငှားချခြင်းစနစ်ကိုတွေ့သည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး အစီအစဉ်အောက်တွင်စီပီအုပ်စုသည် ၎င်း၏ စီမံကိန်းအတွက် ရှမ်းပြည်နယ်ကိုရွေးခဲ့သည်။ အကြောင်းမှာ ၎င်းသည်တရုတ်ပြည်၏ တိရစ္ဆာန်အစာဈေးကွက်အတွက် အကောင်းဆုံး မြေအနေအထားကို ပိုင်ဆိုင်ခြင်းကြောင့် ဖြစ်သည်။

စီပီအုပ်စုသည် ထိုင်းနိုင်ငံ၏ ဒေသတွင်းကြက်စာဈေးကွက်ကို ရောင်းချနိုင်ရန်အတွက် ၎င်း၏ ထုတ်လုပ်မှုကိုမြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်တွင် တိုးချဲ့လျက်ရှိသည်။ အထူးသဖြင့် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အပစ်အခတ်ရပ်စဲရေး အတွက်ညှိနှိုင်းလျက်ရှိသော ကရင်ဒေသတွင်၂၀၁၃ ခုနှစ်အတွင်း ပို၍သယ်ယူပို့ဆောင်


ရေး လွယ်ကူခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စီပီအုပ်စုသည် မြန်မာ့စိုက်ပျိုးရေး ကဏ္ဍတွင် ၁၉၉၀ ပြည့်နှစ်များအလယ်မှ စတင်ရင်းနှီးမြုပ်နှံလာခဲ့သော အမေရိကန်ဒေါ်လာ သန်း ၁၅၀ အပြင် ဒေါ်လာသန်း ၅၅၀ ထပ်မံရင်းနှီးမြုပ်နှံမည်ဟု ၎င်း၏ မြုပ်နှံမှုအစီအစဉ်ကိုပြောကြားခဲ့သည်။ အဆိုပါရင်းနှီးမြုပ်နှံမှုအစီအစဉ်တွင် ပြောင်းခင်းများ ၊ စပါးခင်းနှင့်ဆန်စက်များ ၊ ပင်လယ်သတ္တဝါများနှင့် လယ်ယာသုံးကျွဲ ၊နွားများ ၊ မွေးမြူရေးခြံများ စသည်တို့ပါဝင်သည်။ စီပီအုပ်စုသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမူသစ်ကိုချမှတ်လိုက်သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးစိုက်ပျိုးရေးနှင့် အစား အသောက်ထုတ်လုပ်ရေး လုပ်ငန်းစု အမေရိကန်နိုင်ငံအခြေစိုက် ကာဂေးလ် ကုမ္ပဏီသည် ရန်ကုန်တွင်ရုံးတစ်ရုံးဖွင့်လှစ်ထားရှိပြီး ပြောင်းဖူးထုတ်လုပ်မှုအပေါ်အဓိကထား၍ တိရစ္ဆာန်အစာပို့ကုန်သွင်းကုန် ဈေးကွက်အခွင့်အလမ်းများကို ရှာဖွေသွားမည်ဖြစ်သည်။ နိုင်ငံတကာ အစားအသောက်နှင့် စိုက်ပျိုးစီးပွါးရေးကုမ္ပဏီတစ်ခုဖြစ်သော ဒူပွန့်ထ်သည်လည်း ရန်ကုန်တွင် ရုံးတစ်ရုံးဖွင့်လှစ်ထားပြီး တိရစ္ဆာန်အစာဈေးကွက်အတွက် ပြောင်းဖူးထုတ်လုပ်ရေးလုပ်ငန်းကို ရှာဖွေလျက်ရှိသည်။

**ဇယား ၁ : ရှမ်းပြည်တောင်ပိုင်း စက်မှုပြောင်းစိုက်မှု (ဧက) ၂၀၁၃/၂၀၁၄**

| ခရိုင် | မြို့နယ် | စိုက်ပျိုးသည့်ဧက | မြို့နယ် | စိုက်ပျိုးသည့်ဧက |
|---|---|---|---|---|
| တောင်ကြီး | စုစုပေါင်း | ၁၄၇,၀၂၃ | | |
| | တောင်ကြီး | ၅၂,၉၆၀ | ပင်းတယ | ၇,၈၅၇ |
| | ဟိုပန် | ၇,၀၀၄ | ရွာငံ | ၄,၈၃၀ |
| | ညောင်ရွှေ | ၄,၄၉၉ | ရပ်စောက် | ၄၀,၅၁၂ |
| | ဆီဆိုင် | ၉,၉၈၉ | ပင်လောင်း | ၆,၅၅၂ |
| | ကလော | ၃,၁၃၀ | ဖယ်ခုံ | ၉,၆၉၀ |
| လွိုင်လင် | စုစုပေါင်း | ၃၀,၆၀၆ | | |
| | လွိုင်လင် | ၁,၂၉၀ | ကျေးသီး | ၅,၉၇၄ |
| | Lai Hka | ၁,၁၄၁ | မိုင်းကိုင် | ၃,၈၉၅ |
| | နမ့်ဆန် | ၁၄,၆၀၂ | မိုင်းရှူး | ၁,၅၅၄ |
| | ကွန်ဟိန်း | ၂,၁၅၀ | | |
| Langkho | စုစုပေါင်း | ၆,၃၀၃ | | |
| | Lang Kho | ၁,၃၃၇ | မောက်မယ် | ၁,၁၇၀ |
| | Mong Nai | ၂,၄၃၆ | Mong Pan | ၁,၃၆၀ |
| **စုစုပေါင်း စိုက်ပျိုးသည့် ဧက ၁၈၃,၉၃၂** | | | | |

**ရင်းမြစ်: ပြည်နယ်ရုံးချုပ်, MoAI, တောင်ကြီး, ရှမ်းပြည်နယ်။**

ပုံ ၂: ရှမ်းပြည်တောင်ပိုင်းရှိ မြို့နယ်အလိုက် စက်မှုပြောင်း စိုက်ပျိုးသည့်ဧကပြမြေပုံ၊ ၂၀၁၃ /၂၀၁၄




ဇယား ၂ : ရှမ်းပြည်မြောက်ပိုင်း စက်မှုပြောင်းစိုက်မှု (ဧက) ၂၀၁၃/၂၀၁၄

| ခရိုင် | မြို့နယ် | စိုက်ပျိုးသည့်ဧက | မြို့နယ် | စိုက်ပျိုးသည့်ဧက |
|---|---|---|---|---|
| လားရှိုး | စုစုပေါင်း | ၇၈၃,၀၉ | | |
| | လားရှိုး | ၄၆,၁၂၈ | | ၁၁.၉၁၇ |
| | ဆီနီ | ၁၄,၇၂၉ | | ၅.၅၃၅ |
| မူဆယ် | စုစုပေါင်း | ၃၃,၂၂၈ | | |
| | မူဆယ် | ၉,၉၇၆ | | ၁၈,၀၅၉ |
| | နမ့်ခန်း | ၅,၁၉၃ | | |
| ကျောက်မဲ | စုစုပေါင်း | ၁၂၄,၂၆၂ | | |
| | ကျောက်မဲ | ၃၀,၅၀၇ | | ၆၇၇ |
| | သီပေါ | ၂၁,၄၈၇ | | |
| | ညောင်ချို | | | ၄၄၂ |
| | နမ္မတူ | ၁၀,၃၇၅ | | ၁၇၁၇ |
| ကွမ်းလုံ | စုစုပေါင်း | ၇,၂၆၇ | | |
| | ကွမ်းလုံ | ၇,၂၆၇ | | |
| လောက်ကိုင် | စုစုပေါင်း | ၂၇,၅၁၃ | | |
| | လောက်ကိုင် | ၇,၂၈၂ | | ၁၀,၂၃၁ |
| ဝဒေသ | စုစုပေါင်း | ၁၄,၄၉၅ | | |
| | ဟိုပန် | ၁၂,၇၁၅ | | ၁,၇၈၀ |
| စုစုပေါင်း စိုက်ပျိုးသည့် ဧက ၂၈၅,၀၇၄ | | | | |

ရင်းမြစ်: ပြည်နယ်ရုံးချုပ်, MoAI, တောင်ကြီး, ရှမ်းပြည်နယ်။

**ပုံ ၃: ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ်အလိုက် စက်မှုပြောင်း စိုက်ပျိုးသည့်ဧကပြမြေပုံ၊ ၂၀၁၃ /၂၀၁၄**




မှတ်ချက်။ ဝဒေသသည် အငြင်းပွားဖွယ် နယ်နိမိတ်အဖြစ်ရှိနေဆဲပင်။ ဖော်ပြပါဟိုပန်းမြို့နယ်ပြောင်းစိုက်ပုံကို ဝဒေသ၏ အပြင်ဘက်၌ ရှိသည်ဟု ဖော်ပြထားသော်လည်း ဟိုပန်းမြို့မှာ ဝဒေသအတွင်းရောအပြင်ရော တည်ရှိသည်။

၂၀၁၂ / ၂၀၁၃ ခုနှစ်တွင် ခန့်မှန်းချေ စက်ရုံသုံးပြောင်း ၁.၅ သန်းတန်ခန့်ရိတ်သိမ်းရရှိခဲ့သည်။ တိုးပွားလာသောပြောင်း စိုက်ပျိုးမှုနှင့် များပြားသောအထွက်နှုန်း ကိုင်တွယ်နိုင်သည်။

အစိုးရစိုက်ပျိုးရေးဌာနမှဝန်ထမ်းများနှင့် ရှမ်းပြည်နယ်ရှိ စီပီအုပ်စု ကိုယ်စားလှယ်များ၏တွေ့ဆုံမေးမြန်းခန်းများတွင် ပြောကြားချက်အရ မြန်မာတွင်စိုက်ပျိုးသောစီပီပြောင်းဖူးများ၏ လေးပုံပုံ သုံးပုံမှာ တရုတ်ဈေးကွက်အတွက်ရည်ရွယ် စိုက်ပျိုးခြင်းဖြစ်ပြီး ကျန်တစ်ပုံကိုသာ မြန်မာပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်သည်။ အခြားစာရင်းဇယားများအရ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ရိတ်သိမ်းရရှိသော ပြောင်းဖူးတစ်ဝက်ခန့်ကိုပါ အဆိုပါလေးပုံသုံးပုံ တွင်ပေါင်း၍ ရှမ်းပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ကြောင်းသိရသည်။တရုတ်နှင့်ထိုင်းနိုင်ငံများသို့တရားမဝင်၊အထူးသဖြင့် ကရင်ပြည်နယ်နယ်စပ်မှတစ်ဆင့် တင်ပို့နေမှုများကိုပါ ထည့်သွင်းတွက်ချက်ပါက ပို့ကုန်ဇယားမှာ ပို၍မြင့်မားလာပေမည်။ တရားမဝင်တင်ပို့မှုများမပါ ၂၀၁၂ / ၂၀၁၁ စာရင်းများအရ ပြောင်းဖူးပို့ကုန်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ကျော်တရားဝင်ရရှိခဲ့သည်။ အဆိုပါစာရင်းဇယားများသည် ရှမ်းဒေသခံ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦး၏ “ ပြောင်းဖူးရှိရင် လမ်းရှိတယ်။ ပြောင်းဖူးဆိုတာ ဒီမှာတော့ ခေတ်သစ်ရွှေပေါ့ ”ဟူသောပြောစကားကို ကောင်းစွာထင်ဟပ်ပြနေပါတော့သည်။

# ၈. အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

## ၈.၁ ။ ရှမ်းပြည်နယ်မှ အိမ်အမျိုးအစားများနှင့် ပြောင်းဖူးဝယ်ရောင်းစနစ်

ရှမ်းပြည်မြောက်ပိုင်းနှင့်တောင်ပိုင်းရှိ ရွာ ၈ရွာမှ အချက်အလက်များကို စုစည်းကောက်ယူပြီး သုတေသနပြုလုပ်ခဲ့ပါသည်။ စုစည်းကောက်ယူသော အချက်အလက်များမှာကျေးရွာလူဦးရေ၊ ဆင်းရဲချမ်းသာအနေအထား၊ ပထဝီဝင်အနေအထား၊ စိုက်ပျိုးနိုင်မှုအခြေအနေ(စိုက်ပျိုးမှုဂေဟစနစ်)၊ မြေပိုင်ဆိုင်အသုံးပြုမှု၊ ပွဲစားစနစ်၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စားဝတ်နေရေးဖူလုံမှု၊ ဘိန်းလုပ်ငန်း၊ ယင်းတို့၏ အကျိုးသက်ရောက်မှုများနှင့် အထွေထွေကိစ္စရပ်များစသည်တို့ဖြစ်ကြသည်။ ထိုအချက်အလက်များကို အခြေခံ၍ အဓိကခေါင်းစဉ်ကြီးများဖြင့် ဇယားအကျဉ်းချုပ်ဆွဲကာ (နောက်ဆက်တွဲ - ၁) တွင် စုစည်းဖော်ပြထားပါသည်။

လက်ရှိအနေအထားအရ အိမ်များ၏ လူမှုစီးပွားအခြေအနေများကို "အခြေခံ၊ အလယ်အလတ်၊ လူချမ်းသာ" ပုံစံဖြင့် ခွဲခြမ်းစိတ်ဖြာထားပါသည်။ ဇယားနံပါတ် ၃ တွင် ရွာ ၈ ရွာမှ ကောက်ယူရရှိသော အိမ်များ၏ လူမှုစီးပွားအခြေအနေများကို စုစည်းတင်ပြထားပါသည်။

ဇယားနံပါတ် (၃) - ရွာ ၈ ရွာမှ ကောက်ယူရရှိသော အချက်အလက်များကို အခြေခံ၍ အိမ်များကို အမျိုးအစားခွဲခြားခြင်း

| လူမှုစီးပွားအခြေအနေ | အခြေခံလူတန်းစား | လူလတ်တန်းစား | လူချမ်းသာ |
|---|---|---|---|
| **မြေပိုင်ဆိုင်မှု(ဧက)** | ၅ ဧကနှင့်အောက် | ၅-၈ ဧက | ၈ ဧကနှင့်အထက် |
| **အိမ်အမျိုးအစား** | ဝါးအိမ် | သစ်သားအိမ်၊တိုက်ခံအိမ်၊ သွပ်မိုး | တိုက်အိမ်၊ နှစ်ထပ် |
| **အိမ်သုံးပစ္စည်း** | တီဗွီ (သို့) မော်တော်ဆိုင်ကယ် | တီဗွီ၊မော်တော်ဆိုင်ကယ် နဲ့အခြား | ဇိမ်ခံပစ္စည်းများ |
| **မြေအသုံးပြုမှု** | မရှိ | တစ်ကွက်ခန့် ကားလမ်းနှင့်နီးလျှင် | ပိုင်ဆိုင်မြေအားလုံးနီးပါး (အထူးသဖြင့် ကားလမ်းနှင့်နီးလျှင်) |
| **ချေးငွေ/ အကြွေး** | ရှိ (ဘိန်းရောင်းရငွေ မရှိလျှင်) | တစ်ဝက်ခန့် | မရှိ |
| **CP ပြောင်းစိုက်ပျိုးမှု** | ဓါတုပစ္စည်း သုံးစွဲမှုနည်း၊ ဒုတိယတန်းစားမျိုးစေ့ | သုံးရမည့်ပမာဏ ထက်လျော့နည်း | သုံးရမည့်ပမာဏကို အပြည့်အဝသုံး |
| **ရိတ်သိမ်းရရှိမှု** | အလွန်နည်း | အလယ်အလတ် | မြင့်မား |
| **ကောက်ပယ်ဈေးနှုန်း** | ပေါက်ဈေးထက်နည်း | ချေးငွေရှိလျှင် ပေါက်ဈေးထက်နည်း (သို့) ပေါက်ဈေး အတိုင်းရရှိ | ပေါက်ဈေးအတိုင်းရရှိ |
| **ရောင်းချမှုပုံစံ** | ရိတ်သိမ်းပြီးနောက် ပွဲစားထံသို့ ချက်ချင်းရောင်း | ပွဲစားထဲ အကြွေးပေး ရန်ရှိမရှိပေါ် မူတည် | ဈေးတက်ချိန်ကိုစောင့် ၍ ကုန်သည်များထံသို့ ဖြည်းဖြည်းချင်း တိုက်ရိုက်ရောင်း |

| **စီစီပြောင်းဖူးဂင်ဌေ** | နည်း | သင့် | များ |
|---|---|---|---|
| **စားဝတ်နေရေးဖူလုံမှု** | နိမ့်၊ ဆန်ဈေးငှားရခြင်းရှိ (ဘိန်း (သို့) အခြားသီးနှံစိုက်ပျိုးမှုပေါ်မူတည်) | ဈေးငွေရရှိမှုနှင့် အခြားသီးနှံစိုက်ပျိုးမှု ပေါ်မူတည် | ဖူလုံ |

ရှမ်းပြည်နယ်ရှိ စီပီပြောင်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပါဝင်သော အိမ်များကိုအခြေခံ၍ စိုက်ပျိုးရေးနည်းလမ်း (၃)မျိုး ခွဲခြားနိုင် သည်။ ပထမ နှစ်မျိုးမှာ ထုတ်လုပ်မှုအတွက် အဓိကကျသည်။


၁။ မြေပိုင်ရှင်ကိုယ်တိုင် စိုက်ပျိုးခြင်း - ကိုယ်ပိုင်မြေမှာ ကိုယ်တိုင်စိုက်ပျိုးခြင်း၊ မြေများပိုမိုပိုင်ဆိုင်သော လူချမ်းသာအိမ်များမှာ အလုပ်သမားထပ်ငှားကြသည်။ (အခြေခံလူတန်းစားများကလည်း ရွာရှိသူရင်းငှား အလုပ်ကိုသာ မှီခိုနေကြရသည်)

၂။ ပွဲစားထံလွှဲအပ်ခြင်း - ပွဲစားက သူ့ထံမှအကြွေးယူထားသူ၏ မြေကို ယာယီပိုင်ဆိုင်ခွင့်ရခြင်း (သို့) ယာယီအာဏာရခြင်း၊ အကြွေးယူထားသော မိသားစုမှ လူများအပါအဝင် အလုပ်သမားများငှားခြင်း

၃။ မြေပိုင်ဆိုင်မှုနည်း၊ ငွေအရင်းအနှီးနည်း (သို့) မြေပိုင်ဆိုင်မှုမရှိသော အိမ်များ - လူချမ်းသာအိမ်များ၏ပြောင်းစိုက်ခင်းများတွင် နေ့စားဖြင့်လုပ်ကြသည်။ အများအားဖြင့် တစ်ရွာတည်းသား လူမျိုးတူများဖြစ်သည်။

ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှုကွင်းဆက်တွင် ပါဝင်သူများကြား ဆက်နွယ်မှုများကို ပုံအမှတ်(၄) ဖြင့် ရှင်းပြထားပါသည်။

ပုံအမှတ် (၄) - ရှမ်းပြည်နယ်မှ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြပုံ




*မှတ်ချက် - ဤကွင်းဆင်းလေ့လာမှုတစ်ခုတည်းကိုသာ အခြေခံထားသည်။*

ရှမ်းပြည်နယ်ရှိ စီပီအဖွဲ့ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ စီပီ ပြောင်းကို စိုက်ပျိုးကြသော တောင်သူများ အလွန်များပြားလာသဖြင့် စီပီ အဖွဲ့အနေဖြင့် လုပ်ကွက်ငယ်တောင်သူများနှင့် အချိန်မီစာချုပ်ချုပ်ဆိုဖို့ စီမံနိုင်ခြင်း မရှိခဲ့ပါ။ လုပ်ကွက်ငယ်တောင်သူများနှင့် တိုက်ရိုက်တွေ့ဆုံမည့်အစား စီပီ အဖွဲ့သည် ဒေသခံပွဲစားများ၊ ကုန်သည်များနှင့် တဆင့်စာချုပ်ချုပ်ဆိုပြီး တောင်သူများကို ငွေချေးပေးခြင်း၊ သီးစားချခြင်းများ ပြုလုပ်စေခဲ့သည်။

အသေးစားစိုက်ပျိုးသူများနှင့် စီပီ အဖွဲ့ကြား ပြောင်းစိုက်ပျိုးမှုအတွက် တရားဝင်စာချုပ်ချုပ်ဆိုခြင်း မရှိသည့်အတွက် လက်ရှိအသုံးပြုနေကြသော ကန်ထရိုက်လယ်ယာစနစ်သည် လုပ်ထုံးလုပ်နည်းနှင့်မညီညွတ်ပဲ ဒေသခံပွဲစားများက စိုက်ပျိုးထုတ်လုပ်သူများကို စီပီအဖွဲ့နှင့် ကြားခံအဖြစ် ဆက်သွယ်ပေးခြင်းသာဖြစ်သည်။ ထိုပွဲစားများသည် ခရိုင်မြို့ကြီးများရှိ စီပီ အဖွဲ့ထံမှ တိုက်ရိုက်ဝယ်ယူလာသော လယ်ယာသွင်းကုန် (မျိုးစေ့၊ မြေသြဇာ) များကို အသေးစားစိုက်ပျိုးသူများထံ ရောင်းချပေးခြင်း၊ ငွေချေးပေးခြင်းတို့ကို ကြားခံအဖြစ် လုပ်ဆောင်ပေးကြသည်။ တရားဝင်သတ်မှတ်ထားသော သဘောတူညီချက်များနှင့်အတူ တရားမဝင်သော သဘောတူညီချက်များပါ ပါဝင်သဖြင့် လုပ်ကွက်ငယ်တောင်သူများသည် သူတို့၏ရိတ်သိမ်းပြီးပြောင်းများကို အများအားဖြင့် ပေါက်ဈေးထက်လျော့ကာ ရောင်းကြရသည်။ ပွဲစားများကလည်း စိုက်ပျိုးထုတ်လုပ်ရောင်းချမှုကွင်းဆက်အတိုင်း စီပီအဖွဲ့ကိုယ်စားအနေဖြင့်သာမက တခြားဝယ်သူများအတွက်ပါ လုပ်ပေးနေသော အဝယ်ဒိုင်များထံ ရောင်းချလိုက်သည်။ ထိုဒိုင်များက တရုတ်နယ်စပ်မှတဆင့် ယူနန်သို့သယ်ယူပို့ဆောင်ပြီးနောက် တရုတ်ပြည်တွင်းကြက်စာဈေးကွက်တွင် တင်သွင်းလိုက်ကြသည်။ ချွင်းချက်အနေဖြင့် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ပြင်ဘက်မှ ရွာတစ်ရွာတွင် စီပီအဖွဲ့နှင့် လုပ်ကွက်ငယ်တောင်သူများကြား လုပ်ထုံးလုပ်နည်းနဲ့အညီ စာချုပ်ချုပ်ဆိုပြီး စီပီပြောင်းများစိုက်ပျိုးလျှက်ရှိသည်။

ပွဲစားများက ၎င်းတို့အမြတ်များများရစေဖို့ လယ်ယာသွင်းကုန်ဈေးကို ခန့်မှန်းခြေ ၁၀% ထိ တိုးလိုက်ကြရာ စိုက်ပျိုးမှုကုန်ကျစရိတ်မှာ သိသိသာသာတိုးသွားသည်။ ရှမ်းပြည်နယ်မှ စီပီ အဖွဲ့ကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရ “တောင်သူတစ်ဦးက စီပီ ပြောင်းကို စိုက်ဖို့သဘောတူလိုက်တာနဲ့ ပွဲစားချိတ်ပေးလိုက်တာပါပဲ” ဟု သိရပါသည်။ စီပီ အဖွဲ့က သင့်တော်သော ဒေသခံပွဲစားများကို ရှာဖွေလိုက်ပြီးနောက်မှာ ပွဲစားက စီပီ ကို သွားရောက်တွေ့ဆုံကြရသည်။ ပွဲစားများကို အသုံးပြုခြင်းသည် စိုက်ပျိုးသူများအတွက် သီးနှံကောက်ဝယ်ဈေးပိုရနိုင်ရန်၊ လယ်ယာသွင်းကုန်ကို ပိုမိုဝယ်ယူနိုင်ရန် ညှိနှိုင်းနိုင်ခွင့် နည်းပါးသွားစေသည်။ ယခုလိုအစီအစဉ်များကြောင့် စီပီ အဖွဲ့အနေဖြင့် ယုံကြည်ကိုးစားနိုင်မှုလျော့နည်းသွားစေသည့်အပြင် လုပ်ကွက်ငယ်တောင်သူများကို တာဝန်ပိစေခြင်း၊ နစ်နာမှုများစေခြင်းတို့ဖြစ်စေပြီး ပွဲစားများအတွက်မူ တာဝန်နည်းခြင်း၊ နစ်နာမှုနည်းခြင်းတို့ ဖြစ်စေပါသည်။ စိုက်ပျိုးရေးနစ်နာမှုများသည် အခြေခံလူတန်းစားနှင့် အလယ်အလတ်လူတန်းစားတို့အပေါ်တွင် အချိုးမညီစွာ ကျရောက်နေပြီး လယ်ယာသွင်းကုန်ဝယ်ဖို့ငွေချေးစရာမလိုသော၊ ပွဲစားများနှင့် တဘက်သတ်တောင်းဆိုမှုများ ကို လက်ခံစရာမလိုသော လူချမ်းသာများတွင် ကျရောက်မှုနည်းပါးသည်။ ရှမ်းပြည်နယ်မှ အစိုးရစိုက်ပျိုးရေး အရာရှိတစ်ဦးက “စီပီ ပြောင်းစိုက်ပျိုးမှုကြောင့် ပွဲစားတွေက အကျိုးရှိသွားကြပြီး တောင်သူ တွေက အကျိုးသိပ်မရှိပါဘူး” ဟု ပြောကြားခဲ့ပါသည်။

ပွဲစားများသည် ဒေသအလိုက်စုစည်းကြပြီး ချေးငွေအတွက် အတိုးနှုန်းနှင့် ပြောင်းဖူးဝယ်ဈေးကို တညီတညွတ်တည်း သတ်မှတ်ကာ တောင်သူများအနေနဲ့ အတိုးပိုမိုသက်သာသူ ရွေးချယ်ခွင့်မရှိအောင် ပြုလုပ်ထားကြပါသည်။ ထိုသို့ညှိနှိုင်းထားမှုကို စီပီ အဖွဲ့ ( သို့မဟုတ် မြန်မာအစိုးရ) မှ ထောက်ခံပေးထားကြောင်း အထောက်အထား မတွေ့ရပါ။ ပွဲစားများစုစည်းခြင်းသည် သူတို့၏ ဈေးနှိမ်နိုင်စွမ်းကို တိုးလာစေပြီး တောင်သူများမှာ ထိုသို့စုစည်းခြင်းမရှိသည့်အတွက် ပွဲစားများ၏ တောင်းဆိုချက်များကို လက်ခံကြရသည်။

## ၈.၂။ ချေးငွေသတ်မှတ်ချက်များ

လေ့လာခဲ့သော ရွာအားလုံးတွင် ချေးငွေအတိုးနှုန်းမှာ ၅%ဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင်အတိုးကို ငွေချေးသောနေ့မှ စတင်တွက်ချက်သည်။ ပြောင်းဖူးခူးချိန်အထိ ငွေပြန်ဆပ်ခြင်းမရှိကြပဲ ဆပ်လျှင်လည်း အနည်းငယ်သာ ဆပ်ကြသည်။ ထို့ကြောင့် ငွေချေးကာလမှာ လေးလခန့်ကြာသွားတတ်သဖြင့် အတိုးနှုန်းလေးလစာ ဖြစ်သွားရာ အတိုးစုစုပေါင်းမှာ ချေးငွေ၏ ၂၀%ထိ ဖြစ်သွားသည်။ သို့သော် အတိုးနှုန်းများ အနည်းငယ်ကွဲပြားမှုရှိကြသည့်အပြင် ရှမ်းပြည်တောင်ပိုင်းရှိ ရွာနှစ်ရွာမှ ပွဲစားနှစ်ဦးမှာ အတိုးလုံးဝမယူပဲ ငွေချေးကြသည်ကို တွေ့ရသည်။ သို့သော် ထိုအစား လယ်ယာသွင်းကုန်ကို ဈေးတင်ရောင်းကာ ပြောင်းဖူးကောက်ဝယ်ဈေးကို ဈေးပိုနှိမ်လိုက်ခြင်းကြောင့် တောင်သူများအတွက် အကြွေးဝန်ထုပ်ဝန်ပိုးမှာ အတူတူပင်ဖြစ်သည်။ တချို့ပွဲစားများ မှာ သူတို့ထံမှ စီပီ ပြောင်းစိုက်ပျိုးသည့်သွင်းကုန်ဝယ်ယူ

မှသာ၊ ပြောင်းဖူးကို သူတို့ထံသို့ ရောင်းမှသာ ငွေချေးပေးကြသည်။ ဤနည်းဖြင့် ပွဲစားများ ဝင်ငွေပိုကောင်းလာကြသည်ဟု သိရပါသည်။

ချေးငွေကိုဆပ်ပြီးနောက်မှာလည်း တောင်သူများသည် သူတို့၏ပြောင်းများကို ထိုပွဲစားများထံကိုသာ လျှော့ဈေးဖြင့် ရောင်းကြရသည်။ ရွာသားအများစုမှာ မတရားသဖြင့် လိမ်ညာခံနေရသည်ဟု ခံစားကြရသော်လည်း နောက်နှစ်အတွက် ချေးငွေလိုချင်သဖြင့် ပွဲစားနှင့်ဆက်ဆံရေး ကောင်းလိုသောကြောင့် ဘာမျှမတတ်နိုင်ကြပေ။ ဝေးလံသောစိုက်ခင်းများမှ တောင်သူများမှာ အနီးဆုံးမြို့ဈေးသို့ သွားရောက်ရောင်းချရန် အခြေခံလိုအပ်ချက်များရှိခြင်းနှင့် သယ်ယူပို့ဆောင်ရေး စရိတ် မတတ်နိုင်ခြင်းတို့ကြောင့် စီပီ ပွဲစားများကိုသာ ရောင်းချကြရသည်။

ဤသို့ဖြင့် ပွဲစားများထံမှ ချေးငွေနှင့် လယ်ယာသွင်းကုန်အကြွေးဝယ်သော တောင်သူများမှာ အထပ်ထပ်အခါခါ နစ်နာကြရသည်။ ချေးငွေအတိုး (ပြောင်းဖူးမျိုးစေ့နှင့် အခြားလိုအပ်သောဝယ်ယူမှုများအတွက် ချေးငွေ)၊ လယ်ယာသွင်းကုန်များကို ပွဲစားများထံမှ ဈေးပိုပေးကာ ဝယ်ယူကြရခြင်း နှင့် ပြောင်းဖူးများကို ပေါက်ဈေးထက် ဈေးလျှော့ကာ ရောင်းချကြရခြင်းတို့ဖြစ်သည်။ FGD မှတောင်သူတစ်ဦးက အကြွေးကြောင့်စိတ်ဖိစီးနေရပုံကို “ကျွန်တော်တို့တွေ ညဘက်အိပ်နေရင်တောင် အတိုးနှုန်းက အိပ်နေမှာမဟုတ်ဘူး” ဟု ပြောပြခဲ့သည်။ ဤဖြစ်ရပ်တွင် ပွဲစားများမှာ (၃)ကြိမ် အသာစီးရကြသည်။ ချေးငွေနှင့် သွင်းကုန်အကြွေးအတွက် အတိုးငွေက တစ်ကြိမ်၊ စီပီ ပြောင်းစိုက်ပျိုးသွင်းကုန်များကို ဈေးမြှင့်ပြီး ရောင်းရာတွင် တစ်ကြိမ်၊ တောင်သူများထံမှ ဈေးနှိမ် ဝယ်ယူထားသောပြောင်းများကို ပေါက်ဈေးဖြင့်ပြန်ရောင်းရာတွင် တစ်ကြိမ်ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ် မှ ပွဲစားများမှာ စီပီ အဖွဲ့၏ တရားမဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် နှင့် လုပ်ကွက်ငယ်တောင်သူများကို ရင်းနှီးငွေချေးရန် စိတ်အားထက်သန်ကြသည်။ ရှမ်းပြည်နယ်မှ စီပီ ပြောင်းစိုက်ပျိုး ရေးစနစ်တွင် ပါဝင်ကြသူများအကြား ဆက်နွယ်နေမှုကို ပုံအမှတ် (၅) တွင် ဖော်ပြထားသည်။

ငွေချေးရာတွင် မြေကို အပေါင်အဖြစ် အသုံးပြုခြင်းကို ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်တွင်းတရုတ်ပွဲစားများက သတ်မှတ်တောင်းဆိုလာကြသည်။ တရားဝင်မြေဈေးကွက်ထွက်ပေါ်လာခြင်းနှင့် ပြည်နယ်အစိုးရဌာနများ မှမြေပိုင်ဆိုင်မှု အမည်ပေါက်ပြုလုပ်လာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော စနစ်တစ်ခုဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ရွာများမှ ကောက်ခံရရှိသောအချက်အလက်များနှင့် အဓိကသတင်းယူ အင်တာဗျူးခြင်းများအရ (အရေအတွက်အတိအကျမရရှိခဲ့သော်လည်း) အကြွေးမဆပ်နိုင်၍ မြေဆုံးရခြင်းသည် ပိုမိုဖြစ်ပွားမှုများလာခဲ့ပုံပေါ်သည်။ ပြည်တွင်းတရုတ်ပွဲစားများနှင့်တောင်သူများကြားမှ ဆက်နွယ်မှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

စီပီ ပြောင်းစိုက်ပျိုးခြင်းကြောင့် ကြွေးတင်မှုမှ မြေဆုံးရှုံးရခြင်းသည် ရှမ်းပြည်တောင်ပိုင်းထက် မြောက်ပိုင်းတွင် ပိုများသည်။ ပွဲစားများမှာ များသောအားဖြင့် တောင်သူများနှင့် လူမျိုးတူများဖြစ်ကြပြီး အနီးအနားရွာများမှ ဖြစ်ကာ အချင်းချင်းကြား ကာလရှည်ခင်မင်ပြီး အပြန်အလှန်ယုံကြည်ပြီးသားလည်းဖြစ်သည်။ ရှမ်းပြည်တောင်ပိုင်း ရှိရွာများမှ ကောက်ခံရရှိသောအချက်အလက်များနှင့် အဓိကသတင်းယူ အင်တာဗျူးခြင်းများအရ မြေအပေါင်ကိစ္စကို ပြောကြားခြင်းမရှိပေ။ ထို့ကြောင့် တောင်ပိုင်းကပွဲစားများသည် အကြွေးပေးရာတွင် သဘောတူညီချက်များ လျှော့ပေါ့သက်သာပေးကြပြီးကြွေးလျှော်ပေးမှုများလည်း ပိုများကြောင်းတွေ့ရသည်။ ထို့အပြင် တောင်ပိုင်းရှိရွာ ၃ ရွာမှာ ဘိန်းစိုက်ခင်းများကို စိုက်ပျိုးခြင်း၊ အငှားလိုက်ခြင်းတို့ ပြုလုပ်ကြသဖြင့် ဝင်ငွေရရှိသောကြောင့် အကြွေးတင်မှုများ နည်းပါးကြောင်းတွေ့ရသည်။

ပုံအမှတ်(၅) - မြန်မာနိုင်ငံရှိ လုပ်ငန်းစက်ဝန်းတွင် ပါဝင်ကြသူများ၏ အသေးစိတ်တာဝန်များပြပုံ




## ၈.၃။ ကျေးရွာအတွင်း ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခြင်း


အိမ်တစ်အိမ်၏ လူမှုစီးပွားရေးအခြေအနေသည် ပွဲစားထံမှ ငွေချေးဖို့လိုအပ်ခြင်း၊ တောင်သူနှင့်ပွဲစားကြား ချုပ်ဆိုသော စာချုပ်ပါအချက်အလက်များ ကွဲပြားခြင်းတို့အပေါ်တွင် မူတည်နေပါသည်။ လူချမ်းသာအိမ်များမှာ ပွဲစားများထံမှ ငွေ ချေးဖို့သိပ်မလိုအပ်ကြပေ။ ရွာနှစ်ရွာမှ လူချမ်းသာအိမ်အနည်းငယ်ကသာ ငွေချေးဖို့ လိုသည်ကို တွေ့ရပါသည်။ လေ့လာ ခဲ့သောရွာများတွင် လူလတ်တန်းစားအိမ်တစ်ဝက်ခန့်နှင့် ဆင်းရဲသောအိမ်အားလုံး နီးပါးသည် စီပီ ပြောင်းဖူးစိုက်ရန် အတွက် လိုအပ်သော လယ်ယာသွင်းကုန်များ (ဥပမာ - မျိုးစေ့နှင့် ဓါတုပစ္စည်းများ) ဝယ်ရန်ငွေကို ပွဲစားများထံမှ ချေး ငှားကြရသည်။ ချို့တဲ့သောအိမ်များမှာ လုံလောက်သော ဝင်ငွေမရခြင်း (သို့) အပေါင်ပစ္စည်းမရှိခြင်း (မြေပါလျှင်တောင် မှ) တို့ကြောင့် လိုအပ်သောပမာဏမှီအောင် ဝယ်နိုင်ဖို့ ငွေအများကြီးချေးရန် အခွင့်အရေးမရခြင်း နှင့်မရခြင်းတို့ ကြုံတွေ့ ကြရသည်။ ချို့တဲ့သောအိမ်များမှာ (ငွေနှင့် ငွေမဟုတ်သောအရာများ ကို အခြေခံတိုင်းတာ၍) ရိတ်သိမ်းချိန်တွင် ပြောင်း ဖူးထွက်နှုန်းမှာ မျှော်လင့်သည်ထက်ပိုနည်းပြီး ဝင်ငွေလည်း နည်းကြသည်။ ဤအဖြစ်အပျက်များမှာ စိုက်ပျိုးရေး ပညာ

ရှင်များ နှင့် စီးပွားရေးပညာရှင်များပြောကြသကဲ့သို့ နည်းပညာပြဿနာကြောင့်မဟုတ်ပဲ လူမှုရေး၊ နိုင်ငံစီးပွားရေးအခြေအနေကြောင့်သာ ဖြစ်သည်။ ထိုသို့ဝင်ငွေနည်းခြင်းကြောင့် စီပီ အဖွဲ့မှ ကြေငြာထားသော မျှော်မှန်းအထွက် နှုန်း (သို့) မြေဩဇာကောင်းခဲ့သော အရင်နှစ်က အထွက်နှုန်းများဖြင့် တွက်ချက်ထားသော အကြွေးပြန်ဆပ်နိုင်ခြေကို မပြည့်မီနိုင်ပဲ ချို့တဲ့သောအိမ်များအတွက် အကြွေးသံသရာကို ပိုမိုဆိုးရွားစေခြင်းကိုသာ ဖြစ်စေသည်။

စီပီ ပြောင်းစိုက်ပျိုးရေးကို လုပ်ကိုင်ကြသော အိမ်များစွာရှိသည့် ရွာများတွင် အကြွေးထောင်ချောက်ထဲ ကျရောက်မှုရလဒ်ကြောင့် လူလတ်တန်းစားအိမ်များနှင့် ချို့တဲ့သောအိမ်များမှ ဓနဥစ္စာများသည် မြို့ပေါ်မှ ပွဲစားများနှင့် ရွာမှလူချမ်းသာအိမ်များသို့ စီးဆင်းရောက်ရှိသွားကြသည်။ ချို့တဲ့တောင်သူတစ်ဦးက ထိုအဖြစ်အပျက်ကို ရိုးရှင်းစွာပြောပြသည်မှာ “စီပီ ပြောင်းစိုက်တာ ကျွန်တော်တို့အတွက် အဆင်မပြေလာပဲ ချမ်းသာတဲ့တောင်သူအိမ်တွေမှာ သူရင်းငှားပဲ ဖြစ်သွားရတယ်” ဟူ၍ ဖြစ်သည်။

စီပီ ပြောင်းစိုက်ပျိုးခြင်း မစတင်မီက ရွာ၏ ဆင်းရဲချမ်းသာကွာဟမှုမှာ ယေဘုယျအားဖြင့် U မှောက်ရက် ပုံသဏ္ဍာန်ရှိခဲ့ပြီး အိမ်အများစုမှာ မြေ ၄-၇ ဧကနှင့် ကိုယ်ပိုင်မွေးမြူထားသော တိရစ္ဆာန်တို့ရှိကြသည်။ စီပီ ပြောင်းကို ခန့်မှန်းခြေအားဖြင့် ၅ နှစ်ခန့်စိုက်ပျိုးပြီးချိန်မှာ စီပီ ပြောင်းစိုက်ပျိုးသူများသော ရွာများတွင် ရွာအတွင်း ဆင်းရဲချမ်းသာကွာဟမှုမှာ -မြေယာနှင့် တိရိစ္ဆာန်ပိုင်ဆိုင်မှုဖြင့်တိုင်းတာပါက - လူလတ်တန်းစား  အများစု၏ ပိုင်ဆိုင်မှုများသည် အလွန်ချမ်းသာသောအိမ်အနည်းစုသို့ စီးဆင်းရောက်ရှိသွားသည်ကို ပုံ (၆) တွင်ဖော်ပြထားသည့်အတိုင်းတွေ့ရသည်။

ပုံ (၆) - မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မှ စီပီ စိုက်ပျိုးသော ရွာများ၏ ဆင်းရဲချမ်းသာကွာဟလာမှုကို
အချိန်ကာလဖြင့်ယေဘုယျဖော်ပြခြင်း




မှတ်ချက် - ရွာ၏ ယေဘုယျဖြစ်ပျက်နေသော အနေအထားကို အခြေခံထားသည်၊ တိကျသော အချက်အလက်များမပါရှိပါ။

စီပီ ပြောင်းစိုက်ပျိုးခြင်းကြောင့် အကြွေးနှင့်မြေသိမ်းခံရခြင်းများကို ရွာများတွင် သိသာထင်ရှားစွာ တွေ့ရသော်လည်း ရှမ်းပြည်နယ်မှ အဆင့်မြင့်စိုက်ပျိုးရေးအရာရှိတစ်ဦးက ပြောင်းစိုက်တောင်သူများအတွက် အခက်အခဲမရှိကြောင်း ထပ်ခါထပ်ခါ ပြောကြားခဲ့ပါသည်။ တောင်သူများရင်ဆိုင်နေရသည့် နိုင်ငံစီးပွားရေးအခြေအနေများကို လျစ်လျူရှုပြီး “ပြောင်းဖူးအထွက်နည်းရင်တော့ (အိမ်အလိုက်) တောင်သူတွေ ကြွေးတင်မှာပဲပေါ့၊ ဒါပေမဲ့ နောက်နှစ်အထွက်တိုးလို့ ကြွေးပြန်ဆပ်နိုင်ရင် ရပြီလေ၊ ပြဿနာမရှိပါဘူး၊ စီပီ ပြောင်းစိုက် လို့ မြေသိမ်းခံရတာမျိုးလည်း လုံးဝမရှိပါဘူး” ဟု ပြောကြားခဲ့ပါသည်။

သို့သော် ကွင်းဆင်းကောက်ယူသောအချက်အလက်များက ထိုသို့မဟုတ်ကြောင်း သက်သေပြနေပါသည်။ ရှမ်းပြည်မြောက်ပိုင်းမှ လေ့လာခဲ့သောရွာများတွင် ၂၀၁၃ ခုနှစ်က ချို့တဲ့သောအိမ်များ၏ တစ်ဧကအတွက် ထုတ်လုပ်မှုကုန်ကျငွေမှာ မြန်မာငွေ ၂၂၃,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၂၅ ဒေါ်လာ) ဖြစ်ပြီး လူချမ်းသာ အိမ်များ၏ တစ်ဧကအတွက် ထုတ်လုပ်မှုကုန်ကျငွေမှာ မြန်မာငွေ ၃၅၂,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၃၅၆ ဒေါ်လာ) ဖြစ်သဖြင့် ကွာဟချက်မှာ ၅၈%ဖြစ်သည်။ ထုတ်လုပ်မှုကုန်ကျငွေကွာဟချက်ကို ကြည့်၍ လူချမ်းသာအိမ်များသည်  စိုက်ပျိုးခါတုပစ္စည်းများပိုမို

ဝယ်ယူနိုင်ပြီး အလုပ်သမားများ ပိုမိုငှားရမ်းနိုင်ကာ အထွက်နှုန်းကိုမြှင့်နိုင်ကြောင်း တွေ့မြင်ကြရသည်။ ရှမ်းပြည်မြောက်ပိုင်းမှ လေ့လာခဲ့သောရွာများတွင် ပျမ်းမျှပြောင်းထွက်နှုန်းမှာ ချို့တဲ့သောအိမ်များတွင် တစ်ဧကလျှင် ၈၁၃ ပိဿာ (မြန်မာအလေးချိန်တိုင်းတာမှု ယူနစ်) ဖြစ်ပြီး ချမ်းသာသောအိမ်များတွင် တစ်ဧကလျှင် ၁၇၇၅ ပိဿာဖြစ်သဖြင့် ၁၁၈% ကွာဟချက်ရှိသည်။ ( လေ့လာခဲ့သော ရွာများအရ ကောက်ဝယ်ဈေးသည် အမြဲတမ်းလိုလို ပေါက်ဈေးထက် နည်းသော်လည်း) ၂၀၁၃ ခုနှစ် ပြောင်းဖူးခူးချိန်တွင် ယာအတွင်းကောက်ဝယ်ဈေးမှာ အမြင့်ဆုံးဖြစ်ခဲ့ပြီး (နယ်မြေအနေအထားကြောင့်ကွာဟချက်အနည်းငယ်မှလွဲလျှင်)ခန့်မှန်းခြေအားဖြင့် တစ်ပိဿာလျှင် ၄၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၀.၄၅ ဒေါ်လာ) ဖြစ်၍ ၂၀၁၂ ခုနှစ်ကထက် ၃၀% မြင့်ခဲ့သည်။ ချို့တဲ့သောအိမ်များနှင့် လူလတ်တန်းစား အိမ်အချို့ (ဈေးငွေထုတ်ယူသူများ) ၏ ဈေးငွေပြန်မဆပ်ရမီ အသားတင်ဝင်ငွေမှာ တစ်ဧကလျှင် မြန်မာငွေ ၁၄၂,၆၂၅ ကျပ် (အမေရိကန်ဒေါ်လာ ၁၄၅ ဒေါ်လာ) ဖြစ်ပြီး လူချမ်းသာအိမ်များ၏ အသားတင်ဝင်ငွေမှာ တစ်ဧကလျှင် မြန်မာငွေ ၄၄၆,၅၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၄၅၀ ဒေါ်လာ) ဖြစ်သဖြင့် ကွာဟချက်မှာ ၂၁၃% ဖြစ်သည်။ ချို့တဲ့သောအိမ်များနှင့် လူလတ်တန်းစားအိမ်အချို့တို့မှာ သူတို့၏ မြင့်မားသော အကြွေး များကြောင့် အသုံး စရိတ်ငွေနှင့် စားဝတ်နေရေးဖူလုံမှု အနိမ့်ဆုံးအခြေအနေဖြစ်သည်နှင့်အညီ အကြွေးပြန်ဆပ် နိုင်ဖို့ ပြောင်းများကို ပွဲစားထံ ချက်ချင်းရောင်းချကြရသည်။ စီပီ ပြောင်းရိတ်သိမ်းချိန်ကို စောင့်ဆိုင်းနေစဉ် ကာလဖြစ်သည့် မိုးတွင်းကာလတွင် ချို့တဲ့သောအိမ်များအတွက် အသုံးစရိတ်နည်းပါးသွားချိန်ဖြစ်၍ ထိုသို့ ရောင်းချရမှုအများဆုံးဖြစ်သည်။ ပွဲစားများမှာ ထိုအိမ်များ၏ အသည်းအသန်ငွေလိုအပ်မှုနှင့် စားဝတ်နေရေး မဖူလုံမှုတို့အပေါ် အခွင့်ကောင်းယူပြီး ပေါက်ဈေးထက် အလွန်နိမ့်သောဈေးဖြင့် ဝယ်ယူကြသည်။ ပေါက်ဈေးမှာလည်း ရိတ်သိမ်းချိန်နီးလာသဖြင့် ဈေးအကျဆုံးဖြစ်နေရာ ချို့တဲ့သောတောင်သူများမှာ အလွန်နည်းသော ဈေးဖြင့်သာ ရောင်းကြရသည်။ ထို့ကြောင့် တောင်သူများမှာ ဝင်ငွေအနည်းငယ်မျှသာ ရကြ၍ ဒုံရင်းဘဝကိုသာ ပြန်ရောက်ကြရသည်။ သို့သော် ချမ်းသာသောအိမ်များမှာ အကြွေးပြန်ဆပ်စရာလည်းမလိုသဖြင့် ပြောင်းဖူးဈေးတက်ချိန်ကိုစောင့်၍ ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်သောကြောင့် သပိတ်ဝင်အိတ်ဝင် အမြတ်ငွေမှာ သိသာစွာကွာဟသွားခြင်းဖြစ်သည်။

အထက်ပါကိန်းဂဏန်းများမှာ တစ်ဧကအပေါ် တွက်ချက်ထားခြင်းဖြစ်သဖြင့် ချို့တဲ့သောအိမ်များနှင့် လူလတ်တန်းစားအိမ်အချို့မှာ ဧကအနည်းငယ်သာစိုက်ပျိုးရသည်ဖြစ်၍ ဆယ်ဧကထက် မနည်းစိုက်ပျိုးနိုင်သော လူချမ်းသာအိမ်များမှာ အကျိုးအမြတ်က ပိုမိုများပြားသွားပါသည်။ လူမှုစီးပွားကွာဟချက်ကြောင့် ရှမ်းပြည်မြောက်ပိုင်းရှိ ရွာများမှ အိမ်များရင်ဆိုင်နေရသော အခွင့်အလမ်းနှင့် အခက်အခဲများကို ဇယားအမှတ် (၄) နှင့် ပုံ (၇)၊ ပုံ(၈) တို့တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

ဇယားနံပါတ် (၄) - စီပီ ပြောင်းစိုက်ပျိုးမှုကြောင့် လူမှုစီးပွားအနေအထားကွာဟချက်များအလိုက် အကျိုးအမြတ်ရရှိမှုကို ရှမ်းပြည်မြောက်ပိုင်းမှ ရွာ ၄ ရွာကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာခြင်း


| အသုံးစရိတ် (ဧကအလိုက် | ရွာအမှတ်(၁) ကွတ်ခိုင်မြို့နယ် | | ရွာအမှတ်(၂) လားရှိုးမြို့နယ် | | ရွာအမှတ်(၃) လားရှိုးမြို့နယ် | | ရွာအမှတ်(၄) ကျောက်မဲမြို့နယ် | | ပျမ်းမျှ | | ကွာခြားချက် (%) |
|---|---|---|---|---|---|---|---|---|---|---|---|
| | ဆင်းရဲ | ချမ်းသာ | ဆင်းရဲ | ချမ်းသာ | ဆင်းရဲ | ချမ်းသာ | ဆင်းရဲ | ချမ်းသာ | ဆင်းရဲ | ချမ်းသာ | |
| မြေယာထွန်ယက်မှု | ၄၀၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၃၈၇၅၀ | ၃၈၇၅၀ | ၀ |
| စိုက်ပျိုးရာတွင် အလုပ်သမားအသုံးပြုမှု | ၆၀၀၀၀ | ၆၀၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၄၈၇၅၀ | ၄၈၇၅၀ | ၀ |
| ပေါင်းသင်ခြင်း | ၃၀၀၀၀ | ၄၈၀၀၀ | ၂၅၀၀၀ | ၄၅၀၀၀ | ၂၅၀၀၀ | ၄၈၀၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၂၆၂၅၀ | ၄၅၂၅၀ | ၇၂ |
| စီပီ ၈၈၈ စေ့(၅ ကီလို ဂရမ်) | ၂၉၀၀၀ | ၂၉၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၂၉၅၀၀ | ၂၉၅၀၀ | ၀ |
| ယူရီးယားဓါတ်မြေသြဇာ (၅၀ ကီလို ဂရမ်) | ၂၃၀၀၀ | ၆၀၀၀၀ | ၂၃၅၀၀ | ၆၀၀၀၀ | ၂၃၀၀၀ | ၅၇၀၀၀ | ၂၃၀၀၀ | ၄၂၀၀၀ | ၂၃၁၂၅ | ၅၄၇၅၀ | ၁၃၇ |
| ကွန်ပေါင်းဓါတ်မြေသြဇာ (၅၀ ကီလို ဂရမ်) | ၁၆၀၀၀ | ၁၀၅၀၀၀ | ၁၉၀၀၀ | ၈၄၀၀၀ | ၁၇၅၀၀ | ၄၅၀၀၀ | ၁၅၀၀၀ | ၈၄၀၀၀ | ၁၆၈၇၅ | ၇၉၅၀၀ | ၃၇၁ |
| မြေသြဇာကြဲရန် အလုပ်သမားအသုံးပြုမှု | ၃၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀ |
| ရိတ်သိမ်းခြွေလှေ့ခြင်း | ၄၀၀၀၀ | ၅၀၀၀၀ | ၃၅၀၀၀ | ၅၅၀၀၀ | ၃၅၀၀၀ | ၅၀၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ | ၃၆၂၅၀ | ၄၈၇၅၀ | ၃၄ |
| ထုတ်လုပ်မှုစရိတ် | ၂၄၁၅၀၀ | ၃၉၉၀၀၀ | ၂၁၂၅၀၀ | ၃၅၈၀၀၀ | ၂၁၆၅၀၀ | ၃၁၉၀၀၀ | ၂၂၁၅၀၀ | ၃၃၃၀၀၀ | ၂၂၃၀၀၀ | ၃၅၂၂၅၀ | ၅၈ |
| အကြမ်းဖျင်းဝင်ငွေ | ၃၇၃၅၀၀ | ၇၈၈၅၀၀ | ၂၁၂၅၀၀ | ၃၅၈၀၀၀ | ၂၁၆၅၀၀ | ၃၁၉၀၀၀ | ၂၂၁၅၀၀ | ၃၃၃၀၀၀ | ၂၂၃၀၀၀ | ၃၅၂၂၅၀ | ၁၁၈ |
| တစ်ဧက အထွက်နှုန်း(ပိဿာ) | ၉၀၀ | ၁၉၀၀ | ၇၀၀ | ၁၈၅၀ | ၁၇၀၀ | ၇၅၀ | ၁၇၀၀ | ၉၀၀ | ၁၆၅၀ | ၁၇၇၅ | ၁၁၈ |
| အသားတင်ဝင်ငွေ (အကြွေးပြန်မဆပ်ခင်) | ၁၃၂၀၀၀ | ၃၈၇၉၅၀၀ | ၆၀၅၀၀ | ၃၆၃၅၀၀ | ၉၈၅၀၀ | ၃၉၅၀၀၀ | ၁၃၈၅၀၀ | ၃၂၇၀၀၀ | ၁၄၂၅၈၅၀ | ၄၄၆၅၀၀ | ၂၁၃ |

* အကြမ်းဖျင်းဝင်ငွေ - ထုတ်လုပ်မှုစရိတ်မနှုတ်ရသေးခင် ဝင်ငွေ


* အသားတင်ဝင်ငွေ - ထုတ်လုပ်မှုစရိတ်နှုတ်ပြီး ဝင်ငွေ (အကြွေးမဆပ်ခင်)

ချမ်းသာသောအိမ်များအနေဖြင့် အမြတ်ငွေအများဆုံးရနိုင်သော နည်းလမ်းများစွာရှိသည့်အထဲတွင် နွေရာသီကဲ့သို့ ပြောင်းဈေးတက်သည့်အချိန်ရောက်သည်အထိ စောင့်ဆိုင်းပြီးမှ ရောင်းချခြင်းလည်း ပါဝင်သည်။ လူလတ်တန်းစားများ နှင့် အခြေခံလူတန်းစားများမှာ ထိုသို့မလုပ်နိုင်ပဲချေးငွေအတိုးများကို ပြန်ဆပ်ရန်နှင့် အိမ်အသုံးစရိတ်ရရန်အတွက် ခူး ဆွတ်ပြီးစပြောင်းများကို ချက်ချင်းရောင်းကြရသည်။ ထို့အပြင် ချို့တဲ့သောအိမ်များမှာ ချမ်းသာသောအိမ်များနှင့်မတူပဲ မျိုးစေ့ကိုနှစ်စဉ်မဝယ်ပဲ နေခြင်း၊ အထွက်နှုန်းနည်းသော ဒုတိယတန်းစားမျိုးစေ့ကိုသာ ဝယ်ခြင်းစသည်ဖြင့် အသုံးစရိတ် ကိုနည်းအောင် လျှော့ချကြရသည်။ ချို့တဲ့သောအိမ်အများစုသုံးနေကျဖြစ်သော နည်းလမ်းနောက်တစ်ခုမှာ လုပ်သားငှား စရိတ်သက်သာအောင် တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ကူညီစိုက်ပျိုးပေးသော နည်းဖြစ်သဖြင့် စရိတ်သက်သာသော် လည်း အထွက်နှုန်းနည်းစေသော အကြောင်းရင်းလည်းဖြစ်ပေသည်။ အပြန်အလှန်ကူညီစိုက်ပျိုးပေးသောနည်းမှာ လယ် စိုက်ပျိုးရာတွင် သုံးသောနည်းတစ်ခုလည်း ဖြစ်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသောအချက်များမှာ သက်သေခိုင် လုံသော်လည်း ရှမ်းပြည်နယ်စိုက်ပျိုးရေးဌာန မှ အဆင့်မြင့်အရာရှိတစ်ဦးက စီပီပြောင်း စိုက်ပျိုးရေးမှာ စိုက်ပျိုးသူတိုင်း အတွက် ကောင်းကျိုးကိုသာ ဖြစ်စေပြီး စိုက်ပျိုးသူတိုင်း အထွက်နှုန်းကောင်းပြီး အမြတ်များကြောင်း အခိုင်အမာပြောဆို နေဆဲဖြစ်သည်။ အစိုးရစိုက်ပျိုးရေးဌာနမှ အရာရှိများက "စိုက်ပျိုးတဲ့သူတိုင်း စိတ်ချမ်းသာနေတာပဲ" ဟု မကြာခဏ ပြောနေကြဆဲဖြစ်သည်။

ပုံ (၇) ရှမ်းပြည်နယ်မှ ရွာ ၄ ရွာရှိ လူချမ်းသာအိမ်နှင့် ချို့တဲ့သောအိမ် နှိုင်းယှဉ်၍ ၂၀၁၃ ခုနှစ် စီပီပြောင်းစိုက်ပျိုးမှု ပျမ်းမျှ ကုန်ကျစရိတ်ကို ခွဲခြမ်းစိတ်ဖြာခြင်း




ပုံ (၈) ရှမ်းပြည်နယ်မှ ရွာ ၄ ရွာရှိ လူချမ်းသာအိမ်နှင့် ချို့တဲ့သောအိမ် နှိုင်းယှဉ်၍ ၂၀၁၃ ခုနှစ် စီပီပြောင်းစိုက်ပျိုးမှု တစ်ဧကချင်း ပျမ်းမျှ အမြတ်ငွေကို ခွဲခြမ်းစိတ်ဖြာခြင်း




* အကြမ်းဖျင်းဝင်ငွေ - ထုတ်လုပ်မှုစရိတ်မနှုတ်ရသေးခင် ဝင်ငွေ

** အသားတင်ဝင်ငွေ - ထုတ်လုပ်မှုစရိတ်နှုတ်ပြီး ဝင်ငွေ (အကြွေးမဆပ်ခင်)

မှတ်ချက် - ချို့တဲ့သောအိမ်များမှာ (ချမ်းသာသောအိမ်များနှင့်မတူပဲ) အမြတ်များများရနိုင်ခြေမရှိသည့်အပြင် အကြွေးလည်းဆပ်ကြရသည်။

## ၈.၄ ။ ပထဝီဝင်အနေအထား၊ စိုက်ပျိုးနိုင်မှုအခြေအနေ (စိုက်ပျိုးမှုဂေဟစနစ်) နှင့် နိုင်ငံနောက်ခံသမိုင်း

ဤအခန်းသည် လူမှုစီးပွားရလဒ်များအပေါ်တွင် လွှမ်းမိုးနေသော အခြေခံသဘာဝသက်သက် (non-technical) အချက်များကို လေ့လာမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုအချက်များသည် စိုက်ပျိုးရေးတိုးတက်မှု အဆင့်မီရေးစီမံချက်အရ ထည့်သွင်းစဉ်းစားရန်လိုအပ်သော အချက်များလည်းဖြစ်သည်။

ရွာတစ်ရွာသည် ရှမ်းပြည်နယ်အတွင်း မြောက်ပိုင်း (သို့) တောင်ပိုင်းတွင်တည်ရှိခြင်းစသော ကွဲပြားချက်များအပြင် နိုင်ငံရေးနောက်ခံသမိုင်းမတူညီခြင်း၊ ပြောင်းရွှေ့နေထိုင်မှုပုံစံ၊ ပွဲစားနှင့်ဆက်ဆံရေး၊ လမ်းမကြီးများ၊မြို့များနှင့် အနီးအဝေးစသည်တို့ပါ ကွဲပြားနိုင်သောကြောင့် ပထဝီဝင်အနေအထားသည် အထူးအရေးကြီးသည့်အချက်ဖြစ်သည်။ ထို့အပြင် ယာခင်းများသည် တောင်ကြားတွင်တည်ရှိခြင်း၊ ဝေးလံခေါင်သည့် ဒေသတွင်တည်ရှိခြင်း၊ နယ်စပ်နှင့်အနီးအဝေး (တရုတ်နယ်စပ်) စသည့်ကွဲပြားချက်များသည်လည်း ပထဝီအနေအထားကြောင့် ဖြစ်စေသည့်အချက်များဖြစ်သည်။ ရွာများအနေဖြင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း၊ မြို့ အထွက်နှုန်းကောင်းသည့် တောင်ကြား၊ တရုတ်နယ်စပ် စသည်တို့နှင့်နီးလေ ထိုရွာမှ ရွာသားများအတွက် အိမ်ခြံမြေဆုံးရှုံးမှု၊ အထူးသဖြင့် အကြွေးကြောင့် ပွဲစားများထံတွင် ယာမြေဆုံးရှုံးရမှု၊ မြေများကို အတင်းသိမ်းယူခံရမှု တို့ဖြစ်ရန် နီးစပ်လေဖြစ်သည်။ မြေတန်ဖိုးမြင့်လျှင် (အခြေခံလိုအပ်ချက်တို့ရရန် နီးစပ်ခြင်း)၊ မြို့မှပွဲစားတို့နှင့် နီးလျှင် စီပီပြောင်းစိုက်၍ ရသည့်အမြတ်ငွေထက်ပိုပြီး စိတ်ဝင်စားမက်မောဖွယ် မြေများဖြစ်လာကြသည်။

စိုက်ပျိုးနိုင်မှုအခြေအနေ (စိုက်ပျိုးမှုဂေဟစနစ်) နှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကလည်း စိုက်ပျိုးသီးနှံရွေးချယ်မှု၊ စားဝတ်နေရေးဖူလုံမှုနှင့် ဈေးငွေအပေါ် စီမံနိုင်စွမ်းစသည့် လူမှုစီးပွားရေးအခြေအနေများကို ပိုမိုကျယ်ပြန့်စွာ လွှမ်းမိုးနေပါသည်။ တောင်ပေါ်ယာမြေနှင့် မြေပြန့်လယ်မြေများရှိသည့် မြေနိမ့်ပိုင်းရှိရွာများမှာ မြေကောင်းခြင်း၊ ရာသီဥတုကောင်းခြင်းတို့ကြောင့် သီးနှံအမျိုးအစားများစွာစိုက်ပျိုး နိုင်သည့်အပြင် စပါးကိုပါ စိုက်ပျိုးနိုင်သဖြင့် စားဝတ်နေရေးဖူလုံကြသည်။ အမြင့်ပိုင်းရှိရွာများမှာ အနီးတွင် သစ်တောများရှိနေသေးပါက အမဲလိုက်ခြင်း၊ ကျွန်းနှင့်အခြားသစ်များကိုခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း တို့ကို (တရားမဝင်)ပြုလုပ်ပြီး အကြွေးဆပ်ရန် ငွေကိုရှာကြသည်။ စီးပွားရေးနှင့် နိုင်ငံရေးအရ ဘိန်းစိုက်ပျိုးရန် သင့်တော်သောဒေသများတွင် ဘိန်းစိုက်ပျိုးခြင်းမှ ဝင်ငွေများစွာရရှိသဖြင့် ရိတ်သိမ်းပြီးသောပြောင်းများကို အချိန်ဆွဲကာရောင်းနိုင်ခြင်းကြသည်။ ဘိန်းစိုက်ပျိုးရောင်းချမှုမှ ရသောဝင်ငွေဖြင့် အရင်းအနှီးပြုလုပ်နိုင်သောကြောင့် အကြွေးသံသရာမှ ရှောင်လွှဲနိုင်ကြသည်။

ရှမ်းပြည်နယ်ရှိ ဒေသများစွာတွင် ပြောင်းရွှေ့နေထိုင်မှု၊ မူးယစ်ဆေး၊ စစ်ပွဲ စသည့် နောက်ခံသမိုင်းများကြောင့် တောင်သူ-ပွဲစား ဆက်ဆံရေးဟူသည့် တမူထူးသော အနေအထားတစ်ခုပေါ်ပေါက်လာခဲ့သည်။ ထို အနေအထားမှာ အသေးစားစိုက်ပျိုးသူများကြားတွင် အထူးတလည်မဆွေးနွေးကြသော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင် လူမျိုးနှင့်ဆိုင်သည့်နိုင်ငံရေးသမိုင်းနောက်ကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ နမူနာအားဖြင့် ရှမ်းပြည်မြောက်ပိုင်းသည် မြန်မာပြည်တွင်းရှိ စစ်အေးတိုက်ပွဲနှင့် ဆက်စပ် ပဋိပက္ခများ (ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကူမင်တန် စသည့်) အစပြုရာ ဗဟိုချက်ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်များကြောင့် ဆင်းရဲမွဲတေမှု၊ ဘိန်းစိုက်ပျိုးမှု၊ လက်နက်ကိုင် အဖွဲ့များထားရှိမှု (အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ထားရှိခြင်းစနစ်ကို ယနေ့အထိ စွဲကိုင်ထားခြင်း) တို့ ပိုမိုမြင့်တက်လာခဲ့သည်။ မြန်မာစစ်ခေါင်းဆောင်အချို့ နှင့် တရုတ်အစိုးရကြား ရင်းနှီးသောဆက်ဆံရေးကြောင့် မူးယစ်ဆေးကုန်သွယ်မှု၊ သယံဇာတထုတ်ယူမှု၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့ ပိုအားကောင်းလာပြီး ပြည်ကြီးတရုတ်လူမျိုးများ ရှမ်းပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်မှု ပိုများလာခဲ့သည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုးကန့်တရုတ်များသည် စစ်ဘေးကာလအတွင်း ရှမ်းပြည်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ကွင်းဆင်းသတင်းယူသူများ၏ ပြောကြားချက်များအရ ပြောင်းရွှေ့ဝင်ရောက်လာသော တရုတ်လူမျိုးများကြောင့် တရုတ်မဟုတ်သည့် တောင်သူများနှင့် မတူသော စည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ဆောင်သည့် ပွဲစားများလည်း ပေါ်ပေါက် လာသည်။ တရုတ်ပွဲစားများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာနှင့်

နီးသောမြေများကို အလွန်စိတ်ဝင်စားကြောင်း လေ့လာမှုများအရ သိရှိရသည်။ လမ်းများ၊ ဈေးများနှင့်နီးသော ရွာများရှိ ယာခင်းများ ကိုလေ့လာချက်များ၊ လူမှုအဖွဲ့အစည်းတိုးတက်ရေးဝန်ထမ်းများက သတင်းပေးများနှင့် အင်တာဗျူး ကောက် နှုညတ်ချက်များအရ စီပီပြောင်းစိုက်ပျိုးရန် ငှားရမ်းခံရသော တောင်သူများသည် အကြွေးမဆပ်နိုင်သဖြင့် ပွဲစား ထံ မြေပေးလိုက်ရသော အဖြစ်တချို့ရှိကြောင်း တွေ့ရှိရသည်။ မြေပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းများ ထုတ်ပေးထား သဖြင့် ပွဲစားများမှာ အပေါင်အဖြစ် ထိုစာရွက်စာတမ်းများကို တောင်းဆိုပြီး လွယ်ကူစွာသိမ်းယူနိုင်ကြလေသည်။ ထိုစာ ရွက်စာတမ်းများကို အစိုးရက လွှဲပြောင်းခွင့်ပြုထားခြင်းမရှိသော်လည်း ဒေသတွင်းသဘောတူညီချက်ဖြင့် လွှဲပြောင်းနေ ကြခြင်းဖြစ်သည်။

## ၈.၅။ ဝင်ငွေစီးဆင်းမှုအတွက် အခြားနည်းလမ်းများ

ဖြည့်စွက် စိုက်ပျိုးသီးနှံများ

အချို့ရွာများတွင် သီးနှံမစိုက်ပျိုးသောရာသီ၌ ဘိန်းနှင့်အတူ ဆေးရွက်ကြီး၊ Black Niger (အကျယ်ကို အောက်တွင်ရှင်း ပြထားသည်) တို့ကို စိုက်ပျိုးသောကြောင့် အကြွေးဆပ်ရန် ငွေလုံလောက်သည်ဖြစ်ရာ အကျိုးဆက်အားဖြင့် စီပီပြောင်း စိုက်ပျိုးခြင်းကို အထောက်အပံ့ဖြစ်စေသည်။ သို့သော်လည်း စီပီပြောင်းကို ထပ်ခါထပ်ခါ စိုက်ပျိုးခြင်းကြောင့် အခြားသီး နှံစိုက်ပျိုးရန် မြေဩဇာမလုံလောက်တော့သဖြင့် တောင်သူအများစုမှာ မြေအားလုံးကို စီပီပြောင်းစိုက်ပျိုးဖို့အပ်နှံကြရ သည်။ နေ့စားသူရင်းငှားလုပ်ခြင်း (အထူးသဖြင့် ချို့တဲ့သောအိမ်များက ချမ်းသာသောအိမ်များတွင် ပြောင်းစိုက်ခြင်းနှင့် ဘိန်းစိုက်ခြင်းတို့အတွက်) က ငွေကြေး ရနိုင်သော အဓိကအလုပ်အကိုင် ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံသို့ပြောင်းရွှေ့သွား ပြီး ဆောက်လုပ်ရေးလုပ် သားဖြစ်သွားသူများမှအပ ရှမ်းပြည်နယ်တွင် သူရင်းငှားအလုပ်မဟုတ်သော အလုပ်များမှာ ရှားပါးသည်ကို တွေ့ရသည်။ သဘာဝသယံဇာတ အထူးသဖြင့် သစ်တောများမှာ ငွေရနိုင်သော လုပ်ငန်းနောက်တစ်ခုဖြစ် ပြီး လေ့လာခဲ့သော ရွာတစ်ရွာမှာ သစ်ထုတ်လုပ်ခြင်းနှင့် မီးသွေးဖုတ်ခြင်း လုပ်ကိုင်နေသည်ကိုတွေ့ရသည်။ သို့သော် ထို လုပ်ငန်းမှာ အမြင့်ပိုင်းရှိ အမြင့်ပိုင်းသစ်တောများနှင့်နီးသော ပထဝီအနေအထားရှိ ဒေသတွင် နေထိုင်သည့် လူမျိုးစုများ (လားဟူလူမျိုး) လုပ်ကိုင်သည်ကို တွေ့ရသည်။

ကျွဲနွားပိုင်ဆိုင် မွေးမြူမှု

စီပီပြောင်းစိုက်ပျိုးခြင်းသည် ကျွဲနွားပိုင်ဆိုင်မှုအခြေအနေကိုလည်း ပြောင်းလဲသွားစေသည်။ ရှမ်းပြည်နယ်မှ လူမျိုးစု များစွာအတွက် ဓလေ့ထုံးတမ်းအရ အရေးပါသော ကျွဲနွားများကို အကြွေးဆပ်ရာတွင် အသုံးပြုပေးချေ နေကြရသည်။ လေ့လာခဲ့သောရွာများမှ ချို့တဲ့သောအိမ်အားလုံးနှင့် အလယ်အလတ်တန်းစားအိမ်အများစုတွင် ထိုသို့အကြွေးဆပ်မှုများ ပြားစွာ ရှိနေပြီး စီပီပြောင်းစိုက်ပျိုးသည့် နှစ်အနည်းငယ်အတွင်းမှာပင် ကျွဲနွားပိုင်ဆိုင်မှု လုံးဝမရှိတော့သည့် အိမ်များရှိ လာခဲ့သည်။ ချို့တဲ့သောအိမ်များနှင့် အလယ်အလတ်တန်းအိမ်များစွာတို့မှာ စီပီပြောင်းစိုက်ပျိုးဝင်ငွေ၏ အမြတ်ငွေနည်း ခြင်းကွက်လပ်ကိုဖြည့်ရန် ကြက်မွေးမြူရေး (ရွာအချို့တွင် ဝက်မွေးမြူရေး) ကို တဖက်တလမ်းက လုပ်ကြရသည်။

လုပ်သားပြောင်းရွှေ့ခြင်း

ရှမ်းပြည်မြောက်ပိုင်းတွင် အကြွေးသံသရာတွင်းမှာ နက်သည်ထက် နက်လာသဖြင့် ထိုရွာများမှ ရွာသားများသည် အနီး ဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ လခစားအလုပ်ကို သွားရောက်လုပ်ကိုင်ကြရပြီး အိမ်ကို ငွေပြန်ပို့ကြရသည်။ ပြည်ပမှ ပို့ငွေသည် အိမ်သားအားလုံး စားဝတ်နေရေးအတွက် အဓိကမှီခိုရာ ဖြစ်လာပြီး ပြည်ပသို့အလုပ်သွားလုပ်နေသူအတွက် ဖိ အားပိုမိုဖြစ်လာစေသည်။

မြေလုံခြုံမှု

အကြွေးတင်နေသည့်အိမ်များအနေဖြင့် ဖြေရှင်းစရာနည်းလမ်းအားလုံးကုန်သည့်နောက်တွင် နောက်ဆုံးဖြေရှင်း နည်း ဖြစ်သည့် ၎င်းတို့၏ အဖိုးတန်မြေကို ရောင်းလိုက်သည့်နည်းကို သုံးကြရသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် တောင်သူများ မှာ မြေကို ပွဲစားများထံငှားရမ်းခြင်း၊ အကြွေးဆပ်ရန်အတွက် မြေကိုရောင်းခြင်းများ ပြုလုပ်ကြရသည်။ လေ့လာခဲ့သော

မြို့များစွာတွင် စီးပွားရေးကျပ်တည်းမှုကြောင်း မြေရောင်းချမှု အလွန်များလာသည့်အတွက် ရွာလူကြီးကပင် တားမြစ်သည့်အဆင့်ထိရောက်ခဲ့သည်။ သို့သော် ထိုသို့တားမြစ်ခြင်းက စီးပွားရေးသမားများအနေနှင့် အကြွေးဖြင့်သိမ်းရန် ပိုမိုအားပေးရာရောက်နေသဖြင့် ရွာအတွင်းရှိ ချမ်းသာသောအိမ်များက ချို့တဲ့သောအိမ်များထံမှ မြေများကို ဝယ်ယူပေးခြင်းဖြင့် အပြင်လူများထံ ပါမသွားအောင် ကာကွယ်နေကြရသည်။

Black Niger - အီသီယိုးပီးယားဒေသတွင် စတင်ပေါက်ရောက်ခဲ့သော ဆီထုတ်၍ရသည့် အစေ့အဆန်ပင်တစ်မျိုး

## ၈.၆။ ဘိန်းနှင့်ပြောင်းစိုက်ပျိုးမှု နှိုင်းယှဉ်ကြည့်ခြင်း

လေ့လာမှုတွင်ပါဝင်သည့်ကျေးရွာများအနက် ဘိန်းစိုက်ပျိုးသော(သို့) ဘိန်းစိုက်ခင်းများတွင် အလုပ်သမား အဖြစ် လုပ်ကိုင်သော( အန္တရာယ်များသောအလုပ်ဖြစ်၍ နေ့စားခမျိုးမျိုးမြက်မြက်ရကြသည်) ဧရိယာများတွင် စီပီပြောင်းစိုက်ပျိုးခြင်းကြောင့်ဖြစ်ပေါ်သော လူမှုရေးစီးပွားရေးဆိုင်ရာ အပြောင်းအလဲ များ သိသိသာသာ လျော့ပါးသက်သာသည်ကို တွေ့ရသည်။ အလုပ်သမားအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်မှ ဘိန်းစိုက်ပျိုးထုတ်လုပ်သည့်အိမ်ထောင်စုအများစုအထိ ကျေးရွာလုပ်ကွက် ၅ခု( ရှမ်းပြည်တောင်ပိုင်းမှကျေးရွာ ၄ရွာနှင့် ရှမ်းပြည်မြောက်ပိုင်းမှကျေးရွာ ၁ရွာမှ စုစုပေါင်းလုပ်ကွက် ၈ခုအနက်မှ) တွင်လေ့လာခဲ့ရာ ဘိန်းစိုက်ပျိုးမှုတွင် အလုပ်သမားအဖြစ်သော်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်သူအဖြစ် သော်လည်းကောင်း ပါဝင်လုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ သွင်းအားစုအမြောက်အမြားလိုအပ်သော စီပီပြောင်းစိုက်ပျိုးရန်နှင့် အခြားလိုအပ်ချက်များအတွက် ဈေးငွေကို ပွဲစားများ အပေါ်တွင် အားကိုးနေရသည့် အိမ်ထောင်စုများအတွက် ဘိန်းစိုက်ပျိုးမှုမှရရှိသော မြင့်မားသည့်ဝင်ငွေသည် (ယခင်နှစ်အနည်းငယ်ကကဲ့သို့ သီးနှံအောင်မြင်သောနှစ်များတွင်) ၎င်းတို့၏လိုအပ်ချက်များကိုထိမိစေသည်။ တဖက်တွင်လည်း စီပီပြောင်း စိုက်ပျိုးခြင်းကြောင့် တင်ရှိနေသည့်ကြွေးမြီများကိုဖြေရှင်းရန် နည်းလမ်းတစ်ခုအဖြစ် ဘိန်းစီးပွားရေးသို့ အိမ်ထောင်စုများ ဝင်ရောက် လာကြသည်။

စိုက်ပျိုးရာသီများတွင် အလုပ်သမားလိုအပ်ချက်မြင့်မားသည်။ အလုပ်သမားရရှိနိုင်ရန်ဘိန်းစိုက်ခင်းနှင့် ပြောင်း စိုက်ခင်းတို့ အပြိုင်ခေါ်ကြရသည်။ အချို့ဒေသများတွင် စီးပွားရေးလိုအပ်ချက်အရ သီးနှံနှစ်မျိုးလုံးကို စိုက်ပျိုး ရန်လိုသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ကျေးရွာတစ်ရွာတွင်ပြုလုပ်ခဲ့သော အုပ်စုဆွေးနွေးခြင်း တွင် ရွာသား တစ်ဦးက "စီပီပြောင်းပဲစိုက်မယ်ဆိုရင် ကျွန်တော်တစ်ယောက်ထဲပဲဗိုက်ဝမယ်။ ဘိန်းစိုက်မယ် ဆိုရင်တော့ ကျွန်တော်တို့တစ်အိမ်လုံး စီးပွားရေးအဆင်ပြေတယ်လေ" ဟု ရှင်းပြခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင်ပါဝင်သောအိမ်ထောင်စုများသည် သီးနှံအထွက်ကောင်းလျှင် ငွေပိုမိုရရှိနိုင်ပြီး ကြွေးမြီသံသရာအတွင်းကျရောက်ခြင်းမှလွတ်ကင်းနိုင်သည်။ သို့ရာတွင် ကြွေးမြီတင်ရှိနေသောအိမ်ထောင်စု တွက်မှာမူ၊ ဘိန်းစိုက်ဒေသရှိကျေးရွာသားတစ်ဦးမှသူ၏ခံစားချက်ကို "ဘိန်းကပဲကျွန်တော်တို့ရဲ့ ကြွေးမြီ ပြဿနာကို ဖြေရှင်းပေးနိုင်တယ်" ဟု ပြောဆို၍ ထင်ရှားစေခဲ့သည်။ ထိုအချက်က ရှမ်းပြည်နယ်တွင် မြေယာနှင့် ဘဝရပ်တည်မှု ဆုံးရှုံးမှုများ ဆက်လက်မြင့်တက်နေပြီး အိမ်ထောင်စုအတွက် လိုအပ်သော ငွေကြေး ပြဿနာ ကိုဖြေရှင်းရန် ဘိန်းစီးပွားရေးအပေါ်မှီခိုနေရဦးမည်ဖြစ်ကြောင်း ဖော်ပြနေသည်။ ရှမ်းပြည်နယ်တွင် ပြုလုပ်ခဲ့ သည့် အောက်ခြေပြည်သူများကိုလေ့လာမှုကွန်ယက်မှလည်း ဤအချက်ကို အထောက်အကူ ပြုခဲ့သည်။

လေ့လာမှုမှ သက်သေပြချက်များက ဘိန်းစိုက်ပျိုးမှုတွင်ပါဝင်သည့်ကျေးရွာများတွင် မမျှတမှု နည်းပါးပြီး ဆင်းရဲသောအိမ်ထောင်စုများနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှ ဥစ္စာနေမှုများသည် ချမ်းသာသော အိမ်ထောင်စုများသို့ ပြန်လည်ဖြန့်ဝေမှုလည်း နည်းပါးသည်ကို ပြသနေသည်။ ဘိန်းစိုက်ပျိုးမှုသည် တရားမဝင်ဖြစ်ခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အမျိုးမျိုးမှ အခွန်အကောက်များ(ဆက်ကြေး) ကောက်ခံရန် ဆွဲဆောင်နေခြင်း တို့ကြောင့် ထိုအိမ်ထောင်စုများမှာ အန္တရာယ်ပိုမိုများပြားသည်။ တရားဥပဒေရေးရာ ကိစ္စရပ်နှင့် ပတ်သက်၍ ရွာသားတစ်ဦးက "အစိုးရက ဘိန်းစိုက်တာကိုရပ်စေချင်ရင် စီပီပြောင်းဈေးနှုန်းကို တိုးပေးပေါ့" ဟူ၍ချေပပြောဆိုခဲ့သည်။

ဘိန်းစိုက်ပျိုးမှုတွင်ပါဝင်သောအိမ်ထောင်စုများ၏ လူမှုရေးပထဝီသည် လတ်တလောနှစ်များအတွင်း အပြောင်း အလဲများစွာဖြစ်ပေါ်ခဲ့သည်။ သီးနှံများစိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးဂေဟဗေဒဆိုင်ရာဒေသ မတူညီသည့်အတွက် မြေယာ

ပြိုင်ဆိုင်မှုနည်းပါးသည်။ စိုက်ပျိုးရေးခါတုပစ္စည်းများသုံးစွဲရမှု၊ ဆည်မြောင်း သွယ်တန်းမှုတို့ အလွန်အမင်းလိုအပ်ခြင်းက ချမ်းသာသောအိမ်ထောင်စုများနှင့် စီးပွားရေးသမားများက ဘိန်းစိုက်ပျိုးမှုကို လွှမ်းမိုးထားသည်ဟု သိမြင်နိုင်စေသည်။ သွင်းအားစုစရိတ်ကြောင့် ဘိန်းသည် ဆင်းရဲသော လယ်သမားများစိုက်ပျိုးနိုင်သောသီးနှံမဟုတ်ချေ။ ပိုမိုဆင်းရဲသောလယ်သမားများမှာမူ သူရင်းငှားအဖြစ်သို့ ရောက်နိုင်ဘွယ်ရှိသည်။

ထိုအချက်များက ဘိန်းစီးပွားရေးကိုနားလည်လာစေရန်ရည်ရွယ်၍ ကျေးရွာ၏အဆင့်နှင့် မြေမျက်နှာသွင်ပြင် တစ်ခုတွင် ဘိန်းနှင့်ပြောင်းသီးနှံနှစ်ခု၏ အပြန်အလှန် အကျိုးသက်ရောက်မှုကို လေ့လာသင့်ကြောင်း၊ ဥပဒေနှင့်ညီသော(စီပီပြောင်း) သီးနှံနှင့် ဥပဒေနှင့်မညီသောသီးနှံ(ဘိန်း)ထုတ်လုပ်ခြင်း ၂မျိုးလုံးကို အရွယ်အစားမျိုးစုံ နိုင်ငံရေးစီးပွားရေး ဆန်းစစ်ချက်တစ်ရပ်ပြုလုပ်သင့်ကြောင်းကို ထင်ရှားစေလျက် ဘိန်းစီးပွားရေးကိုထိုးထွင်း သိမြင်နိုင်ရန် ပံ့ပိုးသည်။

ထို့ကြောင့် ရှမ်းပြည်နယ်တွင် ဘိန်းအလွန် အခြားသောဖွံ့ဖြိုးရေးစီမံချက်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်သင့်သည်။

## ၈.၇။ စားနပ်ရိက္ခာဖူလုံမှု

ယေဘုယျအားဖြင့်၊ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလယ်အလတ်အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာ လျော့ကျလာခဲ့သည်။ အသက်ရှင်နေထိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ် မည့်အစား၊ ဝယ်ယူစားသုံးရန်သာ မှီခိုအားထားကြပြီး သွင်းအားစုမြင့်မားသော ဝင်ငွေရ သီးနှံစိုက်ပျိုးမှုသို့ ပြောင်းလဲလာခြင်းသည် အဓိကအကြောင်းရင်းဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ဝင်ငွေရ သီးနှံစိုက်ပျိုးရန် ဈေးနှုန်းမြင့်မားသောသွင်းအားစုများဝယ်ယူရန် မလိုအပ်ပေ။ စီပီပြောင်း စိုက်ခင်းများသည် တောင်ယာစပါးနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများနေရာတွင် အစားထိုးဝင်ရောက်ခဲ့သည့်နည်းတူ အချို့ လယ်ကွင်းများတွင်ပါ အစားထိုးဝင်ရောက်ခဲ့သည်။ လေ့လာမှုတွင်ပါဝင်သောကျေးရွာများမှ အိမ်ထောင်စုအနည်းငယ်သာ ဝမ်းစာစပါးကို ဆက်လက်စိုက်ပျိုးကြသည်။ အိမ်ထောင်စုအတွက်လိုအပ်သော တစ်နှစ်စာဝမ်းစာစပါးနှင့် အခြားဖြည့်စွက် စားနပ်ရိက္ခာများဝယ်ယူရန် စီပီပြောင်းစိုက်ပျိုးခြင်းမှရရှိသောဝင်ငွေကိုသာ မှီခိုနေကြသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလယ်အလတ်အိမ်ထောင်စုများအတွက် စီပီပြောင်းစိုက်ပျိုးခြင်းမှ ရရှိသောအမြတ်အစွန်းသည် မျှော်မှန်းထားသည်ထက် နည်းနေသောအခါ၊ စားနပ်ရိက္ခာဝယ်ယူရန်နှင့် အခြားလိုအပ်ချက်များအတွက် ပေးချေရန် လုံလောက်သောငွေကြေးမရရှိနိုင်တော့ပေ။ ရှမ်းပြည်နယ်ရှိ ဒေသခံ လူမှုရေးအဖွဲ့အစည်းတစ်ခုမှ လုပ်သားတစ်ဦး ထိုအခြေအနေကို "သူတို့လုပ်နေကြတာက ပိုညံ့တဲ့ဆန် စားရဖို့ဖြစ်နေပြီ" ဟုအကျဉ်းချုံးပြောဆိုခဲ့သည်။ ရွာသားတစ်ဦး သူတို့ရွာ၏ စားနပ်ရိက္ခာဖူလုံမှု ယိုယွင်းကျဆင်းလာသည့် အခြေအနေကို "ကျွန်တော်တို့ ထမင်းတော့စားရပါတယ်၊ ဟင်းတော့မပါဘူး" ဟု ထိထိမိမိပြောဆိုခဲ့သည်။

စီပီအုပ်စုက စီပီပြောင်းစိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်ပိုမိုသုံးစွဲနေရသောလယ်သမားများကို ကျောခိုင်းပြီး ထောက်ပံ့မှုများ ရပ်ဆိုင်းလိုက်သည့်အခါ ထိုပြဿနာသည် အရေးတကြီး အသည်းအသန်ဖြစ်လာခဲ့သည်။ အရင်းအနှီး နည်းပါးသော လယ်သမားများမှာ အမြတ်ရရန်(သို့မဟုတ်) အရင်းကြေရန် ရုန်းကန်နေရသော်လည်း လက်ရှိအခြေအနေတွင် ရပ်တည်ရန် (သို့မဟုတ်) အခြားဝင်ငွေရလမ်းကြောင်းအတွက် ပြောင်းလဲစိုက်ပျိုးရန် အခက်အခဲများရှိနေကြသည်။ အဓိကအကြောင်းရင်းမှာ ပြောင်းသည် တစ်သီးစားဖြစ်ခြင်း၊ နှစ်စဉ်နှစ်တိုင်း တစ်နေရာတည်းတွင်သာစိုက်ပျိုးခြင်း၊ သုံးမျိုးစပ် (NPK) နှင့် ယူရီးယားဓါတ်မြေသြဇာ အလွန်အကျွံသုံးစွဲရခြင်းတို့ကြောင့်ဖြစ်သည်။ နှစ်ပေါင်းများစွာကြာမြင့်လာသည့်အခါ မြေဆီလွှာ၏ မြေသြဇာ အခြေအနေမှာအလွန်ဆိုးရွားလာသည်။ မြေဆီလွှာအဟာရလျော့နည်းလာပြီး မြေယာတို့မှာ ဆက်လက် စိုက်ပျိုးရန် မသင့်တော်တော့သည့်အခြေအနေသို့ဆိုက်ရောက်ခဲ့သည်။ အော်ဂဲနစ်ပစ္စည်းများ မသုံးစွဲပဲ နှစ်ချီ၍ မြေဆီသြဇာယိုယွင်းလာသည့်အလျောက် သွင်းအားစုကုန်ကျစရိတ်မှာလည်း မြင့်တက်လာပြီး ကြွေးမြီ တင်ရှိလာနိုင်ချေများလာသည်။ ကြေငြာထားသောထွက်နှုန်းရရှိရန်နှင့် စီပီပြောင်းစိုက်ပျိုးရေးမှ အမြတ်အစွန်း ရရှိနိုင်ရန် လယ်သမားမှာ စွမ်းရည်လျော့ပါးလာခဲ့သည်။

ထိုဘေးကျပ်နံကျပ်ဖြစ်မှုများသည် မြေယာအရင်းအမြစ်အကန့်အသတ်ရှိပြီး အရင်းအနှီးနည်းပါးသော အိမ်ထောင်စုများ ကို ဆိုးရွားပြင်းထန်စွာ ထိခိုက်စေခဲ့သည်။ ၄င်းတို့ကိုမြေယာမဲ့အဖြစ်သို့ကျရောက်စေခဲ့ပြီး၊ တောင်ယာအသစ်ခုတ်ထွင်ရန် တွန်းအားပေးခဲ့သည်။ ထို့ကြောင့် နောက်ထပ်တဖန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရေရှည်တည်တံ့ သောဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို ပိုမိုဆိုးရွားလာစေသည်။

## ၈.၈။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာရေရှည်တည်တံ့မှု

စီပီပြောင်းစိုက်ပျိုးရေးတွင် ပြုလုပ်ရလေ့ရှိသောဓါတုပစ္စည်းများ များစွာ ဆက်တိုက်သုံးစွဲမှုနှင့် တစ်သီးစား စိုက်ပျိုးမှု တို့ သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုစီးပွားရေးရလာဒ်များ၏ သိသာထင်ရှားသော အကြောင်းရင်းအဖြစ် ဖော် ထုတ်သတ်မှတ်ခဲ့သည်။ အရင်းအနှီးမြင့်မားသော အိမ်ထောင်စုများသည်လည်း မြေဆီလွှာမြေသြဇာလျော့ကျခြင်းကို ခံ စားကြရသော်လည်း၊ မြေသြဇာပြန်လည် ဖြည့်တင်းရန် မြေဆွေးများ ထည့်ခြင်းဖြစ်စေ၊ မြေကိုထွန်ယက်ပြီး မစိုက်ပျိုးပဲ လစ်လပ်ထားပြီး ၄င်းတို့ပိုင်ဆိုင်သည့် အခြားအိမ်ထောင်စု၏ မြေကွက်တွင် အစားထိုးစိုက်ပျိုးခြင်းကိုဖြစ်စေ ပြုလုပ်ရန် တတ်နိုင်ကြသည်။ ရွာသူရွာသားများသည် အမြတ်ပိုမိုရရှိရန်မျှော်မှန်း၍ဖြစ်စေ (ပိုမိုကြွယ်ဝသောအိမ်ထောင်စုများက ပိုမို မြင့်မားသော အလုပ်သမား အင်အားနှင့် သွင်းအားစုဝယ်ယူနိုင်စွမ်းတို့ဖြင့်) ကြွေးမြီကြောင့်၄င်း၊ မြေဆီလွှာ ပျက်ယွင်းမှု ကြောင့်၄င်း၊ ယခင်လုပ်ကိုင်နေသောမြေယာကို ဆုံးရှုံးလိုက်ရသောကြောင့်ဖြစ်စေ တောင်ယာ အသစ်များ ခုတ်ထွင်ကာ စီပီပြောင်းစိုက်ခင်းများကို တိုးချဲ့လုပ်ကိုင်ကြသည်။ ထိုသို့သောအလေ့အကျင့်များက ရေဝေတောင်ကြောများ ကို ထိန်း သိမ်းပေးသော၊ တောရိုင်းတိရိစ္ဆာန်များရှင်သန်ရန်အတွက်ပံ့ပိုးပေးသော၊ ရာသီဥတုကိုထိန်းသိမ်းသော၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြင့် အပိုဝင်ငွေနှင့် အာဟာရအထောက်အပံ့ပေးသော လက်ကျန် တောင်ပေါ်သစ်တောများကို ပိုမိုဆိုးရွားစွာပြုန်းတီးစေသည်။

စီပီပြောင်းစိုက်ပျိုးထုတ်လုပ်ရာတောင်ယာများမှာ အထူးသဖြင့်တစ်သီးစားစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာဆုံးရှုံးနိုင်ချေ ပိုများသည်။ မြေဆီလွှာပျက်စီးယိုယွင်းခြင်းသည် မြေသြဇာကိုလျော့ကျစေသည်သာမက ဒေသတွင်း ရေချိုစနစ်ကိုပါ ဆိုး ရွားစွာထိခိုက်စေနိုင်သည်။ စက်မှုပြောင်းစိုက်ပျိုးခြင်းသည် သုံးမျိုးစပ် (NPK) နှင့် ယူရီးယားဓါတ်မြေသြဇာ၊ ပိုးသတ် ဆေးစသည့် စိုက်ပျိုးရေးဓါတုပစ္စည်းများ အမြောက်အမြား သုံးစွဲရန်လိုအပ်သည်။ ထိုအကြောင်းရင်းနှစ်ခုလုံးကြောင့် နောက်ဆုံးတွင် မြေဆီလွှာကျန်းမာရေးနှင့် ပိုမိုကျယ်ပြန့်သော ရေချိုစနစ်ကိုပါအန္တရာယ်ကျရောက်စေသည်။

မြေဆီလွှာအဟာရကုန်ခမ်းခြင်းသည် စီပီပြောင်းစိုက်တောင်သူများ စီပီပြောင်းစိုက်ပျိုးခြင်းမှ ရုန်းမထွက် နိုင်စေသည့် အကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်။ မြေဆီလွှာသည် အသက်ရှင် ရပ်တည်ရေးအတွက် သွင်းအားစုနည်းပါးသော စပါးကို စိုက်ပျိုးရန်မဖြစ်နိုင်တော့သဖြင့် ထွက်နှုန်းကျဆင်းနေသည့်ကြားကပင် သွင်းအားစုများပြားသော စီပီပြောင်း စိုက်ပျိုးရေးသံသရာထဲတွင် ပိတ်မိနေကြသည်ဟု လယ်သမားများက ပြောဆိုကြသည်။ ထိုအကြောင်းရင်းသည် အရင်း အနှီးနည်းပါးသော အိမ်ထောင်စုများကို ထိုးနှက်ခဲ့သည်။ ၄င်းတို့မှာ စိုက်ပျိုးရန်မြေဧကအနည်းငယ်သာရှိရာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြစ်သည့် တောင်ယာအသစ်ခုတ်ထွင်ရန် တွန်းအားပေးနေသည်။ ဤလေ့လာချက်တွင်ပါ ဝင်သော အရေအတွက် အကန့်အသတ်ရှိသည့် အိမ်ထောင်စုများသည် ပြောင်းစိုက်ရာသီမဟုတ်သောအချိန်တွင် အပိုဝင် ငွေရရှိရန်နှင့် မြေဆီလွှာအဟာရပြန်လည်ဖြည့်တင်းရန် ပဲကဲ့သို့သောအခြားသီးနှံများစိုက်ပျိုးရန် လိုအပ်ကြောင်း တွေ့ရှိရ သည်။ ထိုအကြောင်းရင်းများအားလုံးအတွက် တစ်သီးစားသီးနှံဖြစ်သော၊ သွင်းအားစုမြင့်မားသည့် ဝင်ငွေရသီးနှံများ သည် ရှမ်းပြည်နယ်ရှိတောင်ယာများတွင်ရေရှည်မစိုက်ပျိုးနိုင်ပေ။

# နိဂုံး။

အစိုးရသစ်လက်ထက်တွင် ကမ္ဘာ့ ဈေးကွက်သို့ဝင်ရောက်လာခြင်းနှင့် နောက်ထပ်နိုင်ငံရေးစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာ့စီးပွားရေးသည် လျင်မြန်စွာပြောင်းလဲလာပြီဖြစ်သည်။ ကြွယ်ဝသော သဘာဝအရင်းအမြစ်နှင့် ဈေးပေါသောအလုပ်သမားတို့ကိုအားကိုး၍ နိုင်ငံ၏စီးပွားရေးကို စက်မှုစီးပွားရေးဆီသို့ပိုမို နီးကပ်စွာပြောင်းလဲလိုသောကြောင့် မြို့ပြနှင့်ကျေးလက်တို့တွင် ကြီးမားသောအပြောင်းအလဲများကို တွေ့ကြုံ ခံစားရမည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးနှင့် ယဉ်ကျေးမှု ကျောရိုးသဖွယ်ဖြစ်သော စိုက်ပျိုးရေးကဏ္ဍနှင့် အသေးစားတောင်သူလယ်သမားများမှာ လှုပ်ရှားပြောင်းလဲနေသော လမ်းဆုံလမ်းခွတွင် ရောက်ရှိ နေသည်။ စိုက်ပျိုးစီးပွားရေးလုပ်ငန်းများကို ဖြေလျှော့ပေးရန်အတွက် မြေယာအဓမ္မသိမ်းယူမှုများပြုလုပ်ခဲ့သည့်အပေါ်တွင် အရပ်ဖက်အဖွဲ့အစည်းများမှ ရန်လိုသောတုံ့ပြန်မှုများ ရှိနေသည့်အလျောက် ကုမ္ပဏီများသည် လုပ်ကွက်ငယ်တောင်သူများထံတွင် စိုက်ပျိုးထုတ်လုပ်မှု အစီအစဉ်များ ရင်းနှီးမြှုပ်နှံရန် နည်းလမ်းများကို ပိုမိုတိုးမြှင့်ရှာဖွေလာကြသည်။

ရှမ်းပြည်နယ်တွင်စီပီပြောင်းကန်ထရိုက်လယ်ယာစနစ်က နိုင်ငံရှိတောင်ယာမြေများတွင်သာ လုပ်ကိုင်ရန် ကမ်းလှမ်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင် လုပ်ကွက်ငယ်တောင်သူများ အစီအစဉ်ကို မည်သို့လုပ်ကိုင် လည်ပတ်နေသည်ကိုထိုးထွင်းကြည့်ရန် အရေးကြီးလာသည်။ အရင်းအနှီးများသော အိမ်ထောင်စုများအဖို့ ဝင်ငွေရရှိစေရန် ကောင်းစွာမတည်ပေးသည့် ခိုင်မြဲသော စီးပွားရေးအခွင့်အလမ်းကို ပြောင်းကန်ထရိုက် လယ်ယာစနစ်က ကမ်းလှမ်းခဲ့ခြင်းသည် လုံခြုံစိတ်ချစွာပါဝင်နိုင်သည်ဟု အရသည့်အချိန်တွင် လုံခြုံမှုနည်းပါးပြီး ဘေးဖယ်ခံထားရသော အိမ်ထောင်စုများမှာ အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ လယ်မြေပိုင်ဆိုင်မှုနှင့်သက်ဆိုင်သော နိုင်ငံစီးပွားရေးမှာ ဈေးကွက်လက်ဝါးကြီးအုပ်ခြင်း၊ အစိုးရ၏ စည်းမျဉ်း စည်းကမ်းများမရှိခြင်း၊ ပုံစံမကျသောသတင်းအချက်အလက်များနှင့် အကန့်အသတ်ဖြစ်နေသော ရုပ်ပိုင်းဆိုင်ရာနှင့်ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံတို့ဖြင့် ဖိစီးနှိပ်စက်ခံရလျက်ရှိသည်။ ထို့ကြောင့်ပင် ကုမ္ပဏီများနှင့် အလယ်လူများက လုပ်ကွက်ငယ်တောင်သူများ အထူးသဖြင့် ငွေအနည်းငယ်သာရှိသူ၊ စုဆောင်းငွေ(သို့)ပိုင်ဆိုင်မှုမရှိသူများအပေါ်အစစ်အဆေးမရှိ လွှမ်းမိုးသောပါဝါသုံးစေရန် ခွင့်ပြုထားနိုင်သည်။

ကန်ထရိုက်လယ်ယာစနစ်သည် အရင်းအနှီး၊ သွင်းအားစု၊ နှင့် ဈေးကွက်ဆိုင်ရာတို့တွင် လုပ်ကွက်ငယ်တောင်သူထုတ်လုပ်သူများထံသို့ တိုက်ရိုက်ရောက်ရှိနိုင်သည့် ကုမဏီများနှင့် ဆက်သွယ်ခြင်းအားဖြင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်မည့်လမ်းကြောင်းကို ရှာဖွေသည်။ နက်ရှိုင်းစွာလေ့လာထားသော ဤဖြစ်ရပ် လေ့လာချက်က အသိဉာဏ်ပွင့်စေခဲ့သောကြောင့် ကျေးရွာများနှင့် အမျိုးမျိုးသော လုပ်ကွက်ငယ်တောင်သူများတွင် လယ်မြေပိုင်ဆိုင်မှုနှင့်သက်ဆိုင်သောစနစ်များမှာ အလွန်ကွဲပြားသော ရလာဒ်များကို ဖြစ်ပေါ်စေကြောင်း တွေ့ရှိလာသည်။ အိမ်ထောင်စုတစ်ခု၏ မြေယာနှင့်ငွေသားကဲ့သို့သော အရင်းအနှီးပိုင်ဆိုင်မှုသည် သီးနှံထွက်နှုန်းကောင်းစေရန် သွင်းအားစုစရိတ်များများ ထည့်နိုင်မှုရှိ မရှိသိနိုင်သောကြောင့် ရရှိလာနိုင်သည့် အမြတ်အစွန်းကို ကြိုတင်ခန့်မှန်းတွက်ချက်ထားနိုင်သည်။ ပိုမိုဆင်းရဲသော အိမ်ထောင်စုများမှာ သွင်းအားစုများတတ်နိုင်ရန် ဒေသခံငွေချေးသူများကို အားကိုးနေရပြီး မြင့်မားသောအတိုးနှုန်းနှင့် မလုံလောက်သော သွင်းအားစုသုံးစွဲခြင်းတို့ကြောင့် ထွက်နှုန်းလျော့ပါးကာ ကြွေးမြီထောင်ချောက်အတွင်းသို့ တဝဲလည်လည်သက်ဆင်းကြရသည်။

နိုင်ငံရေးစီးပွားရေးလေ့လာချက်များတွင် လစ်လျူရှုခံရလေ့ရှိသည့်များစွာသော အခြားအကြောင်းရင်းများဖြစ်သည့် ပထဝီ၊ စိုက်ပျိုးရေးဂေဟစနစ်၊ နိုင်ငံရေးသမိုင်းကြောင်း၊ ရွှေ့ပြောင်းသွားလာမှုပုံစံ၊ ဥပဒေနှင့် မညီသောစီးပွားရေးများ၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားများ၏ သွင်ပြင်လက္ခဏာတို့ကိုလည်း လွှမ်းမိုးသည့် အလားအလာများအဖြစ် ဤလေ့လာချက်တွင် ဖော်ပြထားသည့်အလျောက် စီးပွားရေးဆိုင်ရာ မတည် ရင်းနှီးမှုများကသာ ခြားနားသော ရလာဒ်များကိုပုံဖော်သည် မဟုတ်ပေ။ ထိုကဏ္ဍများက လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့် အသက်ရှင်နေထိုင်မှုတို့အပေါ်လွှမ်းမိုးမှုသည် စီးပွားရေးနှင့် နည်းပညာကဏ္ဍက လွှမ်းမိုးသည်ထက် မပိုလျှင်သာရှိမည်။ မလျော့ချေ။ ထို့ကြောင့်အကြိမ်ကြိမ်အလေးမထားသည့် ကြားကပင စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးရေးအစီအစဉ်များ တီထွင်ကြံဆခြင်းတွင် ပိုမိုထည့်သွင်း စဉ်းစားရန် တောင်းဆိုလျက်သည်။

တောင်ယာများတွင် အသက်ရှင်နေထိုင်ရေးအတွက် စားနပ်ရိက္ခာထုတ်လုပ်ရာမှ စက်မှုဝင်ငွေတိုးသီးနှံ စိုက်ပျိုးမှု သို့ ပြောင်းလဲလာခြင်းသည် လူမှုစီးပွားရေးထိခိုက်မှုများသာဖြစ်ပေါ်စေသည်မဟုတ်ပေ။ ဂေဟာစနစ် နှင့် မြေမျက်နှာသွင်ပြင်ကိုပါ ထိခိုက်စေသည်။ ဓါတုပစ္စည်းများအမြောက်အမြားသုံးစွဲခြင်းနှင့် တစ်သီးစား သီးနှံကိုကြိမ်ဖန်များစွာစိုက်ပျိုးခြင်းသည် မြေဆီလွှာအဟာရကုန်ခမ်းခြင်းကိုဖြစ်ပေါ်စေသည်။ တောင်သူလယ်သမားများက တောင်ကုန်းများပေါ်ရှိ သစ်တောများကို ခုတ်ထွင်ရှင်းလင်းလာကြ၍ အဆင့်လျော့ကျမှု သံသရာကိုဖြစ်ပေါ်စေသည်။ စက်မှုဝင်ငွေတိုးသီးနှံစိုက်ပျိုးမှုသည် လုပ်ကွက်ငယ်တောင်သူများအကြား ရေပန်းစားလာသည်နှင့်အမျှ နောက်ဆက်တွဲအဖြစ် စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ခြင်းမပြုတော့ပဲ ဝယ်ယူစားသုံးခြင်းသို့ပြောင်းလဲစေသည့်အတွက် စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝပတ်ဝန်းကျင်ကျန်းမာရေးနှင့် အလုံးစုံသော ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးတကြီး စိုးရိမ်ပူပန်ဖွယ်ရာများ ပေါ်ပေါက်လာသည်။

ဤဖြစ်ရပ်လေ့လာချက်တွင် ဖော်ထုတ်ခဲ့သောပြဿနာများကို ဖြေရှင်းရန်နည်းလမ်းမရှိပေ။ ရလာဒ်များကို ပိုမို မျှတမှု ရှိစေရန်နှင့် ရေရှည်တည်တံ့စေရန် တိုင်းပြည်၏ လယ်မြေပိုင်ဆိုင်မှုနှင့်သက်ဆိုင်သော နိုင်ငံရေးဆိုင်ရာ စီးပွားရေးစနစ်ကို စေ့စေ့စပ်စပ်စစ်ဆေးပြုပြင်ရန်လိုအပ်သည်။

**ထောက်ခံအကြံပြုချက်များ**

**လုပ်ကွက်ငယ်တောင်သူများအတွက်သာမက အဆင်းရဲဆုံးနှင့် အထိခိုက်လွယ်ဆုံးအိမ်ထောင်စုများအတွက် နိုင်ငံတော်၏အထောက်အပံ့နှင့် အားကောင်းသောမူဝါဒများ သေချာစေရန်**

| သုတေသနလေ့လာချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | တိုးချဲ့ဝန်ဆောင်မှုများ | လုပ်ဆောင်ချက် |
|---|---|---|---|
| • နိုင်ငံလုံးဆိုင်ရာ အလားအလာများ ကိုပိုမိုကောင်းမွန်စွာ ဖမ်းဆုပ်နိုင်ရန်က ယားပြည်နယ်ရှိ စီပီပြောင်း စိုက်ပျိုးရေး နှင့် နိုင်ငံတစ်ဝှမ်းရှိ အခြားသီးနှံများအတွက် အခြားကန်ထရိုက်လယ်ယာ စနစ်ဖြစ်ရပ် လေ့လာချက်များကို ရှေ့ဆောင်သည်။<br>• ပြောင်းစိုက်ပျိုးရေးအစီအစဉ်အတွက် စီပီအုပ်စုနှင့် အစိုးရအကြားသဘော တူညီချက်စာချုပ် အခြေအနေ အသေးစိတ်ကို ဥပဒေနှင့်အညီ လေ့လာမှုပြုလုပ်သည်။<br>• အခြားစိုက်ပျိုးရေး ကုန်ပစ္စည်းများအတွက် လုပ်ကွက်ငယ်တောင်သူများ၏ သဘောတူစာချုပ်များကို လေ့လာသည်။ (ဥပမာ- ရာဘာ၊ ဇီဝလောင်စာ)<br>• သဘာဝပတ်ဝန်းကျင်နှင့်မြေဆီလွှာအဆင့်လျော့ကျခြင်းဖြစ်စဉ်ကိုပိုမိုနားလည်နိုင်ရန် အထူးသဖြင့် စီပီ ပြောင်းစိုက်ပျိုးခြင်းနှင့်စက်မှုဝင်ငွေတိုးသီးနှံများကြောင့်သဘာဝပတ်ဝန်းကျင်သက်ရောက်မှု အခြေအနေကို လေ့လာခြင်း ပြုလုပ်သည်။ | • တိုင်းပြည်၏ အဓိကကန်ထရိုက် လယ်ယာစနစ်ကို ပူးပေါင်းထားသော လေ့လာသုတေသနပြုခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ရန် အမျိုးမျိုးသော အဖွဲ့အစည်းများ။<br>• လုပ်ကွက်ငယ်တောင်သူ စာချုပ်များ အတွက်အစိုးရနှင့် ကုမ္ပဏီများနှင့်ပြေလည်သွားအောင် အောင်မြင်စွာ ညှိနှိုင်းခဲ့ သော လက်ရှိ နိုင်ငံနှင့်တိုင်း ဒေသကြီးဆိုင်ရာ အရေးဆို တင်ပြခြင်း နှင့် တရားဥပဒေရေး ရာကွန်ယက် များနှင့်ချိတ်ဆက် ခြင်း။<br>• စီပီပြောင်း စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာ အဟာရလျော့ကျနေမှုများကို သိပ္ပံနည်းကျ ထိုးထွင်းလေ့လာရန် စိုက်ပျိုးရေးနှင့် မြေဆီလွှာဆိုင်ရာ သိပ္ပံပညာရှင်များခေါ်ယူခြင်း။ | • အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမှ အသုံးပြုနိုင်မည့် ဖြစ်ရပ်များ မှတ်တမ်းတင်ရန်နှင့်အချက်အလက်များ စုဆောင်းရန် (ဒေတာဘေ့စ်ပြုလုပ်ရန်) လယ်သမားများနှင့် တိုက်ရိုက် အလုပ်လုပ်ခြင်း။<br>• ကန်ထရိုက်လယ်ယာစနစ်အစီအစဉ်တွင်ပါဝင်သောလုပ်ကွက်ငယ်တောင်သူများ ကိုယ်စားအရေးဆိုတင်ပြခြင်း နှင့် ညှိနှိုင်းဆောင်ရွက်သော သုတေသနလေ့လာခြင်းကို ကူညီနိုင်ရန် အထက်အမိန့်နှင့် အတူ အရပ် ဘက်လူမှုအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ခွဲတစ်ရပ်ဖွဲ့စည်းခြင်း။<br>• တိုင်းဒေသကြီးဆိုင်ရာနှင့်နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂနှင့် အလုပ်လုပ်ခြင်း။ | • ဦးတည်ထားသော အရေးဆိုတင်ပြခြင်း လှုပ်ရှားမှုများမှတဆင့် အမြင်ဖွင့်မှုများဖန်တီးခြင်း။<br>• မြေယာနှင့် စိုက်ပျိုးရေး ကိစ္စရပ်များအတွက် တိုင်းဒေသကြီးဆိုင်ရာ စုပေါင်းအဖွဲ့နှင့် ချိတ်ဆက်ခြင်း။<br>• ဝင်ငွေတိုး သီးနှံကန်ထရိုက်များကြောင့် လုပ်ကွက်ငယ်တောင်သူများအပေါ် အန္တရာယ်ဖြစ်စေသော သက်ရောက်မှုများ နှင့်သက်ဆိုင်သည့် အဓိကပြဿနာများနှင့် ပတ်သက်၍ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ဖွံ့ဖြိုးရေးအသိုက်အဝန်းနှင့် မီဒီယာများကို ဦးတည်ပြီး သြဇာလွှမ်းရန် အားထုတ်မှုများနှင့် အသနားခံခြင်းတို့ ပြုလုပ်ခြင်း။<br>• ကန်ထရိုက်လယ်ယာစနစ် အစီအစဉ်ကြောင့် လုပ်ကွက်ငယ် တောင်သူများ၏ နစ်နာချက်များ အကြောင်း ဖြစ်ရပ်အသေးစိတ်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများထံသို့ တင်ပြရန် ရပ်ရွာအဖွဲ့ဝင်များနှင့်အတူ အသေးစိတ်တင်ပြချက်များ ရေးသားခြင်း။ |

| သုတေသနလေ့လာချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | တိုးချဲ့ဝန်ဆောင်မှုများ | လုပ်ဆောင်ချက် |
| --- | --- | --- | --- |
| **ဈေးကွက်ဖြစ်စဉ်တစ်လျှောက်တွင် ဘေးအန္တရာယ်အလားအလာများကို ပိုမိုတရားမျှတစွာ မျှဝေခြင်းကို အာမခံခြင်းအားဖြင့် အသေးစား စိုက်ပျိုးထုတ်လုပ်မှုများနှင့် ကုန်သွယ်မှုများကို ပိုမိုကောင်းမွန်စွာစည်းစနစ်ကျစေခြင်း** | | | |
| • ဖြစ်စဉ်၏ကွင်းဆက်တစ်ခုခြင်းတွင် နိုင်ငံရေး၊ လုပ်ပိုင်ခွင့်အာဏာ၊ အန္တရာယ်များနှင့် ဘောဂဗေဒဆိုင်ရာတို့ကို ပိုမိုနားလည်ရန် စီပီပြောင်းကုန်စည်တန်ဖိုးမြှင့်ဖြစ်စဉ် တစ်ခုလုံးကို လေ့လာခြင်း။<br>• လုပ်ကွက်ငယ်တောင်သူများအား လုပ်ပိုင်ခွင့်များတိုးမြှင့်ပေးနိုင်သည့် အကြောင်းရင်းများနှင့် ကွာခြားချက်များကို စစ်ဆေးနိုင်ရန် အခြားစိုက်ပျိုးရေးထုတ်ကုန်များ၏ လုပ်ကွက်ငယ်တောင်သူဈေးကွက် ဖြစ်စဉ်ကို လေ့လာခြင်း။ | • စီပီပြောင်းဈေးကွက်ဖြစ်စဉ်ကို ခြုံငုံမိစေရန် တရုတ်နိုင်ငံ နယ်စပ် နှစ်ဘက်လုံးတွင် လေ့လာစူးစမ်းမှုများကို ညှိနှိုင်းဆောင်ရွက်သည်။<br>• အခြား နိုင်ငံများအခြေအနေများမှ ရရှိလာသော သင်ခန်းစာများကို ပံ့ပိုးသည်။ | • စီမံခန့်ခွဲနိုင်ခြင်းမရှိသည့် ကြွေးမြီကို အကောင်းဆုံးမည်သို့ကာကွယ်မည်ဆိုသည်ကို လုပ်ကွက်ငယ် တောင်သူများ ထံသတင်းပေးကူညီရန် ဓာတ်ကြောင်း အမျိုးမျိုးနှင့် အတူ အမျိုးအစားတစ်ခုလုံး နှင့် သက်ဆိုင်သော အန္တရာယ်စီမံခန့်ခွဲမှု မူဘောင်တစ်ခုကို ဖော်ထုတ်သည်။<br>• လိုအပ်သည့်ပစ္စည်းများနှင့် သိုလှောင်ရေး အထောက်အကူများ၊ အလုပ်သမားအဖွဲ့ များနှင့် သွင်းအားစုများကို မျှဝေလိုသည့်အချိန်နှင့် မျှဝေလိုသည့်အရပ်တွင် တောင်သူ လယ်သမား သမဝါယမများ ဖွဲ့စည်း တည်ထောင်နိုင်ရန် ထောက်ပို့ရေးနှင့် နိုင်ငံရေးဆိုင်ရာ လက်တွေ့ အထောက်အပံ့များပံ့ပိုးသည်။<br>• တောင်သူလယ်သမားတို့၏ အသိုင်းအဝန်းအတွင်းဝေငှဖြန့်ဖြူးနိုင်ရန် သတင်းအချက် အလက်များကိုတောင်သူလယ်သမားသမဂ္ဂအား ပံ့ပိုးပေးသည်။ | • အင်တာနက်ကွန်ယက်နှင့် မိုဘိုင်းဖုန်းများတွင် အဓိကဘာသာစကားကိုအသုံးပြု၍ သတင်းအချက်အလက်များကို မျှဝေနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ် လာရန်ပုံစံထုတ်ခြင်း။ သို့မှသာ လယ်သမားများသည် ပြောင်းစိုက်ခင်းများ၏ လက်ရှိဈေးကွက် အခြေအနေနှင့် ပေါက်ဈေး၊ အတ်နှုန်း၊ ပေးဆပ်ရမည့် အနေအထား ၊ သွင်းအားစုများဈေးနှုန်း၊ စသည့် သတင်းအချက်အလက်များကို အလွယ်တကူ လက်လှမ်းမီလာပြီး အကောင်းဆုံး ရွေးချယ်မှုများပြုလုပ် နိုင်မည်။<br>• ဒေသခံ ငွေချေးသူများက လုပ်ကွက်ငယ်တောင်သူများအပေါ် မမျှတသော အကျိုးစီးပွားများနှင့်ကြိုက်သလိုလုပ်ခွင့် ပေးထားသကဲ့သို့ ဖြစ်နေသည်ကို ဟန့် တားရာတွင် အကူအညီဖြစ်စေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို နိုင်ငံရေး နှင့် ထောက်ပံ့ပို့ ဆောင်ရေးဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးခြင်း။ |

| သုတေသနလေ့လာချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | တိုးချဲ့ဝန်ဆောင်မှုများ | လုပ်ဆောင်ချက် |
|---|---|---|---|
| **အသေးစားတောင်သူများ၊ အထူးသဖြင့် အရင်းအနှီးနည်းပါးသော အိမ်ထောင်စုများကို (စပါးမဟုတ်သော) ကျေးလက် ချေးငွေများရယူနိုင်ရန် လက်လှမ်းမီမှုတိုးမြှင့်ပေးသည့် ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေမည့် မူဝါဒတစ်ရပ်ကိုအားပေးခြင်း။** | | | |
| တိုင်းပြည်၏ ကျေးလက်စိုက်ပျိုးစီးပွားနှင့် လုပ်ကွက်ငယ်တောင်သူများ၏ ဘဏ္ဍာရေး အခြေအနေ အမျိုးမျိုးကို ပိုမိုနားလည်လာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍ၊ တက္ကသိုလ်များ၊ အလှူရှင်များနှင့် သုတေသီများကို မတူညီသော စည်းမျဉ်းများနှင့် ချိတ်ဆက်ခြင်း။<br>• အသေးစားငွေချေးလုပ်ငန်းများ ချဲ့ထွင်ပံ့ပိုးခြင်းကြောင့် လူမှုအဖွဲ့အစည်း အစိတ်အပိုင်း အမျိုးမျိုးတွင် ရရှိခဲ့သည့် ကောင်းသောရလာဒ်များ၊ အနုတ်လက္ခဏာဆောင်သော ရလာဒ်များပေါ်တွင် အခြားနိုင်ငံများ ရရှိထားသော သင်ခန်းစာများကို လေ့လာရန်။ | • အဖွဲ့အစည်းအမျိုးမျိုးအေဂျင်စီအမျိုးမျိုး၊ သုတေသနပြုသူများနှင့် အရပ်ဖက် အဖွဲ့အစည်းများအကြား အရေးဆိုတင်ပြခြင်းနှင့် လေ့လာသုတေသနပြုခြင်းတို့ ညှိနှိုင်းဆောင်ရွက်ရန်။ | • ကျေးလက်နေ လုပ်ကွက်ငယ် တောင်သူများအတွက် တတ်နိုင်သော ဝန်ဆောင်မှုများနှင့် ကွင်းဆင်းဆောင်ရွက်မှုများပံ့ပိုးပေးရန် အသေးစားငွေချေး အဖွဲ့အစည်းများ၊ လက်ရှိအစိုးရ အေဂျင်စီများ နှင့် ဆက်သွယ်ပေးခြင်း။<br>• ကျေးလက် လုပ်ကွက်ငယ် တောင်သူများအတွက် အသေးစားငွေချေးခြင်း၏ အားသာချက် အားနည်းချက်များကို လူမှုအဖွဲ့အစည်းများ၊ အစိုးရနှင့် အလှူရှင်အဖွဲ့များ၊ တောင်သူလယ် သမားသမဂ္ဂတို့နှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း။ | • အစိုးရအဖွဲ့များ၊ ဘဏ်များ၊ ငွေချေးသူများနှင့် အသေးစားချေးငွေအဖွဲ့အစည်းများအား ကျေးလက်ဒေသ လုပ်ကွက်ငယ်တောင်သူများ၏ ဘဏ္ဍာရေးလိုအပ်ချက် များပြည့်စုံအောင် မည်သို့လုပ်သင့်သည်ဆိုသည် နှင့် တဆက်တစပ်တည်းဖြစ်သော အန္တရာယ်များပေါ်တွင် ပန်ကြားခြင်း၊ သြဇာသုံးခြင်း။<br>• စီပီပြောင်း ထုတ်ကုန်စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်စဉ်အတွက် သွင်းအားစုများ နှင့် ငွေကြေးအရင်းအမြစ်များအဖြစ် ဒေသခံငွေချေးသူများကို ကန်ထရိုက် မပေးရန် စီပီအုပ်စုအား သြဇာသုံးခြင်း။ |
| **အန္တရာယ်ရှိသော အိမ်ထောင်စုများအကြားတွင် ကြွေးမြီအန္တရာယ်နည်းပါးစေရန် ဒေသခံငွေချေးသူများထံမှငွေချေးသည့် အလေ့အကျင့်ကို ပိုမိုကောင်းမွန်သော စည်းစနစ်ကျစေခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း** | | | |
| • မြန်မာနိုင်ငံကျေးလက်ဒေသစီးပွားရေးတွင် ငွေချေးသူများ၏ အခန်းကဏ္ဍကို နောက်ထပ် လေ့လာမှုများပြုလုပ်ခြင်း။<br>• ငွေချေးယူမှုကို လယ်သမားများ လက်လှမ်းမီစေရန် မြေယာပိုင်ဆိုင်ခွင့် အသုံးချမှု အခန်းကဏ္ဍနှင့် နောက်ထပ် ကြွေးမြီကြောင့် မြေယာဆုံးရှုံးရမှု အဖြစ်အပျက်များကို ထပ်မံလေ့လာခြင်း။ | • ကန်ထရိုက်လယ် ယာစနစ်တွင် ဘေးဖယ်ခံ လုပ်ကွက်ငယ်တောင်သူများကိုထောက်ကူပေးနိုင်သည့်အကောင်းဆုံး အလေ့အကျင့်များနှင့် အောင်မြင်သော စည်းမျဉ်းစည်းကမ်းများ ပေါ်တွင် အခြားနိုင်ငံများထံမှ ရရှိသော သင်ခန်းစာများကို တိုက်ဆိုင်စစ်ဆေးကြည့်ရန်။<br>• စီးပွားရေးအရ ခြိမ်းခြောက် အကြပ်ကိုင်ခြင်းကြောင့် မြေယာရောင်းချခြင်းများကို အောင်မြင်စွာစောင့်ကြည့်ကြီးကြပ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အခြားနိုင်ငံများထံမှ လေ့လာစုံစမ်းရန်။ | • သတင်းဆိုးထွက်သော ဖြစ်ရပ်များကို မှတ်တမ်းတင်ရန်အတွက်လုပ်ကွက်ငယ်တောင်သူများနှင့် အလုပ်လုပ်ရန် တရားဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အဖွဲ့အစည်းများ(သို့မဟုတ်) လွတ်လပ်သော သုံးသပ်သူများကို အသုံးပြုသည်။<br>• ချေးငွေအစီအစဉ်များတွင် တိုင်ကြားထားသောမသမာမှုများကို ဖိုင်တွဲထားရန်နှင့် တောင်သူလယ်သမားများ အလွယ်တစ်ကူလက်လှမ်းမီသည့် ညွှန်းပို့စနစ်များ ပြုလုပ်ထားသည်။ | • မြေယာကို တန်ဖိုးအပြည့် အပေါင်ပစ္စည်းအဖြစ်ဖြင့် ချေးငှားခြင်းအား တားမြစ်ရန်အစိုးရထံသို့အရေးဆိုတင်ပြ ခြင်း။<br>• မည်သည့်စည်းမျဉ်းစည်းကမ်းမှ မရှိပဲ ဒေသခံမဟုတ်သူထံသို့ မြေယာရောင်းချခြင်းကို တားမြစ်ရန် အစိုးရထံသို့ အရေးဆိုတင်ပြခြင်း။<br>• ငွေချေးသူများ၏ကျင့်ဝတ်မရှိ၊ ဥပဒေမဲ့ လုပ်ရပ်များပြုလုပ်ခံရသော လုပ်ကွက်ငယ်တောင်သူများ အနေနှင့် သင့်လျော်ရာ အစိုးရ အဖွဲ့များထံသို့ တရားဥပဒေဆိုင်ရာအရင်းအမြစ်များအတွက် အကြောင်းကြားနိုင်ရန် အလွတ်သဘောတရားဥပဒေရေးရာ လုပ်ပိုင်ခွင့် ယန္တရားတစ်ခု အကောင်အထည်ဖော်ခြင်း။<br>• ကျေးလက်ဘဏ္ဍာရေးကဏ္ဍကို ငွေချေးသူများလက်ဝါးကြီးအုပ်ထားခြင်းကို ရပ်တန့်ရန် တွန်းအားပေးခြင်း။ |

| သုတေသနလေ့လာချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | တိုးချဲ့ဝန်ဆောင်မှုများ | လုပ်ဆောင်ချက် |
|---|---|---|---|
| **မြန်မာနိုင်ငံမြောက်ပိုင်းတွင် မူလဘိန်းစိုက်တောင်သူများ တရားမျှတစွာအကျိုးရှိစေရန် ပိုမိုကောင်းမွန်သော အခြားဖွံ့ဖြိုးရေးနည်းလမ်း ဖြစ်နိုင်ခြေများကို ထောက်ကူသော နိုင်ငံရေးစီးပွားရေး ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း။** | | | |
| • ဥပဒေနှင့်ညီသောဝင်ငွေတိုးသီးနှံ (ဥပမာ-စီပီ ပြောင်း) နှင့် ဥပဒေနှင့် မညီသော ဝင်ငွေတိုး သီးနှံ (ဥပမာ-ဘိန်း) တို့ စိုက်ပျိုးခြင်းနှင့်အလုပ်သမားတို့အကြား ဆက်သွယ်ချက်များကို နားလည်သည်။<br>• ဘေးဖယ်ခံ မူလဘိန်းစိုက်တောင်သူများအတွက် ရွေးချယ်စရာ သီးနှံသည် ရေရှည်တရားမျှတသည့် အကျိုးစီးပွားကို အမှန်အကယ်ကမ်းလှမ်းနိုင်ခြင်းရှိမရှိ ပထမဆုံး ပိုမိုနားလည်လာသည်။<br>• ဥပဒေနှင့်ညီသောသီးနှံ (ဥပမာ- စီပီပြောင်း) အတွက် နှင့် ဘိန်းအတွက် ပွဲစားများ၏ အချိတ်အဆက်များ ကိုလေ့လာသည်။ | • အရေးဆိုတင်ပြခြင်း အဆင့်နှင့် သုတေသန တင်သွင်းခြင်းအတွက် ကုလသမဂ္ဂ၊ နိုင်ငံခြား အစိုးရများ၏ဖွံ့ဖြိုးရေး အေဂျင်စီ များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း များနှင့် တောင်သူလယ်သမားသမဂ္ဂတို့နှင့် ညှိနှိုင်းဆောင်ရွက်သည်။<br>• ဥပဒေနှင့်မညီသောစိုက်ပျိုးထုတ်လုပ်မှု ပြုလုပ်သည့်အခြားတိုင်း ပြည်များမှ အပြုသဘောဆောင်သော သင့်လျော်ရာဥပမာများနှင့် မြန်မာနိုင်ငံတွင်ကြိုးစားခဲ့ဖူးသော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိသော သင်ခန်းစာများကို ပံ့ပိုးသည်။ | • အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသော ဖွံ့ဖြိုးရေး အေဂျင်စီများထံသို့ သတင်းပြန်ပို့နိုင်သော ယန္တရားကို မူလဘိန်းစိုက်တောင်သူများအတွက် တည်ဆောက်ထားခြင်း။<br>• အရပ်ဖက်လူမှုအဖွဲ့အစည်းများကပြုလုပ်ပေးသော လယ်သမားအချင်းချင်းသတင်း၊ အတွေ့အကြုံဖလှယ်မှုများကိုပိုမို အားပေးရန်။ | • ပေးအပ်ထားသောမြန်မာ့လယ်မြေပိုင်ဆိုင်မှု နိုင်ငံရေးဆိုင်ရာစီးပွားရေးတွင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်းဆုံးလုပ်ဆောင်ရန်အတွက် မူဝါဒအကျဉ်းကို ပြုလုပ်ဖြန့်ဝေခြင်း။<br>• ဘိန်းစီးပွားရေးနှင့် ကျေးလက်တောင်ယာများ အသက်ရှင်နေထိုင်မှု၊ အထူးသဖြင့် မြေယာအမွေသိမ်းယူမှုနှင့်ကြွေးမြီများအကြား ချိတ်ဆက်မှုကိုမီးမောင်းထိုးပြသည်။<br>• သုတေသနလေ့လာချက်တင်သွင်းခြင်းနှင့် အခြေအတင်ငြင်းဆိုခြင်းတို့ကို အားပေးရန်၊ နိုင်ငံတော်နှင့်တိုင်းဒေသကြီးအဆင့် ဖိုရမ်များကျင်းပေးသည်။<br>• မြေယာအခွင့်အရေးနှင့် အသက်ရှင် နေထိုင်ရေး မြင်ကွင်းများမှ အခြားဖွံ့ဖြိုးရေး အကောင်းဆုံးလုပ်ဆောင်မှုများလမ်းညွှန် အတွက်ကူညီရန် LCG နှင့် UNODC တို့အကြား လုပ်ငန်းအဖွဲ့ ဖွဲ့စည်းသည်။ |
| **သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာအကာအကွယ်များ၊ စီးပွားရေးဆိုင်ရာတရားမျှတမှု စသည့် စီပွားရေးလုပ်ငန်းအဆင့်အတန်းများသည် နိုင်ငံတကာအဆင့်သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်အာမခံသည်။** | | | |
| • စီစစ်ခြင်းအားဖြင့် အချို့သောသီးနှံများနှင့် ကန်ထရိုက်လယ်ယာစနစ်အတွက် ပွဲစားများ၊ တောင်သူလယ်သမားများနှင့် ကုမ္ပဏီများအကြား ရှုပ်ထွေးသောဆက်စပ်ပတ်သက်မှုကို နားလည်သဘောပေါက်သည်။<br>• အချို့သောလုပ်ထုံးလုပ်နည်း များသည် မြန်မာနိုင်ငံအတွက် မည်သို့အလုပ်ဖြစ်နိုင်မည်ကို သိမြင်နိုင်ရန် ဥပမာအားဖြင့် EITI, 3ADI စသည့် အချို့သောအကြောင်း အရာများတွင် အလုပ်ဖြစ်သည့် ဆင်တူသော ပဏာမခြေလှမ်းများကို လေ့လာသည်။ | • တောင်သူလယ်သမားများ အတွက် ပိုမိုကောင်းမွန်သော ကန်ထရိုက်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဒေသတွင်းနှင့် နိုင်ငံအဆင့် အစိုးရအဖွဲ့အစည်းများနှင့် အလုပ်လုပ်သည်။<br>• ပုဂ္ဂလိကကဏ္ဍများ စည်းစနစ်ကျနစေရန် အစိုးရနှင့် လက်တွဲလျက် ကြီးကြပ် ဆောင်ရွက်လုပ်ကိုင်နေသော လက်ရှိ အစုအဖွဲ့များနှင့် ချိတ်ဆက်သည်။<br>• အလေ့အကျင့်ကောင်းများနှင့် ပွင့်လင်းမြင်သာမှု အတွက် အရေးဆိုတင်ပြနေသော မြန်မာနိုင်ငံတွင် လှုပ်ရှားနေသည့် လူမှုရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်သည်။ | • စံချိန်စံညွှန်းများကိုသိရှိလာစေရန် ကန်ထရိုက်လယ်ယာ အသိုင်းအဝန်းနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအတွက် အကောင်းဆုံး လုပ်ဆောင်မှုများလမ်းညွှန်ကို ထုတ်ဝေသည်။ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်သည်။ | • ပွဲစားများမှရောင်းချသော သွင်းအားစုများဈေးနှုန်းကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊ ချိုးဖောက်မှုများကို အပြစ်ဒဏ်ပေးခြင်းစသည့် အကာအကွယ်များကို ထုတ်ပြန်ရန် အစိုးရအား အရေးဆိုတင်ပြသည်။<br>• အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပပြီး မြန်မာနိုင်ငံရှိစိုက်ပျိုးစီးပွားရေးတွင် ပါဝင်သောပုဂ္ဂလိက ကဏ္ဍများထံသို့ အစီရင်ခံစာ အကျဉ်းဖြန့်ဝေပေးသည်။ |

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ ၁။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ စီပီပြောင်းစိုက်ပျိုးထုတ်လုပ်သောကျေးရွာများ၏ အပြောင်းအလဲ အခြေအနေများ၊ ၂၀၁၃။**

| ရှမ်းပြည်နယ်တောင်ပိုင်း | လူမှုပထဝီ | ကျေးရွာ၏ ဥစ္စာခနေပြန့်နှံမှု | ပထဝီ | စိုက်ပျိုးရေးဂေဟ | မြေယာလုပ်ပိုင်ခွင့် | ပွဲစားများ/ချေးငွေများ |
|---|---|---|---|---|---|---|
| ကျေးရွာ၁။ ဆီဆိုင်မြို့နယ် | အိမ်ခြေ၁၀၄။ လူဦးရေ- ၆၅၀ ပအိုဝ့် တိုင်းရင်းသား | မြေယာမဲ့-၅%။ ဆင်းရဲသောအိမ်ထောင်စု- ၃၀% (ပျမ်းမျှမြေ ၂၈ က)။ အလယ်အလတ် (ပျမ်းမျှမြေ ရေဧက)နှင့်ချမ်း သာသူ (ပျမ်းမျှ မြေ ၁၅ ဧက)-၆၅%၊ ချမ်းသာ သော အိမ်ထောင်စုများသို့ မြေ များရောင်းချခြင်းဖြင့်အိမ်ထောင် စုများပိုမိုဆင်းရဲလာသည်။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု-၁၀%။ | အဓိကလမ်းမကြီးမှ ၁မိုင်၊ ပင်လယ်ရေမျက်နှာပြင်အမြင့်- ၃၀၀၀ပေ။ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ+ မြန်မာအစိုးရ အုပ်ချုပ်ရေး | တောင်ယာနှင့် လယ်မြေ၊ တောင်ယာအတွက် စီပီပြောင်း၊ လွန်ခဲ့သည့်လေးနှစ်မှစ၍ စီပီပြောင်းတစ်မျိုးတည်းသာ စိုက်ပျိုးသည်။ | မြေယာအခမ္ဘသိမ်းယူမှုမရှိ၊ ချမ်းသာသော အိမ်ထောင်စု အချို့တွင် မြန်မာ အစိုးရ၏ မြေယာလုပ်ပိုင်ခွင့်ရှိ။ လုပ်ပိုင်ခွင့်လုံခြုံမှုနည်း။ ခလေ့ထုံးတမ်းဥပဒေ နှင့် မြန်မာ အစိုးရ မြေယာစီမံခန့်ခွဲမှု။ | အလယ်အလတ်နှင့်ဆင်းရဲသောအိမ်ထောင်စုများအတွက်၊ အနီးနားရွာတွင် ပွဲစားတစ်ဦးရှိ၊ လူမျိုးတူ(ပအိုဝ့်)၊ ဆင်းရဲသောအိမ်ထောင်စုများအတွက် မြို့ပေါ်တွင် ပအိုဝ့်ပွဲစားတစ်ဦးရှိ။ သွင်းအား စုချေးငွေ (သီးနှံရိတ်သိမ်းချိန်တွင်စတင်) နှင့် အခြားချေးငွေ အပေါ် ၅% အတိုးနှုန်း၊ အချမ်းသာဆုံးအိမ်ထောင်စုတွင် ချေးငွေမရှိ၊ အလယ်အလတ် အိမ်ထောင်စုများ၏ တစ်ဝက်နှင့် ဆင်းရဲသောအိမ်ထောင်စုများအားလုံးသည် ချေးငွေယူ၊ |
| ကျေးရွာ၂။ ဟိုပုံးမြို့နယ် | အိမ်ခြေ- ၁၀၀၊ လူဦးရေ-၅၉၆၊ ပအိုဝ့်လူမျိုး | မြေယာမဲ့-၃%။ ဆင်းရဲသောအိမ်ထောင်စု- ၄၀% (ပျမ်းမျှမြေ ၄ဧက)။ အလယ်အ လတ်- ၅၇%(ပျမ်းမျှ မြေ ၆ ဧက)နှင့် ချမ်းသာသူ (ပျမ်းမျှမြေ ၈ဧကနှင့် အထက်)-၂%၊ အမျိုးသမီး ဦ◌ီး ဆောင်သောအိမ်ထောင်စု-၃၀%။ | မြို့နှင့်ဝေးကွာပြီး လမ်းမဘေးတွင်ရှိသည်။ ပင်လယ်ရေ မျက်နှာပြင်အထက်- ၃၅၀၀ပေ၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | တောင်ယာနှင့်လယ်မြေနှစ်ခုလုံးတွင် လွန်ခဲ့သည့် ၃ နှစ်ကတည်းက စီပီပြောင်းကို စိုက်ပျိုးသည်။ တချို့က စပါးနှင့် ပဲများကို တောင်ယာများတွင် စိုက်ပျိုးဆဲဖြစ်သည်။လယ်မြေ စပါးနှင့် အခြားသီးနှံများ နေရာတွင် စီပီပြောင်း စိုက်ပျိုးသည်။ ကျွဲနွားမွေးမြူမှုပုံမှန်၊ ဝက်နှင့် ကြက် အနည်းငယ် မွေးမြူသည်။ | မြေယာအခမ္ဘသိမ်းယူမှုနှင့် ပဋိပက္ခမရှိ။ (ရွှေ့ပြောင်းတောင်ယာများဖြစ်၍) အစိုးရမြေယာပိုင်ဆိုင်ခွင့်မရှိ။ ခလေ့ထုံးတမ်းဥပဒေသာ ကျင့်သုံး၊ လုပ်ပိုင်ခွင့် လုံခြုံမှုမြင့်မား။ | ငွေကြေးနှင့် သွင်းအားစုချေးငွေအတွက် ဟိုပုံးမြို့ပေါ်ရှိ ပအိုဝ့် ပွဲစားနှစ်ဦး အပေါ် သာမှီခိုနေ။ ပွဲစားများအနေနှင့် ငွေပိုမိုရရှိနိုင်သောကြောင့် ၂၀၁၄မှစ၍ ငွေချေးယူမှုသည် သွင်းအားစုဝယ်ယူရန်အတွက်သာရရှိနိုင်သည်။ အတိုးနှုန်း တစ်လလျှင်၅%။ ချက်ခြင်း သက်ရောက်သည်။ ချမ်းသာသော အိမ်ထောင်စုများ ငွေချေးယူမှုမရှိ။ အခြားအိမ်ထောင်စုတိုင်းချေးယူ။ |

| | | | | | | |
|---|---|---|---|---|---|---|
| ကျေးရွာ၃။ဖယ်ခုံမြို့နယ် | အိမ်ခြေ- ၈၆။ လူဦးရေ၄၆၀။ ပဒေါင်နှင့်ကယားတိုင်းရင်းသားများ | မြေယာမဲ့မရှိ။ ဆင်းရဲသောအိမ်ထောင်စု- ၂၅% (ပျမ်းမျှ မြေ၂ ဧက)။ အလယ်အလတ်(ပျမ်းမျှမြေ ၆ ဧက)-၆၅%။ ချမ်းသာသူ (ပျမ်းမျှမြေ ၁၃ဧက)-၁၀%၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု-၃၀%။ | လမ်းမကြီး ဘေးတွင် တည်ရှိသည်။ မြို့နှင့် သိပ်မဝေး၊ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့် ၃၀၀၀ပေ။ မြန်မာအစိုးရအုပ်ချုပ်မှု | အများစုမှာလယ်မြေများဖြစ်သည်။ မတ်စောက်သောမြေ အနည်းငယ်ရှိသည်။ စီပီ ပြောင်းအပြင် အဓိကစိုက်ပျိုးသီးနှံများမှာ ကြက်သွန်ဖြူ နှင့် စပါးဖြစ်သည်။ တောင် ယာမြေ မကျန်ရှိ။ ဝက်နှင့် ကြက် အမြောက်အမြားမွေးမြူသည်။ | မြေယာအခမ္ဗသိမ်းယူမှုနှင့် ပဋိပက္ခမရှိ။ အိမ်ထောင်စုတိုင်းတွင် မြန်မာအစိုးရ၏ မြေယာပိုင်ဆိုင်ခွင့်ရှိသည်။ ခလေ့ထုံးတမ်း ဥပဒေကို မြန်မာအစိုးရ၏ မြေယာဥပဒေမှချွင်းချက်အဖြစ်လိုက်နာသည်။ | ရှမ်းလူမျိုးနှင့်ပအိုဝ်လူမျိုးပွဲစားနှစ်ဦး ရှိသည်။ ဖယ်ခုံမြို့တွင် နေထိုင်သည်။ အိမ်ထောင် စုအများစုသည် ပွဲစားနှင့်ဆက်ဆံရသည်။ အတိုးနှုန်းမရှိ၊ သွင်းအားစုများ ဈေးနှုန်းကို အနည်းငယ်မြင့်ထားပြီး ကောက်ဝယ်ဈေးနှိမ် ထားသည်။ အိမ်ထောင်စုအားလုံးသည် ချမ်းသာလျှင် တောင်မှ သွင်းအားစု ချေးငွေယူရသည်။ အချို့အိမ်ထောင်စုများအထူးသဖြင့် အမျိုးသမီးဦးဆောင်သောအိမ် ထောင်စုများမှာ ချေးငွေပြန်ဆပ်ရန် ပြဿနာများရှိသည်။ |
| ကျေးရွာ၄။ဖယ်ခုံမြို့နယ် | အိမ်ခြေ- ၁၉၄၊ လူဦးရေ- ၁၁၉၈၊ကယန်းတိုင်းရင်းသားများ | မြေယာမဲ့မရှိ။ ဆင်းရဲသော အိမ်ထောင်စု- ၂၅% (ပျမ်းမျှမြေ ၄ ဧက၊ စီပီပြောင်း အတွက်ပျမ်းမျှ- ၂ဧက)။ အလယ်အလတ် (ပျမ်းမျှမြေ၈ဧက၊ စီပီပြောင်းအတွက် ပျမ်းမျှ ၄ဧက ) နှင့် ချမ်းသာသူ (ပျမ်းမျှမြေ ၁၀ဧက၊စီပီပြောင်းအတွက် ၈ဧက)-၁၅%၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု- ၁၀%။ (အလယ်အလတ်အိမ်ထောင်စုအများစု) | လမ်းမကြီးမှ ၁၀ မိုင်အကွာတွင် တည်ရှိသည်။ လယ်မြေ အများစု ဖြစ်ပြီး၊ မတ်စောက်ခြင်းမရှိသောတောင်ယာ အချို့ရှိသည်။ ပင်လယ်ရေ မျက်နှာပြင်မှအမြင့်- ၃၀၀၀ပေ။ မြန်မာအစိုးရအုပ်ချုပ်ရေး၊ အချို့ KNPP | မတ်စောက်ခြင်း မရှိသော တောင်ယာများရှိပြီး လယ်မြေများလွှမ်းမိုးသည်။ သစ်တောမရှိတော့၍ တောင် ယာချဲ့ထွင်ရန်မရှိတော့။ တောင်ယာသီး နှံများ နေရာတွင် စီပီပြောင်းများ စိုက်ပျိုးသည်။ လယ်မြေများတွင် စပါး၊စီပီပြောင်း နှင့်ဘိန်းတို့ကိုစိုက်ပျိုးသည်။ | ပြီးခဲ့သည့်ကိစ္စရပ်တစ်ခုမှလွဲ၍ မြေယာအခမ္ဗ သိမ်းယူမှု မရှိ။ ၃၅%သော အိမ်ထောင်စုများတွင် တရားဝင်မြေယာ ပိုင်ဆိုင်ခွင့်ရှိသည်။ ခလေ့ထုံးတမ်း ဥပဒေနှင့် မြန်မာအစိုးရ၏ မြေယာဥပဒေကို လိုက်နာသည်။ ပိုင်ဆိုင်ခွင့်ရှိလျှင် လုပ်ပိုင်ခွင့်ပိုမို လုံခြုံသည်။ | ရွာမှစီပီပြောင်းနှင့် ဘိန်းအမြောက်အမြားစိုက်ပျိုးသည့် ချမ်းသာသော အိမ်ထောင်စုသည် အဓိကပွဲစားဖြစ်သည်။ အခြားပွဲစားမှာ ကျေးရွာ ၃မှ ရှမ်းတိုင်းရင်းသားပင်ဖြစ်သည်။ တစ်လလျှင်၅%အတိုးဖြင့်ငွေချေးသည်။ သွင်းအားစုချေးငွေမှာ အတိုးမယူပါ။ ပစ္စည်း ပြန်သွင်းလျှင်ဈေးကွက်ပေါက်ဈေးထက်များစွာ ဈေးလျော့ပေးရပြီး၊သွင်းအားစုဈေးနှုန်းမှာပေါက်ဈေးထက်ပိုမိုမြင့်မားသည်။ ကြွေးမြီပြဿနာအတွက် သတင်းမရရှိပါ။ |

| ရှမ်းပြည်နယ်မြောက်ပိုင်း | လူမှုပထဝီ | ကျေးရွာ၏ဆင်းရဲ ချမ်းသာမျှဝေမှု | ပထဝီ | စိုက်ပျိုးရေးဂေဟ | မြေယာလုပ်ပိုင်ခွင့် | ပွဲစားများ/ချေးငွေများ |
|---|---|---|---|---|---|---|
| ကျေးရွာ၅။ ကွတ်ခိုင်မြို့နယ် | အိမ်ခြေ- ၅၆ လူဦးရေ-၂၄၀ ကချင်လူမျိုး အများစု။ ရှမ်း၊ ဗမာနှင့် တရုပ် လူမျိုးများ လည်းရှိသည်။ | ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု မကျန်ရှိပါ။ ဆင်းရဲသော အိမ်ထောင်စု-၆၃% (ပျမ်းမျှ ၁.၅ ဧက)။ အလယ် အလတ် အိမ်ထောင်စု- ၃၀% (ပျမ်းမျှ၄ဧက)။ ချမ်းသာ သောအိမ်ထောင်စု-၇% (ပျမ်းမျှ ၁၀ဧက)။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု ၁၈%(စစ် ကြောင့် ဖြစ်ရသော မုဆိုးမများ) | မူဆယ်သို့အဓိက လမ်းမကြီးတွင် တည်ရှိသည်။ တောင်ဖက်သို့ ၁ နာရီခန့် မောင်း လျှင်ကောင်းခါး ပြည်သူ့စစ်အုပ် ချုပ်ရေး၊ မြန်မာ အစိုးရအုပ်ချုပ် ရေးရှိသည်။ ပင် လယ်ရေ မျက်နှာ ပြင်မှအမြင့် ၄၀၀၀ပေ | လယ်မြေနှင့် တောင်ယာ နှစ်မျိုးလုံးရှိသည်။ရွှေ့ ပြောင်းတောင်ယာစနစ်မှာ လက် ကျန်သစ်တော များ မရှိတော့ သောကြောင့် ရပ် တန့်သွားပြီး မြေယာအား လုံးကိုအမြဲတမ်း စိုက်ပျိုး သည်။ ဝက်နှင့်ကြက်မွေး မြူသည်။ ဘိန်းစိုက်ပျိုး၏ မရပေ။ | အဓိကလမ်းမကြီးတွင် တည်ရှိခြင်းကြောင့်စစ်တပ် နှင့် ကုမ္ပဏီများ၏ အခမ့ မြေယာသိမ်းမှု များပြား သည်။ ကြွေးမြီကြောင့် ရောင်းချမှု နှင့်မြေယာ သိမ်းမှုများကြောင့် နောက် ထပ်မြေရောင်းချမှုကိုခွင့်မ ပြုတော့ပေ။ ချမ်းသာသော အိမ်ထောင်စုများသည်မြေ ယာပိုင်ဆိုင်ခွင့်အချို့ရှိ သည်။ ဓလေ့ထုံးတမ်း ဥပ ဒေနှင့် ပြဌာန်းဥပဒေကျင့် သုံးသည်။ | အနီးနားကျေးရွာများတွင် ပွဲ စားအများအပြားရှိသည်။ ရွာသူ ရွာသားများသည် လူမျိုးစုတူပွဲ စားများဆီသို့ဆက်သွယ်သည်။ တစ်လလျှင် ၅%အတိုင်းနှင့် ငွေ ချေးသည်။ ငွေချေးယူသည်နှင့် စတင်သည်။ ရိတ်သိမ်း သီးနှံ များရောင်းချပြီးလျှင် ကြွေးဆပ် ရသည်။ မြေယာသည် ငွေချေးမှု အတွက် အပေါင်ပစ္စည်းဖြစ် သည်။ (သွင်းအားစုအားချေး ငွေ မဟုတ်သော) ချမ်းသာ သော အိမ်ထောင်စုမှ လွဲ၍ ကျန် အိမ်ထောင်စုအားလုံး ချေးငွေရ ယူသည်။ ချမ်းသာသော အိမ် ထောင်စုမှလွဲ၍ အိမ်ထောင်စု အားလုံး သီးနှံရိတ်သိမ်းပြီး လျှင် ချက်ခြင်းရောင်းချသည်။ ချမ်းသာသော အိမ်ထောင်စုမှ လွဲ၍ကြွေးမြီသည် ကျယ်ပြန့်၍ အရေးကြီးသော ပြဿနာ ဖြစ် သည်။ |
| ကျေးရွာ၆။လားရှိုး မြို့နယ် | အိမ်ခြေ- ၅၈ လူဦးရေ- ၂၉၉ အားလုံးနီးပါး သည် ပလောင် လူမျိုးများဖြစ် သည်။ ကချင် | မြေယာမဲ့အိမ်ထောင်စု ၃% ဆင်းရဲ သောအိမ်ထောင်စု၉၁%(ပျမ်းမျှ ၂ ဧက)။ ချမ်းသာသော အိမ်ထောင်စု-၆% (စီပီပြောင်းစိုက် ခင်းအမြောက် အမြားရှိသည်။) စီပီပြောင်းကြွေး မြီများကြောင့် | အဓိကလမ်းမ ကြီးတွင်ရှိသည်။ လားရှိုး၊ ကိုးကန့် တရုတ်ကျေးရွာ တို့နှင့်သိပ်မဝေး ပေ။ ပင်လယ်ရေ | စီပီပြောင်းနှင့်ဘလက်နစ် ဂါ တို့ကိုဝင်ငွေရ သီးနှံအ ဖြစ် စိုက်ပျိုးသည်။ တောင် ယာစပါး အနည်းငယ်စိုက် ပျိုး သည်။ ဘိန်းမစိုက်ပေ။ ဝက်နည်းငယ်မွေးမြူ သည်။ | အစိုးရ၊ကုမ္ပဏီ နှင့် စစ်တပ် ၏မြေယာသိမ်းမှုများအ မြောက်အမြားရှိပြီး၄င်း တို့ ကစီပီပြောင်းစိုက်ပျိုးသည်။ မြေယာပိုင်ဆိုင်ခွင့်မရှိ။ ဓ လေ့ထုံးတမ်း ဥပဒေနှင့် ပြ | တိုင်းရင်းသား တရုတ်လူမျိုး ပွဲ စား များ ထံမှ ၅% အတိုးနှုန်း နှင့် ချေးယူ သော အိမ်ထောင်စု ၈၀%ရှိသည်။ သဘော တူညီ ချက်အပေါ်မူတည်၍ငွေ(သို့မ ဟုတ်)သီးနှံများကိုပြန်ပေး ဆပ် |

| | | | | | | |
|---|---|---|---|---|---|---|
| | နှင့်ရှမ်းလူမျိုး အနည်းငယ် သာရှိသည်။ | အလယ်အလတ် အိမ်ထောင်စုမရှိပါ။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု ၉% (အားလုံး ဆင်းရဲသည်) ယခုဆင်းရဲ သော အိမ်ထောင်စုများမှာ ယခင်က အလယ်အလတ်အိမ်ထောင်စုများ ဖြစ် သည်။ စီပီကြွေးမြီကြောင့် မြေယာများရောင်းချလိုက်ရ သည်။ | မျက်နှာပြင်အမြင့် ၃၀၀၀ပေ။ မြန်မာအစိုးရအုပ်ချုပ်ရေးရှိသော် လည်းမြောက်ပိုင်း ssa ၏ လွှမ်းမိုးမှု ရှိသည်။ | | ဌာန်း ဥပဒေကျင့်သုံးသည်။ | ရသည်။ စီပီ ပြောင်းစိုက်ပျိုးသည့် တရုတ်လူမျိုး ပွဲစား များ ထံသို့ ကြွေးကျေ သည်အထိ မြေငှားထားခြင်းဖြင့်ကြွေးဆပ်သည်။ ၂၀% သော အိမ်ထောင်စု များသည် ကိုးကန့် တရုတ်ပွဲစားများထံမှ မြေအပေါင်ထားပြီး အတိုးနှုန်းမြင့်မား စွာဖြင့် ငွေချေးသည်။ ရလာဒ်အနေနှင့် ကိုးကန့်ပွဲစားများထံ မြေယာများဆုံးရှုံးရသည်။ အိမ်ထောင်စု အားလုံးသည် ချေးငွေရယူကြပြီး ကြွေးမြီပြဿနာ များရှိကြသည်။ ကြွေးမြီကြောင့် မြေယာ ဆုံးရှုံးမှုမှာ တူညီသောပြဿနာဖြစ်သည်။ |
| ကျေးရွာ ၇။ လားရှိုးမြို့နယ် | အိမ်ခြေ-၂၈၀ လူဦးရေ-၁၄၀၀ အဓိက လူမျိုးမှာ လားဟူဖြစ်သည်။ ဝလူမျိုးနှင့် ရှမ်းလူမျိုး အနည်းငယ်ရှိသည်။ | မြေယာမဲ့အိမ်ထောင်စု-၇% ဆင်းရဲသောအိမ်ထောင်စု-၇၁% (ပျမ်းမျှ ၂ ဧကထက်နည်း)။ အလယ်အလတ်အိမ်ထောင်စု- ၁၈% (ပျမ်းမျှ၇ဧက)။ ချမ်းသာသော အိမ်ထောင်စု-၄%(ပျမ်းမျှ ၁၀ ဧက)။ အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စု ၁၁%။မြေယာမဲ့နှင့်ဆင်းရဲသောအိမ်ထောင်စုများသည်ယခင်ကအလယ်အလတ်အိမ်ထောင်စုများဖြစ်ပြီး စီပီပြောင်းကြွေးမြီများကြောင့် မြေယာများကိုရောင်းချခဲ့ရ သည်။ | တောင်ကြားမြေသားလမ်းပေါ် တွင်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်မှအမြင့် ၂၈၀၀ပေ။မြန်မာအစိုးရအုပ်ချုပ်ရေးရှိသော်လည်း မြောက်ပိုင်းSSA နှင့် မန်ပန်ပြည်သူ့စစ်အဖွဲ့တို့ လွှမ်းမိုးသည်။ | လယ်မြေများနှင့်တောင်ယာမြေများတွင်လွန်ခဲ့သော ၁၀နှစ်ကတည်းကစီပီ ပြောင်းစိုက်ပျိုးသည်။ ဆန်စိုက်ပျိုးထုတ်လုပ်မှုမရှိ။ကျွဲနွားများကိုရောင်းချသည်။ ဝက်နှင့်ကြက် မွေးမြူသည်။ ယခုစီပီပြောင်းစိုက်ခင်းများတွင်မြေဆီလွှာနှင့် ပေါင်းပင်များ အခြေအနေမှာ အလွန်ဆိုးရွားနေသည်။ | စစ်တပ်ကမြေယာအမွေသိမ်းယူပြီး ပြည်သူ့စစ်များသို့ ရာဘာစိုက်ပျိုးရန် ပေးသည်။ စီပီး ပြောင်းကြွေးမြီများကြောင့် မြေယာရောင်းချ မှုအမြောက်အမြားရှိသည်။ မြေယာပိုင်ဆိုင်ခွင့်ရှိသော အိမ်ထောင်စုမရှိ။ ဓလေ့ထုံးတမ်း ဥပဒေကျင့်သုံးသည်။ | ပွဲစားနှစ်ဦးရှိသည်။ အလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စုများသည် အနီးနားရှိမြို့ပေါ်မှ ရှမ်းတရုပ် ပွဲစားနှင့်ဆက်ဆံသည်။ ချမ်းသာသော အချို့ အိမ်ထောင်စုများသည် လားရှိုးမှလားဟူ တရုတ်ပွဲစားကြီးနှင့် ဆက်သွယ်သည်။ နှစ်ဦးလုံးသည် ချေးငွေများကို စီမံရန်ရွာရှိ လူကြီးများနှင့် ဆက်သွယ်ကြသည်။ ပေးဆပ်ပစ္စည်းမှာ ဈေးကွက်ပေါက်ဈေးထက် လွန်စွာနည်းပါးသည်။ ချမ်းသာသူများ (၄င်းတို့သည် အခြားသူများအတွက် စီမံပေးသည်) မှလွဲ၍ အိမ်ထောင်စုတိုင်းသည် ချေး |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ငွေရယူသည်။ မြေယာသည် အပေါင်ပစ္စည်းဖြစ်သည်။ (အစိုးရထံမှ မြေယာ ပိုင်ဆိုင်ခွင့် မရှိသော်လည်း) ကြွေးမြီနှင့် မြေယာဆုံးရှုံးမှု ပြဿနာကြီးကြီးမားမား ရှိသည်။ ယခုအခါမြေယာများကို ရွာသူရွာသား အချင်းချင်းသာရောင်းချနိုင်သည် (ဥပမာ- ရွာရှိချမ်းသာသော အိမ်ထောင်စုများ) |
| ကျေးရွာ ၈။ ကျောက်မဲမြို့နယ် | အိမ်ခြေ- ၉၅ လူဦးရေ ၄၃၅ ရှမ်းလူမျိုးများသာဖြစ်သည်။ | လွတ်နေသောအိမ်ထောင်စု(မြေယာမဲ့ ၊ကျေးရွာကိုစွန့်ခွာသွားပြီး အိမ်များသာကျန်ရစ်သည်)- ၁၆% မြေယာမဲ့ အိမ်ထောင်စု (ကျေးရွာတွင်ကျန်ရှိသည်)၁၅% ဆင်းရဲသော အိမ်ထောင်စုနှင့် အလယ်အလတ် အိမ်ထောင်စု (အလယ်အလတ်နှင့်ဆင်းရဲသော အိမ်ထောင်စုများသည် စီပီပြောင်းကြွေးမြီများကြောင့် မြေယာ များဆုံးရှုံးခဲ့သည်။)- ၆၃% ချမ်းသာသော အိမ်ထောင်စု- ၆% အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု- ၁၆% ယခင် အလယ်အလတ် အိမ်ထောင်စုများသည် ပြောင်းနှင့် ကြံစိုက်ပျိုးရေး ကြွေးမြီများကြောင့် မြေယာများကို ချမ်းသာသော အိမ်ထောင်စုများ ထံသို့ရောင်းချခဲ့သည်။ | အဓိကလမ်းမကြီးမှ ၂မိုင် အကွာတွင်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်မှအမြင့် ၂၇၅၀ပေ။ လယ်မြေများရှိပြီးအနည်းငယ် စောက်သော တောင်ယာမြေများနှင့်ရွာကိုဝန်းရံထားသည်။ မြန်မာ အစိုးရနှင့် မြောက်ပိုင်း SSA တို့ လတ်တလော တိုက်ခိုက်နေသည် | စီပီပြောင်းကို ၂၀၀၃ခုနှစ်တွင် စတင်စိုက်ပျိုးသည်။ အိမ်ထောင်စုများအားလုံး ကြံအစား စီပီ ပြောင်းစိုက်ပျိုးသည်။ ယခုအခါစီပီ ပြောင်းထွက်နှုန်းမှာ တဝက်သာ ရှိသည်။ စပါးပြန်လည်စိုက်ပျိုးရန် တောင်ယာ အသစ်ခုတ် ထွင်ကြသည်။ ကျွဲနွားများအားလုံး ရောင်းချပြီးဖြစ်သည်။ | မြေယာသိမ်းယူမှုမရှိ။အချို့ အလယ်အလတ် အိမ်ထောင်စုများနှင့် ချမ်းသာသောအိမ်ထောင်စုများတွင် အစိုးရဥပဒေအရမြေယာ ပိုင်ဆိုင်ခွင့်အချို့ရှိသည်။ အလယ်အလတ် အိမ်ထောင်စုများသည် ကြွေးမြီကြောင့် ချမ်းသာသော အိမ်ထောင်စုများထံ မြေယာများ ရောင်းချသည်။ အစိုးရ မြေယာဥပဒေမှအပ ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာသည်။ | အနီးအနားရှိမြို့မှ ရှမ်းပွဲစားများသည် ပြောင်းကုန်သွယ်ရေး၏ ဗဟိုဖြစ်သည်။ ငွေနှင့်သွင်းအားစုချေးငွေ များကို အလယ်အလတ်အိမ်ထောင်စုအားလုံးရယူသည်။ ချမ်းသာသော အိမ်ထောင်စုများက မယူပေ။ တစ်လလျှင် ၅%-၆% အတိုးရှိသည်။ ငွေဖြင့်ပြန်ဆပ်ရသည်။ စိုက်ပျိုးသီးနှံများ၏ပေါက်ဈေးကိုပွဲစားများကသတ်မှတ်သည်။ (အလွန်သမားရိုးကျမဟုတ်ပဲ)၊ မြေယာများကို အပေါင်အဖြစ်မသုံးပေ။ ကြွေးမြီပြဿနာကြီးမားသည်။ |

| ရှမ်းပြည်နယ် မြောက်ပိုင်း | ဖြေရှင်းပုံနည်းလမ်း | စားနပ်ရိက္ခာလုံခြုံမှု | ဘိန်း | သက်ရောက်မှု | အထွေထွေမှတ်ချက်များ |
|---|---|---|---|---|---|
| ကျေးရွာ-၁ ဆီဆိုင်မြို့နယ် | ၁) အခြားသီးနှံများရောင်းချသည်<br>၂) လုပ်ခစားအလုပ်သမားများ<br>၃)ဘိန်းစိုက်ခင်းများတွင် လုပ်ကိုင်သော အလုပ်သမား<br>၄) ကျွဲနွားများရောင်းချခြင်း<br>၅) ရွှေရောင်းခြင်း<br>၆) ပိုမိုရိုးရှင်းစွာနေထိုင်ခြင်း | အိမ်ထောင်စုအချို့သည် (လူမှုစီးပွားရိက္ခာ ဝယ်ယူရန် ဝင်ငွေပိုမိုရရှိသောကြောင့်အသင့်အတင့်လုံခြုံမှုရှိသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ ပျမ်းမျှအခြေအနေကို မမီပေ။ | ယခင်က ဘိန်းအများအပြားစိုက်ပျိုးသည်။ ယခုအခါ အိမ်ထောင်စု အချို့သော ပြောင်းမှ ရသောဝင်ငွေကို ဖြည့်စွက်ရန်အတွက် ဘိန်းစိုက်ပျိုးကြသော လည်း အလုပ်သမား အများအပြားမှာ ဘိန်း စိုက်ခင်းများတွင် လုပ်ကိုင်ကြသည်။ | ချမ်းသာသောအိမ်ထောင်စုများနှင့် အလယ်အလတ်အိမ်ထောင်စုများ တွင် နေအိမ်အဆင့်အတန်းတိုးတက် လာပြီး လျှပ်စစ်ပစ္စည်းများ ရှိကြသည်။ အများစုမှာ ဘိန်းမှ ပြောင်းသို့ပြောင်းလဲစိုက်ပျိုးသော်လည်း အချို့မှာ ဘိန်းစိုက်ခင်းများတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ကြဆဲ ဖြစ်သည်။ မွေးမြူရေးတိရစ္ဆာန် အားလုံးကိုရောင်းချသည်။ | ၅%အတိုးယူသော ပွဲစားများနှင့်ဆက်စပ်မှု မရှိသော ဆင်းရဲသော အိမ်ထောင်စုများအတွက် စေတနာလူမှုရေးအဖွဲ့မှ ကျပ်၂သိန်း ချေးပေးသည်။ |
| ကျေးရွာ-၂ ဟိုပင်မြို့နယ် | ၁)အခြားသီးနှံများရောင်းချသည် (ဆေးရွက်ကြီး)၊<br>၂) လုပ်ခစားအလုပ်သမားများအဖြစ်ထိုင်းနိုင်ငံ သို့ ပြောင်းရွှေ့လုပ်ကိုင်သည်။<br>၃) ဘိန်းခင်းအလုပ်သမား<br>၄)ရွာထဲတွင်လုပ်ခစားစိုက်ခင်းလုပ်သား (သူရင်းငှား) | စပါးစိုက်ခင်းများမှာ စီပီ ပြောင်းစိုက်ခင်းအဖြစ် သို့ ပြောင်းလဲသွားသော ကြောင့် စားသုံးရန် ဆန် စပါးမရနိုင်တော့ပါ။ အမြောက်အမြားဝယ်ယူ ရသည်။ တောင်ယာ စပါး လုံလောက်အောင် မရှိပါ။ စားနပ်ရိက္ခာ လုံခြုံမှု အဆိုးရွားဆုံး ဖြစ်သည်။ | စိုက်ပျိုးရေးဂေဟမှာ ရွာအနီးနားတွင် ဘိန်း စိုက်ပျိုးရန် မသင့် တော်ပေ။ အချို့ဘိန်းခင်း အလုပ်သမားများမှာ အပိုဝင်ငွေရရှိသဖြင့် ကြွေးမြီများပေးချေ ကြသည်။ | အချို့သောလူမှုစီးပွားတိုးတက်မှုများ ရှိသည်။ ကျောင်းအတွက် ဆရာငှား ခြင်း၊ ဆိုလာစနစ်လျှပ်စစ်မီး၊ ရွာလမ်းပြုပြင်ခြင်း၊ ပူသောရာသီ တွင် စားနပ်ရိက္ခာအတွက် ငွေပို ရရှိခြင်း။ သို့သော် ၂၀၁၁/၁၂ ရာသီ တွင် အိမ်ထောင်စု ၃၅ခုမှာ အားလုံး ဆုံးရှုံးသွားပြီး အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ကြသည်။ | စည်းလုံးသည်၊ အားကောင်းသောရွာဖြစ် သည်၊ ရွာလူကြီးကောင်း ရှိပြီး၊ မဲပေးရွေးချယ်ထား သူဖြစ်သည်။ သိသာသော % ရှိသည့် အိမ်ထောင်စု များသည် စီပီပြောင်း ကြောင့် ကြွေးမြီတင် ရှိသည်။ အထူးသဖြင့် လွန်ခဲ့သည့် ၂နှစ်ကဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာ-၃ ဖယ်ခုံမြို့နယ် | ၁)အခြားသီးနှံများရောင်းချသည်<br>၂) ဆင်းရဲသောအိမ်ထောင်စုမှ အလုပ်သမားများသည် ချမ်းသာသော အိမ်ထောင်စုများ၏ ပြောင်းစိုက်ခင်းတွင် အလုပ်လုပ်သည်။<br>၃) ဘိန်းစိုက်သည်။<br>၄) ဘိန်းခင်းတွင် အလုပ်လုပ်သည်။<br>၅) နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့သည်။<br>၆) ကျွဲနွားများရောင်းချသည်။<br>၇) ဒုတိယမျိုးဆက် မျိုးစေ့များ စိုက်ပျိုးသည်။ | စီပီပြောင်းများ အစားထိုးမစိုက်ခင် ကတည်းက စားသုံးရန်စပါး စိုက်သည်။ပြောင်းလဲ စိုက်ပျိုးသော တောင်ယာများမှာ ယခုအခါဝယ်ယူရသည်။ | စီပီပြောင်းကြောင့် တင်ရှိသော ကြွေးမြီကို ဖြေရှင်းရန် အချို့ အိမ်ထောင်စုများ သည် ဘိန်းစိုက်ပျိုး သည်။ အချို့က အိမ်ထောင်စု အတွက် အပိုဝင်ငွေ ရရှိရန် ဘိန်းခင်းများတွင် အလုပ်လုပ်သည်။ | ၂၀၀၆ ခုနှစ်ကတည်းက အိမ်ထောင်စုတိုင်းစီပီပြောင်းစိုက်ကြ သည်။ နှစ်စဉ်အမြတ်အစွန်းလျော့နည်းလျ က်ရှိသည်။ ယခုအခါ ကြွေးမြီအတွက် မြေရောင်းချခြင်းကို ခွင့်မပြုပေ။ အခြားသီးနှံများက အိမ်ထောင်စုစီးပွားရေးကို ထောက်ပံ့ရန် ကူညီသည်။ တရွာလုံး ကျွဲနွားများကို ရောင်းချပြီးဖြစ်သည်။ | ကြွေးမြီပြဿနာများလွန်း သောကြောင့် ၂၀၁၄ ခုနှစ်တွင် စီပီပြောင်းချဲ့ထွင် စိုက်ပျိုးခြင်းမပြုရန် စီစဉ်သည်။ |
| ကျေးရွာ-၄ ဖယ်ခုံမြို့နယ် | ၁) ဘိန်းစိုက်သည်။<br>၂) ချမ်းသာသော အိမ်ထောင်စုများအတွက် စိုက်ခင်းလုပ်သားလုပ်သည်။<br>၃) မည်သည့်ချေးငွေမှမယူ<br>၄) ငွေဖြင့် သွင်းအားစုများ ဝယ်ယူသည်။<br>၅) ရိတ်သိမ်းသီးနှံကို နောက်ကျမှ ရောင်းချ သည်။<br>၆) ဒုတိယမျိုးဆက်မျိုးစေ့များကို စိုက်ပျိုး သည်။<br>၇) ငွေချေးရန် ဒေသခံလူမှုအဖွဲ့အစည်းကို အသုံးပြုသည်။ | အိမ်ထောင်စုအနည်း ငယ်သာ စားနပ်ရိက္ခာ လုံခြုံရေးအတွက် ရုန်းကန်ရသည်။ ဘိန်း စိုက်ခင်းမှ အပိုဝင်ငွေ သည် စီပီပြောင်း စီးပွားရေးလုပ်ငန်း အတွက် ထောက်ပံ့ပေး နိုင်သော ကြောင့်ဖြစ် သည်။ ထိုလိုအပ်ချက် များကို ကူညီပေးရန် စပေါင်း ဆန်စပါး ဘဏ်တစ်ခုရှိသည်။ | ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ဘိန်းစိုက်ပျိုးသော အိမ်ထောင်စုအများစုမှာ စီပီပြောင်းကို အစားထိုး စိုက်ပျိုးကြသည်။ | အိမ်ထောင်စုအားလုံးသည် လွန်ခဲ့သည့် လေးနှစ်ကတည်းက စီပီပြောင်းစိုက်ပျိုးခဲ့သည်။ အိမ်ထောင်စုအများစုမှာ ဘိန်းကို လည်း စိုက်ပျိုးသည်။ စီပီပြောင်း စိုက်ပျိုးခြင်း၏ နောက်ဆက်တွဲ ဆုံးရှုံးစရာများကို ထေမိစေမည့် အပိုဝင်ငွေကို ဘိန်းစိုက်ပျိုးမှု ရရှိသည်။ အိမ်ထောင်စုအများစုတွင် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ ရှိကြသည်။ လူငယ်များအကြားတွင် မီသန်ဖီတမင်းပြဿနာရှိသည်။ | စီပီကုမ္ပဏီကိုယ်စားလှယ် များသည် ရွာသူရွာသား များ စီပီပြောင်း စိုက်ပျိုး လာအောင် ပရိယာယ်သုံး ကြသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးကို ရွာသူရွာသားများအကြိုက် ကိုဦးစားပေးရွေးချယ်ထား သည်။ |
| ကျေးရွာ-၅ ကွတ်ခိုင်မြို့နယ် | ၁) မိုးရာသီတွင်ငွေချေးသည်<br>၂) ပြန်ပေးရမည့် သွင်းအားစုချေး ငွေအတွက် ငွေချေးသည်။<br>၃) ချမ်းသာသော အိမ်ထောင်စုများ သည် ထွက်ကုန်ကို နောက်ကျမှ ရောင်းချသည်။<br>၄) စုပေါင်းရှယ်ယာ အလုပ်သမားရဲ ပုံငွေ | အချို့ စပါးစိုက်ပျိုးဆဲ ဖြစ်သော တောင်ယာ များမှအပ တောင်ယာ စပါးနေရာတွင်စီပီ ပြောင်း စိုက်ပျိုးသဖြင့် အများအပြား ဝယ်ယူရ သည်။ အိမ်ရှိ ဥယျာဉ်မှ | စစ်တပ်၏ ဖိအားသုံးပြီး ကျေးရွာများကို ပိုမိုမြင့် မားသော နေရာများသို့ ရွှေ့ပြောင်းစေခဲ့ကတည်း က ဘိန်းစိုက်ပျိုးခြင်း မ ရှိတော့ပေ။ ဘိန်းစိုက် ခင်းတွင် လုပ်ကိုင်သည် | အိမ်ထောင်စုတိုင်း စီပီပြောင်း စိုက် ပျိုးသည်။ 101 အမေရိကားသည် ဤနေရာတွင် စီပီပြောင်း စိုက်ပျိုး ခြင်းကိုစတင်ခဲ့ ပြီးရွေးချယ်စရာငွေ ချေး စနစ်မထားရှိပဲ ၂၀၁၁ခု နှစ် တွင်ထွက်ခွာခဲ့သည်။ ဆင်းရဲသော အိမ်များသည်လျှပ်စစ်ပစ္စည်းအနည်း | 101 အမေရိကားသည် စီပီ ပြောင်း စိုက်ပျိုး ခြင်းကို စ တင်ခဲ့ပြီး ထွက်ခွာသွား သောအခါ ရွာသူရွာသား များသည် ပွဲစားများကိုလို အပ်လာသည်။ ယခုအခါ မြေယာ ရောင်းချခြင်းကိုမူ |

| | | | | | |
|---|---|---|---|---|---|
| | ၅)ချမ်းသာသော အိမ်ထောင်စုများအတွက် ဆင်းရဲသောအလုပ်သမား<br>၆) တရုတ်နိုင်ငံသို့ သွားရောက်ခြင်း<br>၇) ဝက်၊ကြက်<br>၈) မြေယာရောင်းချခြင်း | ဟင်းသီးဟင်း ရွက်ရရှိသည်။ နောက်ထပ် တောင်ယာ မရှိတော့ခြင်းက အဆိုးဆုံးဖြစ်သည်။ | ဟူ၍လည်း မသိရပေ။ | ငယ်နှင့် ဝါးတဲများ နှင့်နေထိုင်ကြပြီး ချမ်းသာသော အိမ်ထောင်စုများသာ စီပီပြောင်းမ ှအကျိုးအမြတ်ရရှိကြသည်။ | ဝါဒအရဆန့်ကျင်သည်။ အနာဂတ်တွင် ဆင်းရဲသော၊ အလယ်အလတ် ရှိသော အိမ်ထောင်စုများသည် စီပီပြောင်းစိုက်ပျိုးခြင်းကို ရပ်တန့်ပြီး ကြံစိုက်ပျိုးရန် ကန်ထရိုက် လယ်ယာစနစ်ကိုပြုလုပ်မည့် အစီအစဉ်ရှိသည်။ |
| ကျေးရွာ -၆<br>လားရှိုးမြို့နယ် | ၁) ဘလက်နစ်ဂါ (black niger) စိုက်ပျိုး ခြင်း<br>၂) ဘိန်းခင်းများတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ခြင်း<br>၃) ထိုင်းနိုင်ငံသို့ရွှေ့ပြောင်းခြင်း (ပုံမှန်ကဲ့သို့ဖြစ်နေသည်)<br>၄) ဘိန်းမဟုတ်သော အခြားလုပ်ခစား အလုပ်သမား။<br>၅) ပွဲစားများသို့မြေငှားခြင်း<br>၆) ပွဲစားများထံသို့ မြေရောင်းချခြင်း<br>၇) ငွေကြိုတင်ရယူရန် သီးနံများ ကိုကြို တင်ရောင်းချထားခြင်း<br>၈) အမျိုးမျိုးသောငွေချေးယူခြင်း | ယခုတစ်နှစ်လုံးလိုလိုပင် အိမ်ထောင်စု အားလုံးသည် စပါးကို ဝယ်ယူရသည်။ ဝယ်နိုင်ရန်ငွေချေးရခြင်းနှင့် အခြားအရာတို့ လုပ်ဆောင်ရသည်။ | ဘိန်းစိုက်ပျိုးခြင်းမရှိ။ စီပီပြောင်း ကြွေးမြီများကို ပေးဆပ်နိုင်ရန်ဘိန်းခင်းများတွင် အလုပ်သမားအဖြစ်လုပ်ကိုင်သည်။ | အိမ်ထောင်စုအားလုံးစီပီပြောင်းစိုက်ပျိုးခဲ့သည်မှာ ၁၅နှစ်အထက်ကြာခဲ့ပြီဖြစ်သည်။ အလွန်ဆင်းရဲ မွဲတေသော အခြေအနေဖြစ်သည်။ စီပီပြောင်းကြွေးမြီများကို ပေးဆပ်ရန် မြေယာများ ကိုကိုးကန့်တရုတ်တို့ထံ ရောင်းချခဲ့ကြသည်။ ချမ်းသာသော အိမ်ထောင်စုများမှာ ဓလေ့ထုံး တမ်းဥပဒေ အမွေဆက်ခံခွင့်အရ မြေယာများ ရရှိကြသည်။ | အနီးနားရှိကိုးကန့်တရုတ်ကျေးရွာသည် မြေယာဆုံးရှုံးမှုနှင့် ပတ်သက်၍ ကြီးမားသော သက်ရောက်မှုရှိသည်။ ရွာသူရွာသားများမှာမြေ၂ဧကခန့်ရှိ သော်လည်း ကိုးကန့်မြေယာများမှာစိတ်ဝင်စားဖွယ်ကောင်းအောင် အများအပြားရှိသည် |
| ကျေးရွာ-၇<br>လားရှိုးမြို့နယ် | ၁) ချမ်းသာသောအိမ်ထောင်စုများ၏ စီပီပြောင်းစိုက်ခင်းများတွင်လုပ်ခစား အလုပ်သမားအဖြစ်လုပ်ကိုင်ခြင်း<br>၂) သစ်တောထဲမှ ထင်း၊ မီးသွေး ထုတ်လုပ်ခြင်း<br>၃) ဝက်များ၊ကြက် များရောင်းချခြင်း<br>၄) နိုင်ငံရပ်ခြား သို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်း<br>၅) စုပေါင်းရှယ်ယာ အလုပ်သမား ရုံပုံငွေ<br>၆) သီးနှံစက်ရုံများ တွင်အလုပ်လုပ်ခြင်း<br>၇) ချမ်းသာသော အိမ်ထောင်စုများသို့ မြေယာ ရောင်းချခြင်း | စီပီပြောင်းစိုက်ပျိုး ခြင်းကြောင့် တောင်ယာစပါး မရှိတော့ပေ။အိမ်ထောင်စုအားလုံး ဝမ်းစာစပါး ဝယ်ယူရသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ ဆန်တွက် ငွေချေးရသည်။ | ဘိန်းစိုက်ပျိုးခြင်းမရှိ။ (မြေမျက်နှာပြင်နိမ့်ခြင်း၊ စစ်တပ်နှင့်နီးကပ်ခြင်း)၊ ဘိန်းခင်းများတွင်ဝင်ရောက်လုပ်ကိုင်ခြင်း မရှိ။ | မြေယာမဲ့များမှလွဲ၍စီပီပြောင်း စိုက်ပျိုးသည်။ လွန်ခဲ့သည့် ၁ဂနှစ်ကျော် စီပီပြောင်း စတင် စိုက်ပျိုးပြီးနောက် ပွဲစားများကို စတင်အသုံးပြုသည်။ ကြွေးမြီနှင့် မြေယာဆုံးရှုံးမှုပြဿနာကြီးမားသည်။ ကျေးရွာရှိ လူကြီးများသည် ပွဲစားများကိုယ်စားကြွေးမြီများကိုစီမံပေးခြင်းဖြင့် ချမ်းသာလာသည်။ | အဆက်အသွယ်ကောင်းသောအိမ်ထောင်စုများမှာ ချေးငွေများကို စီမံခြင်း၊ စီပီပြောင်း ကြွေးမြီကြောင့် ရောင်းချသော မြေများကို ဝယ်ယူခြင်းတို့ကြောင့် ဓနအင်အားဖြန့်ဝေမှုပိုမိုမမျှတပေ။ အလယ်အလတ် အိမ်ထောင်စုများသည် မြေယာများ ရောင်းချပြီး ပိုမိုဆင်းရဲလာသည်။ မြေယာမဲ့အိမ် |

| | | | | | |
|---|---|---|---|---|---|
| | | | | | ထောင်စုများ ဖြစ်လာသည်။ ကျေးရွာ၏စည်းမျဉ်းအရ မြေယာများကို တစ်ရွာတည်း သားချင်းသာ ရောင်းချနိုင်သည်။ |
| ကျေးရွာ-၈ ကျောက်မဲမြို့ နယ် | ၁) အလုပ်သမား<br>၂) စိုက်ပျိုးချိန်တွင် ချမ်းသာသော အိမ်ထောင်စုများ၏ပြောင်းစိုက်ခင်းများတွင် လုပ်ခစားအလုပ်သမားအဖြစ်လုပ်ကိုင်ခြင်း။<br>၃) သစ်ထုတ်ရေးလုပ်ငန်းတွင်အလုပ်သမားအဖြစ်လုပ်ကိုင်ခြင်း<br>၄) ရွာပြင်ရှိကြံစိုက်ခင်းများ တွင် လုပ်ခစားအလုပ်သမားအဖြစ်လုပ်ကိုင်ခြင်း<br>၅) ကျွဲနွားများရောင်းချခြင်း (တစ် ကောင်မှမကျန်တော့)<br>၆) ကြက်မွေးမြူရောင်းချခြင်း<br>၇) ထိုင်းနိုင်ငံသို့ရွှေ့ပြောင်းလုပ်ကိုင် ခြင်း။<br>၈) ချမ်းသာသော အိမ်ထောင်စုများသို့ မြေယာရောင်းချခြင်း | စပါးစိုက်ပျိုးမှု လုံးဝနီးပါးမရှိတော့သဖြင့် အိမ်ထောင်စုအားလုံး စပါးဝယ်ရသည်။ စီပီပြောင်းထွက်နှုန်း လျော့ကျလာသည်နှင့်အမျှ အမြတ်နည်းလာပြီးစားနပ်ရိက္ခာ ဝယ်ယူရန် ဝင်ငွေနည်း လာသည်။ မိုးရာသီတွင် စားနပ်ရိက္ခာဝယ်ယူရန် ငွေချေးရသည်။ စားနပ်ရိက္ခာလုံခြုံမှု အဆိုးရွားဆုံး ဖြစ်လာသည်။ | ဘိန်းစိုက်ပျိုးမှုမရှိ။ ဘိန်းခင်းများတွင်လုပ်ကိုင်ခြင်းမရှိ။ | မြေယာမဲ့များမှလွဲ၍ အိမ်ထောင်စုအားလုံးစီပီပြောင်းစိုက်ပျိုးသည်။ ၂၀၀၃ခုနှစ်ကတည်းက ကြံအစားစီပီပြောင်း စိုက်ပျိုးသည်။ ကြံမစိုက်မီက ပွဲစားများ နှင့်ဆက်သွယ်ခြင်းမရှိပေ။ ချမ်းသာသော အိမ်ထောင်စုများသည် ကြီးမားသော မြေယာပိုင်ဆိုင်သူများဖြစ်လာသည်။ အလယ်အလတ် အိမ်ထောင်စုများ၏ကြွေးမြီကြောင့်ရောင်းချသောမြေယာများကိုဝယ်ယူပြီး စီပီပြောင်းစိုက်ပျိုးသူများဖြစ်လာသည်။ ပြောင်းကြွေးမြီကြောင့် ကျွဲနွားများအားလုံးရောင်းချရသည်။ ပြောင်းထွက်နှုန်း လျော့ကျလျက်ရှိပြီး ကြွေးမြီမြင့်မားသည်။ အိမ်များမှာ အရည်အသွေး ညံ့ဖျင်းသည်။ | ရှမ်းပွဲစားများသည် ရှမ်းရွာများတွင် စိုက်ပျိုးထွက်ရှိသော သီးနှံများကို ဈေးကွက်ပေါက် ဈေးဖြင့်ဝယ်ယူသည်။ မြေယာကို အပေါင်ပစ္စည်း အဖြစ်အသုံးမပြုပေ။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပေ။ သို့သော် ကြွေးမြီနှင့် မြေယာမဲ့ပြဿနာသည် မြင်သာသော ပြဿနာ ဖြစ်ဆဲဖြစ်သည်။ |